မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

အတွဲ (၅၄) အမှတ် (၁၀၆)

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။

ဆင်းရဲမက္ခာ ချမ်းသာမပစ်သူ မိတ်ဆွေစစ်လေးမျိုး

- ✻ မိမိကိစ္စကို လျှို့ဝှက်မှုမချန်ပြောကြားသူ။
- ✻ မိတ်ဆွေဖြစ်သူ၏ လျှို့ဝှက်သင့်သောကိစ္စကို လျှို့ဝှက်ထားသူ။
- ✻ မိတ်ဆွေဖြစ်သူဘေးအန္တရာယ်ကြုံတွေ့သော် မစွန့်သူ။
- ✻ မိတ်ဆွေ၏အကျိုးငှာ အသက်ကိုစွန့်သူ။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ ကေဒီဒီအိုင် ကော်ပိုရေးရှင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ ကေဒီဒီအိုင် ကော်ပိုရေးရှင်း ဥက္ကဋ္ဌ မစ္စတာ တာကာရှိတာနာကာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးမြတ်ဟိန်း၊ ဒေါက်တာကံဇော်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ကေဒီဒီအိုင်ကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတရှိဟီဂူချီလည်း တက်ရောက်သည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ကေဒီဒီအိုင်ကော်ပိုရေးရှင်းတို့ ဆက်သွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသင်တန်းများဖွင့်လှစ်နိုင်ရေး၊ ဆက်သွယ်ရေးကွန်ရက်၊ ဈေးကွက်နှင့်ဘဏ္ဍာရေးလုပ်ငန်းများအဆင့်မြှင့်တင်နိုင်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများတွင် စီးပွားရေးအကျိုးအမြတ်ရရှိစေရေးနှင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံကေဒီဒီအိုင်ကော်ပိုရေးရှင်းဥက္ကဋ္ဌ မစ္စတာ တာကာရှိတာနာကာအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ယနေ့ မာတိကာ

အိုဘားမားနှင့် နေတန်ယာဟုတို့ အီရန်နျူကလီးယား အရေးဆွေးနွေး စာမျက်နှာ » ၄

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက် သတ်မှတ်ချက်များ ထုတ်ပြန်ကြေညာ စာမျက်နှာ » ၁၁

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု စီရော်နယ်ဒိုဆွတ်ခူး စာမျက်နှာ » ၁၃

ရန်ကုန်-ပဲခူး-မန္တလေးပြည်ထောင်စုလမ်းမကြီး လေးလမ်းသွားအဆင့်မြှင့်တင်

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်-ပဲခူး-မန္တလေး ပြည်ထောင်စုလမ်းမကြီးသည် ရန်ကုန်မှ မန္တလေးအထိ ၄၃၅ မိုင်ရှိသည်။ ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဖောက်လုပ်ထားသော အရှေ့၊ အနောက်၊ တောင်၊ မြောက် လမ်းမကြီးများအနက်မှ တောင်မြောက် အဝေးပြေးလမ်းမကြီး တစ်လမ်းဖြစ်ပြီး အာရှလမ်းမကြီးအဖွဲ့ဝင်အမှတ် AH-1 လည်း ဖြစ်သည်။

ထို ရန်ကုန်-ပဲခူး-မန္တလေး ပြည်ထောင်စု အဝေးပြေးလမ်းမကြီးကို *စာမျက်နှာ ၄ ကော်လံ ၅* ✻

"သင့်အနာဂတ်လုံခြုံစိတ်ချဖို့ Future Auto မှာ ကား ဝယ် စို့"

- ✣ အမြတ်ကို ပဓာနမထား အရည်အသွေးနှင့် ရောင်းအားကိုသာ အဓိကထားသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
- ✣ ကားများကို နိုင်ငံတကာအဆင့်မီ (၆)လအာမခံပစ္စည်းနှင့် လက်ခဖိုးအခမဲ့ ပြင်ဆင်ပေးသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
- ✣ အရည်အသွေးမြင့်ကားအရေအတွက် အများဆုံး ဝန်ဆောင်မှုအကောင်းဆုံး ကားအရောင်းပြခန်း။

Show Room(1) - အမှတ်(၁၄၀)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းဓါးပွိုင့်အနီး၊ ဗဟန်းမြို့နယ်။ Ph: 01-400785, 09-254342575, 09-5147128
Show Room(2) - သစ္စာလမ်းမကြီး၊ ဗဟိုဈေးမှတ်တိုင်အနီး၊ တောင်ဥက္ကလာပမြို့နယ်။ Ph: 09-254346475, 01-8500492
Show Room(3) - အမှတ်(၂၂၆၊ ဘီ)၊ အင်းစိန်လမ်းမကြီး၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။ (ဘာတာမှတ်တိုင်နှင့်အုတ်ကျင်းမှတ်တိုင်ကြား)။ Ph: 09-254342979
Show Room(4) - Mandalay အမှတ်(၄၁၃)၊ (၆၂)လမ်း၊ (၃၅ × ၃၆)လမ်းကြား၊ မန္တလေးမြို့။ Ph: 09-795594006, 09-795594008

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကချင်ပြည်နယ် ဖွံ့ဖြိုးလာမည်

ကချင်ပြည်နယ်သည် လွန်ခဲ့သည့်နှစ်များအတွင်း ဒေသအချို့၌ တည်ငြိမ်မှုကင်းမဲ့ခဲ့ရသော်လည်း ယခုအခါ တည်ငြိမ်သောဒေသတစ်ခုအဖြစ် တိုးတက်ပြောင်းလဲလာလျက်ရှိပါသည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ကို မကြာမီ လက်မှတ်ရေးထိုးနိုင်ရန် ကြိုးပမ်းလျက်ရှိသည့်နည်းတူ ကချင်ပြည်နယ်သည်လည်း တည်ငြိမ်အေးချမ်းသော ဒေသတစ်ခုအဖြစ်သို့ တိုးတက်ပြောင်းလဲလျက်ရှိပါသည်။

ထို့ကြောင့်လည်း (၆၇)နှစ်မြောက်ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲတော်သို့တက်ရောက်ခဲ့သော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယခုဆိုလျှင် ကချင်ပြည်နယ်အတွင်းရှိ မြို့ကြီးများတွင် လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း၊ ယခုလိုရရှိအောင် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့အနေဖြင့် ကြိုးစားဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် လက်ကိုင်တယ်လီဖုန်းများလည်း လူတိုင်းနီးပါးသုံးစွဲနိုင်ပြီဖြစ်၍ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကို အချိန်နှင့်တစ်ပြေးညီ သိရှိပြောဆိုနိုင်ကြပြီဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် တူညီမှုများစွာရှိသကဲ့သို့ မတူကွဲပြားမှုအချို့ရှိသည်ကိုလည်း လက်ခံနားလည်ရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် အသာစီးရလိုမှုနှင့် အမြတ်ထုတ်လိုမှု လုံးဝမရှိပါကြောင်း၊ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေလိုခြင်းသာ အဓိကဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို တိုင်းရင်းသားပြည်သူအားလုံးနှင့်အတူ ညီမျှစွာခံစားရရှိစေလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

မှန်ပါသည်။ ကချင်ပြည်နယ်သည် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်သည့် ဒေသတစ်ခုသို့ ရောက်ရှိလာတော့မည်ဖြစ်ပါသည်။ ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ တွင်းထွက်ရတနာများနှင့် ကျွန်းသစ်များထွက်ရှိသော ဒေသဖြစ်သည့်အပြင် စိုက်ပျိုးရေးလည်း အထူးကောင်းမွန်သောဒေသဖြစ်ပါသည်။

ယခုကဲ့သို့ နိုင်ငံတော်က မြို့ကြီးတိုင်းတွင် လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးနိုင်သည့်အလျောက် လျှပ်စစ်ဓာတ်အားကို အခြေခံသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ပါသည်။ လူသားအရင်းအမြစ်များစွာ မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်ကြီးများလည်း တည်ရှိနေသော ပြည်နယ်လည်းဖြစ်ပါသည်။ အထူးသဖြင့် ကချင်ပြည်နယ်သည် နယ်စပ်ကုန်သွယ်ရေးကောင်းမွန်သော ဒေသတစ်ခုဖြစ်ပါသည်။ ထိုအခြေအနေကောင်းများ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန် တည်ငြိမ်အေးချမ်းမှုသည် ပဓာနအကျဆုံးဖြစ်ပါသည်။ ထာဝရတည်ငြိမ်အေးချမ်းမှု တည်ဆောက်လျက်ရှိရာ မဝေးတော့သည့်အနာဂတ်တွင် အပြီးတိုင်ငြိမ်းချမ်းသော ဒေသတစ်ခုအဖြစ်သို့ ရောက်ရှိလာတော့မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးတိုးတက်လာသည်နှင့်အမျှ ၅၁ သန်းသော ပြည်သူများ၏ ဆန္ဒနှင့်အညီ ကချင်ပြည်နယ်ကြီး တည်ငြိမ်အေးချမ်းပြီး ရရှိထားသော ဖွံ့ဖြိုးရေးအခြေခံကောင်းများပေါ်တွင် ဆက်လက်တိုးတက်လာတော့မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

(၆၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲ လွိုင်ကော်မြို့၌ ကျင်းပ

လွိုင်ကော် ဇန်နဝါရီ ၁၃

(၆၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲနှင့် သရုပ်ပြပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက လွိုင်ကော်မြို့ နောင်ယားကန်သာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အင်းသားလူမှုကူညီရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရိုးရာယဉ်ကျေးမှုသရုပ်ပြအစီအစဉ်၌ ရှေ့ဆုံးတွင် ပြည်ထောင်စုတိုင်းရင်းသားများ အေးအတူပူအမျှ တစ်လှေတည်းစီး တစ်ခရီးတည်းသွား စုပေါင်းညီညာစွာ အတူလက်တွဲ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ချီတက်ကြရန် ရည်ရွယ်၍ ပြည်ထောင်စုလှေကိုလည်းကောင်း၊ ၎င်းနောက်မှ ကယားမျိုးနွယ်စုလှေ၊ ကယားတီးဝိုင်းလှေ၊ ၎င်းနောက်မှ အင်းလေးဒေသ၏ ရိုးရာအစဉ်အလာအတိုင်း ဘုရားသို့ဆွမ်းတော်၊ ပန်းတော်များ ဆက်ကပ်လှူဒါန်းရန်သွားသော ဆွမ်းတော်ပန်းတော်လှေ၊ ဆွမ်းအုပ်ပို့လှေ၊ ရှင်လောင်းလှေ၊ ခနုတီးဝိုင်းလှေ၊ ကျောင်းသွားလှေ၊ ငါးဖမ်းလှေ၊ ဈေးသွားလှေများဖြင့် စီတန်း၍ နောင်ယားကန်သာအတွင်း လှည့်လည်သရုပ်ပြသကြသည်။ ထို့နောက် အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲများ ကျင်းပနေစဉ် ဒေသခံတိုင်းရင်းသားတို့၏ တေးဂီတဖျော်ဖြေပွဲများ၊ အင်းသားရိုးရာရေပေါ် အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နောင်ယားကန်သာအတွင်း ကျင်းပလျက်ရှိသော (၆၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ငါးမျှားပြိုင်ပွဲ၊ ဝါးလုံးလမ်းလျှောက်ပြိုင်ပွဲများနှင့် လှေလှော်ပြိုင်ပွဲများသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဆုရရှိကြသည့် ပြိုင်ပွဲဝင်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

လယ်ဝေး၌ ကျောက်ကျောင်းစုအလကအဆင့်တိုးမြှင့်

လယ်ဝေး ဇန်နဝါရီ ၁၃

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကျောက်ကျောင်းစုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေနှင့် ဦးဖုန်းဇော်ဟန်တို့က အမှာစကားများပြောကြား၍ နေပြည်တော်ပညာရေးညွှန်ကြားရေးမှူး ဦးစိုးဝင်းက ပညာရေးဆိုင်ရာကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။

“အခုလို အလယ်တန်းကျောင်းဖွင့်လိုက်တော့ ကျောင်းသားမိဘတွေလည်း ငွေကုန်သက်သာ၊ ကလေးတွေကိုလည်း ပညာရေးဆက်ပြီးထားနိုင်သွားတာပေါ့၊ အရင်က မြို့မှာပဲသွားထားရတော့ တချို့လည်းရှေ့ဆက်မတက်နိုင်တော့ဘူး၊ ကလေးတွေပညာရေးအတွက် အများကြီးကောင်းသွားလို့ ကျေးဇူးတင်ပါတယ်” ဟု ကျောင်းသားမိဘတစ်ဦးက ပြောကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေသည် ပေတုန်းမျှောင်ကျေးရွာ ဓမ္မာရုံ၌ ပေတုန်းမျှောင် ကျေးရွာအုပ်စုအတွင်းရှိ ဆည်ကြီး၊ ရွှေကျောင်းကုန်း၊ ကန်ဦး၊ ကုန်းပေါ်စု စသည့်ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ ကျောင်းအဆင့်တိုးမြှင့်ရေးနှင့် လျှပ်စစ်မီးရရှိရေး လုပ်ငန်းများအား ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုကိုရှုပ**

ပြည်တွင်းသတင်း

အမှန်တကယ်စိုက်ပျိုးထားသည့် စိုက်ပျိုးမြေများ တောင်သူလယ်သမားများလုပ်ကိုင်ခွင့်ရရှိရေး အရေးကြီးတာဝန်တစ်ရပ်အဖြစ်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၃

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။ (ယာပုံ)

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်ကောင်စီ၊ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်၊ ဗဟိုသမဝါယမအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတဦးညဏ်ထွန်းက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ အများစုသော ကျေးလက်နေပြည်သူများဖြစ်သည့် တောင်သူလယ်သမားဘဝမြှင့်တင်ရေးကို မိမိတို့အစိုးရအနေဖြင့် ဦးစားပေးလုပ်ငန်းအဖြစ်သတ်မှတ်ပြီး တောင်သူလယ်သမားများ၏ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုသာမက ကျေးလက်အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းအဆင့်ဆင့်ဖြင့် အလေးထားအကောင်အထည်ဖော်ပေးလျက်ရှိပါကြောင်း။ လုပ်ငန်းပမာဏ ကြီးမားသည့်အတွက် ရေတို၊ ရေရှည်အစီအမံများနှင့် နှစ်အလိုက်အချိန်ယူကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ခိုင်မာသောဥပဒေ ကျောထောက်နောက်ခံရနိုင်ရန်အတွက် လိုအပ်သည့်ဥပဒေမူဘောင်များ ချမှတ်ပြဋ္ဌာန်းပေးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၃) နှင့်အညီ ပြဋ္ဌာန်းထုတ်ပြန်ထားသည့် "တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ" သည် အဓိကကျပါကြောင်း။

ယင်းဥပဒေ၏ ရည်ရွယ်ချက် (၅)ရပ်မှာ တောင်သူလယ်သမားများ အရင်းအနှီးရရှိရေးအတွက် သင့်တင့်သည့် ချေးငွေအကူအညီများပေး၍ အထောက်အကူပြုရန်၊ ထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာများကို လွယ်ကူအဆင်ပြေစွာ ပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးတို့အတွက် တောင်သူလယ်သမားများအား ကူညီဆောင်ရွက်ရန်၊ လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို ထိရောက်စွာ ဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြု ပံ့ပိုးပေးရန်တို့ ဖြစ်ပါကြောင်း။

အဆိုပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ဦးဆောင်အဖွဲ့နှင့် နည်းဥပဒေရေးဆွဲရေးကော်မတီတို့သည် လယ်ယာကဏ္ဍဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ဥပဒေပညာရှင်များ၊ ဆက်စပ်သည့် ဌာနဆိုင်ရာပုဂ္ဂိုလ်များပါဝင်သည့် အစည်းအဝေးများ အကြိမ်ကြိမ်ကျင်းပခဲ့ပြီး နည်းဥပဒေ ရေးဆွဲခဲ့ပါကြောင်း။ နည်းဥပဒေရေးဆွဲရာတွင် မူလပြဋ္ဌာန်းထားသည့်ဥပဒေနှင့် ညီညွတ်ရန်လိုအပ်သကဲ့သို့ မူလပြဋ္ဌာန်းထားသည့် ဥပဒေကိုလည်း ကျော်လွန်၍မရပါကြောင်း။ ထို့အပြင် နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထု နားလည်သဘောပေါက် လိုက်နာကျင့်သုံးနိုင်ရန် ရေရှည်တည်တံ့ခိုင်မြဲပြီး ပျော့ကွက် ဟာကွက်များ ကင်းစင်၍ ထုတ်ပြန်ထားပြီးဖြစ်သည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်လည်း ညီညွတ်ပြည့်စုံရန် လိုအပ်ပါကြောင်း။ တက်ရောက်လာကြသူများအနေဖြင့် လိုအပ်သည့် အကြံဉာဏ်များပေးသွားကြရန်ဖြစ်ပါကြောင်း။

ဦးဆောင်အဖွဲ့ အနေဖြင့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ အခန်း ၃၊ ပုဒ်မ ၅ ပါ လုပ်ငန်းတာဝန်များဖြစ်သည့် တောင်သူလယ်သမားများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေသည့် သီးနှံများကို လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ခြင်း၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံပုံစံမှန်ကန်စွာ ရွေးချယ်စိုက်ပျိုးနိုင်ရန်ပညာပေးခြင်း၊ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်သည့်အချိန်၌ ချေးငွေနှင့် အကူအညီများ စီစဉ်ဆောင်ရွက်ပေးခြင်း စသည့် လုပ်ငန်းတာဝန်(၁၃)ချက်ကို နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဥပဒေ၏ရည်ရွယ်ချက်ကို အောင်မြင်ပြီးမြောက်စေနိုင်မည်ဖြစ်ပါကြောင်း။ ယနေ့ဆွေးနွေးသည့် ဥပဒေနှင့် ဆက်စပ်နေသော ပြဋ္ဌာန်းပြီးဖြစ်သည့် လယ်ယာမြေဥပဒေ၊ အခန်း(၁၀)၊ ပုဒ်မ (၂၈)၊ (၂၉)၊ (၃၀)၊ (၃၁) တို့နှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော လယ်ယာမြေများကို အခြားနည်းဖြင့် အသုံးပြုရာတွင် လိုက်နာရမည့်လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များကို ဂရုပြု ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။ တောင်သူလယ်သမားများ အမှန်တကယ် စိုက်ပျိုးနေသည့် လယ်ယာမြေအချို့သည် စာရင်းအရ သစ်တောမြေ၊ စားကျက်မြေများဖြစ်သည့်အတွက် နစ်နာဆုံးရှုံးမှုများ ရှိနေသည်ဟု ကြားသိနေရပါကြောင်း။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ဝန်ကြီးဌာနများအနေဖြင့် အမှန်တကယ် စိုက်ပျိုးထားရှိသည့် စိုက်ပျိုးမြေများကို တောင်သူလယ်သမားများ အမြန်တရားဝင် လုပ်ကိုင်စိုက်ပျိုးခွင့်ရရှိရေးလုပ်ငန်းကို အဓိကအရေးကြီးတာဝန်တစ်ရပ်အနေဖြင့် အောက်ခြေတွင် ပြီးပြတ်သည်အထိ မျက်ခြည်မပြတ် ဆောင်ရွက်ပေးကြရန်လည်း တိုက်တွန်းလိုပါကြောင်း။

အမှန်တကယ် စိုက်ပျိုးပြီး မြေများကို တရားဝင်လုပ်ကိုင် အသုံးပြုခွင့် ပုံစံ(၇) ခွင့်ပြုထုတ်ပေးခြင်းအားဖြင့် တောင်သူလယ်သမားများအတွက် စိုက်ပျိုးသီးနှံအလိုက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ယူခွင့်ရရှိနိုင်မည်သာမက ဥပဒေကြောင်းအရ ခံစားခွင့်များကိုလည်း ရရှိခံစားနိုင်ကြမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြေပြင်တွင် လက်တွေ့ အကောင်အထည်ဖော်နေကြသော တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ လယ်ယာကဏ္ဍနှင့် တိုက်ရိုက်ဆက်စပ်ဆက်နွယ်နေကြသည့် ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ဆောင်ရွက်ကြရမည့် အသင်းအဖွဲ့များအားလုံး ယခုထက်ပိုမို၍ နီးနီးကပ်ကပ် လက်တွဲပူးပေါင်းအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်းဖြင့် မှာကြားသည်။

ထို့နောက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့သည်။ **(သတင်းစဉ်)**

မိုးညိုမြို့နယ်၌ အစေ့ထုတ်ပြောင်း အောင်မြင်ဖြစ်ထွန်း

မိုးညို ဇန်နဝါရီ ၁၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ပေါက်ကုန်းအုပ်စု၊ ဇောဓိကုန်းရွာ၊ ကွင်းအမှတ် (၅၈)ရှိ တောင်သူကြီး ဦးသောင်းရင် စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်း စံပြစိုက်ခင်းနှင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် အစေ့ထုတ်ပြောင်း စိုက်ခင်းများအား ကြည့်ရှုသည်။

မြို့နယ်ဦးစီးမှူး ဦးရွှေအိုးက အစေ့ထုတ်ပြောင်း စိုက်ပျိုးမှုတွင် အနိမ့်ဆုံး တစ်ဧကလျှင် ၆၅ တင်းမှ အမြင့်ဆုံးတင်း ၁၀၀ ထွက်ရှိနေကြောင်း၊ မြို့နယ်၏အစေ့ထုတ်ပြောင်း ပျမ်းမျှအထွက်နှုန်းမှာ ၇၆ တင်းရှိကြောင်း၊ ဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်လျှင် တောင်သူများစီးပွားရေးတွက်ခြေကိုက်သည့် သီးနှံဖြစ်ကြောင်း၊ ယခုနှစ်မိုးညိုမြို့နယ်တွင် (CP-၈၈၈) မျိုးနှင့် (CP-၈၀၁) မျိုးများ စိုက်ပျိုးကြပြီး အစေ့ထုတ်ပြောင်းစိုက်ပျိုးရာ၌ ခေတ်မီသိပ္ပံနည်းကျ (G-A-P) စနစ်ဖြင့် စိုက်ပျိုးကြကြောင်း ရှင်းလင်းပြောကြားသည်။

ခင်လတ်(မိုးညို)

နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန် အခွန်ပေး

ပြည်တွင်းနှင့်နိုင်ငံတကာသတင်း

အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ထိရောက်စွာကာကွယ်နိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေမှုများဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၃

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အခြေစိုက် ဖွံ့ဖြိုးဆဲနိုင်ငံများ ဗဟိုဌာန(South Centre)၏ Executive Director Mr. Martin Khorဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ ညနေ ၄ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါ်လှဲလှဲသိန်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် (South Centre) ၏ Executive Director Mr. Martin Khor ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲမှုများ၊ မြန်မာ-ဆွစ်ဇာလန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် LDC နိုင်ငံများစာရင်းမှ ကျော်လွှားနိုင်ရေး မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ထိရောက်စွာကာကွယ်နိုင်ရန်အတွက် ဥပဒေပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် South Centre ကိုယ်စားလှယ်အဖွဲ့မှ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဓိကကြုံတွေ့ရသည့်စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် နည်းလမ်းများ၊ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ကုန်သွယ်မှုရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များ၏ အကျိုးသက်ရောက်မှုများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် South -South Cooperation ၏ အရေးပါမှုများ၊ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သဘောတူညီချက်စာချုပ်များနှင့် အကောင်အထည်ဖော်မှုအတွေ့အကြုံနှင့် စိန်ခေါ်မှုများကို ဆွေးနွေးခဲ့ကြသည်။

South Centre သည် ဖွံ့ဖြိုးဆဲနိုင်ငံများက စုပေါင်းတည်ထောင်ထားသော Think Tank အဖွဲ့တစ်ခုဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ အထူးသဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် အခြားကဏ္ဍများအတွက် ကျွမ်းကျင်မှုဆိုင်ရာအကူအညီများ၊ အကြံဉာဏ်များပေးခြင်းကို ဆောင်ရွက်လျက်ရှိပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ဗဟိုဌာန South Centre တို့ပူးပေါင်း၍ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဏ္ဍာရေးတည်ငြိမ်မှုဆိုင်ရာ စီမံကိန်းရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်များ (Taking Global and Regional Agreements into account when Planning for National Economic Development and Financial Stability)အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက်တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာဥပဒေနှင့် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေတို့သည် အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများနှင့် ကိုက်ညီမှုရှိ

နေပြည်တော် ဇန်နဝါရီ ၁၃

ယနေ့မွန်းလွဲ ၁ နာရီတွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုရှေ့နေချုပ်က လူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်များအနက် ကျန်ရှိနေသော စာချုပ်များတွင် ပါဝင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများက စီမံဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဥပဒေကြောင်းအရ သဘောထားမှတ်ချက်များ ပေးပြီးဖြစ်ပါကြောင်း၊ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်း၍ ဥပဒေမူကြမ်းသည် လွတ်လပ်စွာ ဘာသာကိုးကွယ်မှုကို အားပေးပါကြောင်း၊ ဥပဒေကြောင်းအရ ဥပဒေ၏အနှစ်သာရနှင့် ဥပဒေ၏ဝေါဟာရ (Spirit of Law နှင့် Letters of Law) တို့ကို သေချာစွာ လေ့လာသင့်ကြောင်း၊ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေသည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို အလေးထားပါကြောင်း၊ သို့ဖြစ်၍ အဆိုပါဥပဒေနှစ်ခုစလုံးသည် အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများနှင့် ကိုက်ညီမှုရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး နှစ်ဖက်ဥပဒေရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ပြီး တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်နှင့်အတူ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် ရုံးမှတာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ *ရွှေဖုံးမှ*

၂၀၀၁ ခုနှစ်မှစ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီခုနစ်ခုကို BOT စနစ်ဖြင့် စာချုပ်ချုပ်ဆို၍ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ရာ နှစ်လမ်းသွား ကတ္တရာလမ်းအဖြစ် ရန်ကုန်မှ မန္တလေးအထိ တစ်ဆက်တည်းရှိနေပြီဖြစ်သည်။

ယခုအခါ ဆက်လက်၍ထိုအဝေးပြေးလမ်းမကြီးကိုပင် နှစ်လမ်းသွားမှ လေးလမ်းသွား အဝေးပြေးကတ္တရာလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက BOT စနစ်ဖြင့် မူလတာဝန်ယူဆောင်ရွက်နေကြသော ပြည်တွင်းကုမ္ပဏီများကို ဆက်လက်၍ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစပြီး နှစ်နှစ်စီမံကိန်းဖြင့် ၂၀၁၆ ခုနှစ်အတွင်း အပြီးဆောင်ရွက်ပေးရန် စာချုပ်များ ထပ်မံချုပ်ဆိုကာ လုပ်ငန်းအပ်နှံထားသည်ဟု သိရသည်။

ယင်းတို့ တာဝန်ယူထားသော ညောင်လေးပင်မှ ကျောက်တံခါး-ပဲနွယ်ကုန်း-ကညွတ်ကွင်း-ဖြူး-ဇေယျာဝတီမြို့အထိ ၄၈ မိုင်ရှိရာ ကတ္တရာလေးလမ်းသွား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းကို ညောင်လေးပင်မြို့တွင်း၊ ကျောက်တံခါးမြို့တွင်း၊ ဖြူးမြို့တွင်းနှင့် ဇေယျာဝတီမြို့တွင်းလမ်းတို့၌ ဆောင်ရွက်ပြီးဖြစ်သလို ကျန်အပိုင်းများ၌ ပေ ၃၀ ချဲ့ကာ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၁၂ မိုင်ဆောင်ရွက်ပြီးဖြစ်၍ ၄၈ ပေ လမ်းအကျယ်ချဲ့ခြင်း၊ AC ခင်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြောင်းကို ဟိုက်စတားကုမ္ပဏီမှ လမ်းစီမံကိန်းမန်နေဂျာ ဦးရဲထွဋ်သန်းနှင့် စီမံကိန်းအင်ဂျင်နီယာ မဇာခြည်ဝင်းတို့က ပြောသည်။

လုပ်ငန်းခွင်များတွင် စက်ကြီးများဖြင့် ပေ ၃၀ ကတ္တရာလမ်း၏ လမ်းနှစ်ဖက်ဝဲယာတို့၌ လမ်းချဲ့နေသကဲ့သို့ ချဲ့ပြီးသော နေရာများတွင် ကျောက်ခင်းခြင်း၊ စက်ကြိတ်ခြင်းနှင့် တချို့နေရာများတွင် AC ခင်းခြင်း ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လမ်းပိုင်းတွင် တံတားပေါင်း ၁၀၂ စင်းပါရှိရာ ၄၆၈ ပေရှိ ဖြူးချောင်းတံတားနှင့် ပေ ၃၀၀ ရှိ ကွန်းချောင်းတံတားတို့ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့များက ဆောက်လုပ်ပေးခဲ့ပြီး ကျန်ရှိသည့် ရေပေါက်တံတားများကို လေးလမ်းသွား အဝေးပြေးလမ်းမကြီးနှင့် လိုက်လျောညီထွေဖြစ်စေရန် ဟိုက်စတားကုမ္ပဏီက ပြန်လည်တည်ဆောက်ခဲ့သည်ဟု သိရသည်။

သို့ဖြစ်၍ ရန်ကုန်-ပဲခူး-မန္တလေး ပြည်ထောင်စုအဝေးပြေးလမ်းမကြီးသည် မဝေးတော့သောကာလ၌ ကတ္တရာ လေးလမ်းသွားလမ်းမကြီး တစ်လမ်းအဖြစ် ရောက်ရှိလာပေဦးတော့မည်ဖြစ်သည်။

သတင်း-ခရမ်းစိုးမြင့်
ဓာတ်ပုံ-ကျော်မိုးလွင်

မှုခင်းဖော်ထုတ်ဆောင်ရွက်မှု သတင်းစာရှင်းလင်း

စစ်ကိုင်း ဇန်နဝါရီ ၁၃

စစ်ကိုင်းမြို့၌ ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက ကျောက်စိမ်းပုတီးလုပ်ငန်း လုပ်ကိုင်သူ၏နေအိမ်မှ အိမ်အကူဖြစ်သူ ဒေါ်နှင်းနွယ်(ခ) ဒေါ်နှင်း(၅၄ နှစ်)ကို တုတ်နှင့်ရိုက်၊ ဓားဖြင့်ခုတ်သတ်ပြီး ငွေကျပ် ၃၂၁၉ သိန်းတန်ဖိုးရှိ ကျောက်စိမ်းပုတီးစေ့ကို ယူဆောင်သွားသော တရားခံတစ်ဦးဖြစ်သည့် ဝေယံမင်းသူ(ခ) ဝေယံမိုးကို ဖမ်းဆီးရမိရေးနှင့်ပတ်သက်၍ မှုခင်းဖော်ထုတ်မှု ဆောင်ရွက်ချက်အား သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းမြို့ ရဲတပ်ဖွဲ့ရဲရင့်ရိပ်သာ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးသန်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဉာဏ်သောင်းက မှုခင်းပေါ်ပေါက်အောင် ဖော်ထုတ်မှုအဆင့်ဆင့်ကို ရှင်းလင်းသည်။ ထို့နောက် အမှုစစ်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဝင်းက အမှုကို စစ်ဆေးနေဆဲ အခြေအနေများနှင့် ဖမ်းမိတရားခံ ဝေယံမင်းသူ(ခ) ဝေယံမိုးနှင့်အတူ ပြစ်မှုကျူးလွန်ပြီး ၎င်း၏ဇနီးအား ခေါ်ဆောင်၍ ထွက်ပြေးတိမ်းရှောင်နေသော ကိုကိုတိုး(ခ)တိုးကိုနှင့် ဇနီးဖြစ်သူ မကေသွယ်မိုး(ခ)မိုတို(ခ)မီးငယ်တို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိရေးဆောင်ရွက်နေမှုများကို ရှင်းလင်းပြီး ပြည်သူများကလည်း ထွက်ပြေးတရားခံဖမ်းမိရေး အကူအညီပေးကြရန် မေတ္တာရပ်ခံသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့တက်ရောက်လာကြသည့်မီဒီယာများ၏မေးမြန်းချက်ကို မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြန်လည်ဖြေကြားသည်။ ဆက်လက်၍ စစ်ကိုင်းမြို့ မြို့မိမြို့ဖအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းက ငွေကျပ်သုံးသိန်းတန်ဖိုးရှိ Samsung Hand set (Simcard) ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ရဲတပ်ဖွဲ့မှူးက လက်ခံယူသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

နိုင်ငံတကာသတင်းများ

အဲအေးရှား၏အသံမှတ်တမ်း ရှာဖွေတွေ့ရှိ

ဂျကာတာ ဇန်နဝါရီ ၁၃

ဂျာဗားပင်လယ်အတွင်း ပျက်ကျလေယာဉ် အဲအေးရှား ရှာဖွေမှု၌ အသံမှတ်တမ်းတင်စက်ကို ရေငုပ်သမားများက ရှာတွေ့ခဲ့ပြီဖြစ်ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောသည်။ လေယာဉ်ပျံ သန်းမှုမှတ်တမ်းတင်စက်ကို တွေ့ရှိခဲ့ပြီးနောက် ယင်းအသံမှတ်တမ်းကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ လူ ၁၆၂ ဦးပါ အဲအေးရှားလေယာဉ် QZ 8501 သည် အင်ဒိုနီးရှားနှင့် စင်ကာပူ အကြား၌ ဒီဇင်ဘာ ၂၈ ရက်က ဆက်သွယ်မှုပြတ်တောက်ကာ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေယာဉ်ပျံသန်းမှု မှတ်တမ်းတင်စက်နှင့် အသံမှတ်တမ်းတင်စက်တို့သည် အဲအာရှ မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည်ကို စုံစမ်းရှာဖွေနေသူများအား ပြောပြနိုင်မည်ဖြစ်သည်။

ယခုအချိန်အထိ အလောင်း ၄၈ လောင်းကို ပြန်လည်ရရှိခဲ့ပြီး အများစုမှာ လေယာဉ်ကိုယ်ထည်အတွင်း၌ ရှိနေနိုင်ကြောင်း ယူဆကြသည်။ လွန်ခဲ့သောရက်သတ္တပတ်က လေယာဉ်အမြီးပိုင်း ရှာဖွေတွေ့ရှိခဲ့သည့်နေရာမှာ ဒသမ၅ကီလိုမီတာခန့်တွင် လေယာဉ်ကိုယ်ထည်ကို ရေငုပ်သမားက ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ယင်းကို ငုပ်ယူပြီးပြန်လည်ယူဆောင်ရန် အစီအစဉ်မရှိသေးကြောင်း အင်ဒိုနီးရှားနိုင်ငံ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးအေဂျင်စီက ဘီဘီစီသို့ ပြောခဲ့သည်။ **(ဘီဘီစီ)**

အိုဘားမားနှင့် နေတန်ယာဟုတို့ အီရန်နျူကလီးယားအရေးဆွေးနွေး

ဝါရှင်တန် ဇန်နဝါရီ ၁၃

အမေရိကန်သမ္မတ အိုဘားမားသည်အီရန်တို့နျူကလီးယားလက်နက်ပိုင်ဆိုင်နိုင်ရေးမှ တားမြစ်မည်ဟူသော ဝါရှင်တန် ကတိကဝတ်အပေါ် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု အနေဖြင့် စိုးရိမ်ကြောင့်ကြမှု မရှိရန် ပြောကြားခဲ့သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက အီရန်နျူကလီယားအရေးဆွေးနွေးမှုကို အရှိန်မြှင့်စေလိုကြောင်း ၎င်း၏ သဘောထားကို ထုတ်ဖော်ပြောပြီးနောက် သမ္မတက ယင်းကဲ့သို့ ဆွေးနွေးခဲ့သည်။

သမ္မတအိုဘားမားက အီရန်နှင့် နျူကလီးယားအရေးဆွေးနွေးမှုသည် အီရန်နျူကလီးယားလက်နက်မရရှိရေးနှင့် အီရန်အနေဖြင့် ၎င်း၏ နျူကလီးယားစမ်းသပ်မှုသည် ငြိမ်းချမ်းရေးသဘောဆောင်သောစမ်းသပ်မှုဖြစ်သည်ဟု နိုင်ငံတကာအဖွဲ့အစည်းများသို့ အတိအလင်းအာမခံမှုပေးရန် တောင်းဆိုရာ၌ အတော်အတန်ခရီးရောက်လျက်ရှိသည်ဟု ထပ်လောင်းပြောဆိုခဲ့သည်ဟု အိမ်ဖြူတော်မှ သိရသည်။

အီရန်နှင့် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံဖြစ်သည့် ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှားနှင့် အမေရိကန်နိုင်ငံများအကြား ဆွေးနွေးခဲ့သည်များအရ နှစ်ဦးသဘောတူညီမှုပြုလုပ်ရန် အစီအစဉ်ချမှတ်ခဲ့သည်။ အနောက်နိုင်ငံများ စီးပွားရေး စီးပွားရေးပိတ်ဆို့မှုများလျှော့ချပါက တီဟီရန်က ၎င်း၏ နျူကလီးယား အစီအစဉ်ကို ရပ်ဆိုင်းလိုက်မည်ဆိုသော သဘောတူညီချက် ယနေ့တိုင်မရရှိကြသေးပေ။ **(ဆင်ဟွာ)**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီ ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၃

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီနှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်လည်းကောင်း **(အောက်ပုံ)**၊ နံနက် ၁၀ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်နှင့်လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးစိုးသိန်းနှင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် သမ္မတရုံးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်လည်းကောင်း၊ ညနေ ၄ နာရီ တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်နှင့် လည်း ကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံက ဆောင်ရွက်နေသည့် လူ့အခွင့် အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေး ဆိုင်ရာကိစ္စရပ်များ၊ လူ့အခွင့်အရေး ဆိုင်ရာ အဓိကစာချုပ်များအနက် ကျန်ရှိသည့်စာချုပ်များနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပဲခူးတိုင်းအတွင်းရှိ ရန်ကုန်-မန္တလေးအမြန်လမ်းပိုင်းတွင် မီးသတ်စခန်း ခုနစ်ခု တည်ဆောက်ရန်လျာထား

ပဲခူး ဇန်နဝါရီ ၁၃

ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ရန်ကုန်-မန္တလေး အမြန်လမ်းပိုင်းဘေးတွင် မီးသတ်စခန်း ခုနစ်ခုကို လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တည်ဆောက်သွားရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားကြောင်း ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ် စားလှယ်တစ်ဦးထံမှ သိရသည်။ "အခုမှ ဘတ်ဂျက်ထဲ လျာထားတာဆိုတော့ ကျိန်းသေပေါက်တော့ ပြောလို့မရသေးဘူး။ ဘတ်ဂျက်အတိအကျ ထွက်လာတော့မှသာ ပြောလို့ရမယ်။ ဘတ်ဂျက်ကတိုင်းဒေသကြီးမှာ အတည်ပြုလိုက်ပေမယ့် ပြည်ထောင်စုအဆင့်မှာ ဆက်ပြီး အတည်ပြုစရာတွေ အများကြီး ကျန်သေးတယ်"ဟု ၎င်းကပြောသည်။

မီးသတ်စခန်းတည်ဆောက်သွားမည့် နေရာများမှာ ဉသျှစ်ကုန်း၊ မြို့ချောင်း၊ ဘောနီ၊ဘောနက်ကြီး၊ ဖြူး၊ပေါဓိကုန်း၊ သာဂရတို့ဖြစ်ကြောင်း သိရသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ပဲခူးတိုင်းဒေသကြီး ရ/သုံး မှန်းခြေ ငွေစာရင်းဥပဒေကို အတည်ပြုနိုင်ရန် ဆွေးနွေးရာတွင် မီးသတ်စခန်း ခုနစ်ခု တည်ဆောက်ရန်အတွက် ဘဏ္ဍာငွေ ၁၄၂၇ ဒသမ ၆၁၀ သန်း တင်ပြ တောင်းခံထားသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ပဲခူးတိုင်းဒေသကြီး ရ/သုံးမှန်းခြေ ငွေစာရင်းဥပဒေကို ဒီဇင်ဘာ ၅ ရက်တွင် ကျင်းပသည့် ပထမအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတတိယနေ့တွင် အတည်ပြုနိုင်ခဲ့သည်။

ကိုလွင်(ဆွာ)

ပြုပြင်ပြောင်းလဲရေး ပြည်သူနှင့် နီးသလား၊ ဝေးသလား

ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကြီး သုံးရပ်အပြင် ပြည်သူလူထု၊ တပ်မတော်တို့ အားလုံးပါဝင် လက်တွဲကာ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် မျိုးဆက်သစ်ခေါင်းဆောင်ကောင်းများ ပျိုးထောင်ပေးခြင်းအားဖြင့် အချိန်တိုအတွင်း နိုင်ငံတော် ပြုပြင်ပြောင်းလဲရေးသည် ပြည်သူလူထုနှင့် ပိုမိုနီးစပ်လာနိုင်ကြောင်းနှင့် ကောင်းမွန်သည့် လုပ်ရပ်များကို လုပ်ဆောင်ရာတွင် ရလဒ်ကောင်းများ ထွက်ပေါ်လာရေးကိုလည်း အလေးပေးဆောင်ရွက်မည်ဆိုပါက ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများသည် ပြည်သူနှင့် ပိုမိုနီးစပ်လာနိုင်မည်ဖြစ်ကြောင်း ပြည်သူ့ခေတ်ဂျာနယ်အသွင်သစ်ဖြင့် ပြန်လည်ထုတ်ဝေခြင်း အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ယနေ့ကျင်းပသည့် စာပေစကားဝိုင်းမှ သိရှိရသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်သို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရာနှုန်းပြည့် ဖော်ဆောင်နိုင်ခြင်း မရှိသေးသော်လည်း အစိုးရသစ်ကာလ လေးနှစ်တာအတွင်း တဖြည်းဖြည်းတိုးတက်လာနေကြောင်း၊ လေးနှစ်တာကာလ၏ ဒုတိယနှစ်မှစတင်ကာ အပြောင်းအလဲ အချိုးအကွေ့များကို သိသာစွာ မြင်တွေ့ရကြောင်း၊ သို့သော် မိဘပြည်သူများ၏ လိုအပ်ချက်ကို သိရှိကာ ပြည်သူများ၏ နှလုံးသားဆန္ဒကိုရယူနိုင်ရန်အတွက် ပြည်သူ့အစိုးရတစ်ရပ်ဖြစ်လာရေး လိုအပ်ချက်များရှိနေသေးကြောင်း အဆိုပါ စာပေစကားဝိုင်းတွင် ပညာရှင်များက ထောက်ပြသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေသည် လိုအပ်ချက်များ၊ အားနည်းချက်များ ရှိနေနိုင်သော်လည်း မတူညီသည်များကို ဖယ်ထားကာ အားလုံး မျှော်လင့်သည့် ပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို တည်ဆောက်ရန်အတွက် အဆင့်သုံးဆင့်ဖြစ်သည့် ဖြေလျှော့ခြင်း၊ ခိုင်မာစေရန် တည်ဆောက်ခြင်းနှင့် ထိရောက်စွာ ကျင့်သုံးခြင်းတို့ကို လက်ရှိလုပ်ဆောင်နေကြောင်း၊ ပြည်သူနှင့် အစိုးရအကြား တစ်ထပ်တည်းကျသည့် သဘောထားရပ်တည်ချက်များဖြစ်ပေါ်လာရန် အတွက် အပြန်အလှန် ယုံကြည်လေးစားမှုရှိရေး ကြိုးပမ်းကြရန် လိုအပ်နေသည့်အပြင် ပြည်သူအားလုံး နိုင်ငံရေးအသိအမြင်များ ကြွယ်ဝလာပြီး စနစ်ကျသည့် ပညာရေးနယ်ပယ်မှ မျိုးဆက်သစ်များ ပေါ်ထွက်လာရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းကြရန်လိုအပ်ကြောင်း မတူညီသည့် ရှုထောင့်များမှ ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသူတစ်ဦးဖြစ်သော ဒေါက်တာထွန်းလွင် (မိုးလေဝသပညာရှင်)က စကားဝိုင်းဆွေးနွေးပွဲမှာ ကောင်းမွန်မှုတပြီး မတူညီသည့် နိုင်ငံရေးအမြင်များကို လေ့လာမှတ်သားရကြောင်း၊ အချို့လိုအပ်ချက်များသည် ပညာရှင်များအပါအဝင် ပြည်သူများ မသိသေးသည့် အကြောင်းအရာများဖြစ်ကြောင်း၊ နားထောင်ခြင်းဖြင့် အချို့အချက်အလက်များကို သိမြင်လာပြီး ပြည်သူများ၏လိုအပ်ချက်နှင့် ခံစားချက်များကိုလည်း ပွင့်ပွင့်လင်းလင်း သိမြင်ခွင့်ရသဖြင့် ဗဟုသုတရရှိကြောင်း မြန်မာ့အလင်း၏မေးမြန်းချက်ကို ပြန်လည်ဖြေကြားသည်။

ဒေါက်တာ ထွန်းလွင်
(မိုးလေဝသပညာရှင်)

"စကားဝိုင်းမှာ နယ်ပယ်မတူတဲ့ နေရာတွေက ထင်ရှားလူသိများတဲ့ နိုင်ငံရေးအမြင်ရှိပုဂ္ဂိုလ်တွေကို စုစုစည်းစည်းနဲ့တွေ့ရပြီး ဆွေးနွေးပွဲတစ်ခုလုံးဟာ အပြန်အလှန်လေးစားကာ သူ့အမြင် ကိုယ့်အမြင်ကို ပွင့်လင်းစွာ ပြောဆိုတယ်လို့ ထင်မြင်ပါတယ်။ အခုလို ဆွေးနွေးပွဲတွေကနေ သိမြင်လာတဲ့ အတွေးအခေါ်ကောင်းတွေ၊ ရလဒ်ကောင်းတွေကို မီဒီယာတွေကနေ တစ်ဆင့် မျိုးဆက်သစ် လူငယ်တွေနဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေ သိရှိကြပြီး နိုင်ငံကို ပိုမိုအကျိုးရှိစေမယ့် ဆုံးဖြတ်ချက်နဲ့ အကြံဉာဏ်ကောင်းတွေ ချမှတ်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ အခုလို အစဉ်အလာမျိုး ဆက်လက်ထိန်းသိမ်းဆောင်ရွက်ပြီး စကားဝိုင်းဆွေးနွေးမှုတွေ များများ လုပ်ဆောင်ပေးသင့်တယ်"ဟု စာရေးဆရာ မောင်လွင်မွန် (ကသာ)က ပြောကြားသည်။

စာပေစကားဝိုင်းများအတွင်း ဆွေးနွေးမှုများကို လေ့လာမှတ်သားရသဖြင့် အကြံဉာဏ်ကောင်းများနှင့် အတွေ့အကြုံကောင်းများ ရရှိစေကြောင်း၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေသည်ကို အများက လက်ခံသော်လည်း ပိုမိုလျင်မြန်စွာဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ တက်လှမ်းနိုင်ရန် ပြည်သူများ မျှော်လင့်နေချိန်တွင် မတူညီသည့် အသိုင်းအဝိုင်းများမှ ပညာရှင်များ၊ ပြောရေးဆိုခွင့်ရှိသူများ၏အတူပူးတွဲစကားဝိုင်းများကို ထပ်မံမျှော်လင့်ပါကြောင်း စာရေးဆရာ ချစ်စံဝင်းက မှတ်ချက်ပြုသည်။

"ပြည်သူ့ခေတ်ဂျာနယ် ထုတ်ဝေရခြင်းရည်ရွယ်ချက်ကိုက အမှန်တရားကိုဖော်ထုတ်ဖို့နဲ့ ပြည်သူတွေရဲ့အသံကို မျှမျှတတချပြခွင့်ရဖို့အတွက် ဖြစ်ပါတယ်။ အသွင်သစ်နဲ့ ပြန်လည်ထုတ်ဝေနိုင်ဖို့အတွက် မိတ်ဆက်ချိန်မှာ အမှတ်တရအနေနဲ့ ပြည်သူတစ်ရပ်လုံး မျှော်လင့်တဲ့ အသွင်ကူးပြောင်းရေးအနှစ်သာရကို ပြည်သူတွေ ဘယ်လောက်အထိ ခံစားနေရသလဲဆိုတာကို သိရှိနိုင်ဖို့ "ပြုပြင်ပြောင်းလဲရေး ပြည်သူနှင့် နီးသလား ဝေးသလား" ခေါင်းစဉ်နဲ့ စကားဝိုင်းကို စီစဉ်ရခြင်းဖြစ်ပါတယ်။ လာရောက်ဆွေးနွေးပေးတဲ့ ပြည်ထောင်စုဝန်ကြီး အပါအဝင် ပညာရှင်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။

စာရေးဆရာ ချစ်စံဝင်း

ကျွန်မတို့ရဲ့ အစီအစဉ်ကနေ ပြည်သူ့အတွက်ရော၊ တာဝန်ရှိသူတွေနဲ့ မဏ္ဍိုင်အသီးသီးက ပုဂ္ဂိုလ်တွေမှာပါ အတွေးသစ်အမြင်သစ်တွေ ရရှိနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြည်သူ့ခေတ်ဂျာနယ်ဖခင်ကြီး ကွယ်လွန်သူ မောင်ဝံသ၏ သမီး ပြည်သူ့ခေတ်ဂျာနယ် အယ်ဒီတာ ချုပ်မလွတ်လပ်စိုးက ပြောကြား သည်။

ပြည်သူ့ခေတ်ဂျာနယ် အသွင်သစ်ဖြင့် ထုတ်ဝေခြင်းအထိမ်းအမှတ် စာပေစကားဝိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့မှ ဦးကိုကိုကြီး၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်၊ စီးပွားရေးပညာရှင် ဦးကျော်ဝင်းတို့က ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ယနေ့ကျင်းပသည့် အဆိုပါ စကားဝိုင်းကို ထူးခြားသောစကားဝိုင်းအဖြစ် ပရိသတ်များစွာက အားရုံစိုက်ခဲ့ကြသည့်အပြင် ပညာရှင်အချို့အပါအဝင် မီဒီယာသမားများ တက်ရောက်ခဲ့ကြသော ယနေ့ပွဲတွင် မျက်မှောက် မြန်မာနိုင်ငံ၏အခြေအနေ တစေ့တစောင်းကို ပွင့်လင်းစွာ ထုတ်ဖော်ဆွေးနွေးခဲ့ကြသည်။ နိုင်ငံရေးရှုထောင့်၊ စီးပွားရေးရှုထောင့်၊ လွှတ်တော်နှင့် အစိုးရတို့အပြင် မျိုးဆက်သစ်လူငယ်များအတွက်ပါ အားသာချက်၊ အားနည်းချက်များကို အပြုသဘော ဝေဖန်ထောက်ပြကာ ပြည်သူ့အကျိုးကို ရှေးရှုဆွေးနွေးခဲ့ကြသည့် စကားဝိုင်းလည်းဖြစ်ခဲ့သည်။ ပြုပြင်ပြောင်းလဲမှုများပြုလုပ်နေသော ယနေ့အချိန်ကာလတွင် အခက်အခဲများကြုံတွေ့ရမည်ဖြစ်သော်လည်း အလွှာအသီးသီးမှ ပြည်သူ့အသံများကို ထဲထဲဝင်ဝင် နားထောင်ကာ ပြည်သူလူထု၏ ဘဝတိုးတက်ရေးအတွက် စုပေါင်း အားထုတ်ကြခြင်းဖြင့် အောင်မြင်မှုများ ရရှိမည်ဟု ယုံကြည်မိသည်။

(တွေ့ဆုံမေးမြန်း-မြန်မာ့အလင်း)

နေပြည်တော်(၁) ဖုန်း- 251277 251288 | မင်္ဂလာ (၂) | မင်္ဂလာဒိုင်းမွန်း | ၁၆ . ၁ . ၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြမည်

ရွှေဂုံ(၁) ၀၁-၂၅၂၁၃၃ ၀၁-၃၈၈၀၃၄ | မင်္ဂလာ စံပြ | မင်္ဂလာဒိုင်းမွန်း | ၉ . ၁ . ၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြမည်

နေပြည်တော်(၂) ဖုန်း- 251277 251288 | မင်္ဂလာ စံပြ | မြို့မ(မန္တလေး) | ၂ . ၁ . ၂၀၁၅ရက်မှ စတင်၍ တစ်ပြိုင်တည်းပြမည်

ပြည်တွင်းသတင်း

တိုင်းရင်းသားရေးရာဝန်ကြီးများ၏ သဘောထားထုတ်ပြန်ချက်

၁။ တိုင်းရင်းသားရေးရာဝန်ကြီးများသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သက်ဆိုင်ရာ တိုင်းရင်းသား မဲဆန္ဒရှင်ပြည်သူများက တိုက်ရိုက်ရွေးချယ်သော လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည်။ ရွေးချယ်ခံရသော တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

၂။ တိုင်းရင်းသားရေးရာဝန်ကြီးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ဖြစ်သော်လည်း တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးစုများ၏ ကိုယ်စားလှယ် များဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတကြီး၏ ဖိတ်ကြားချက်အရ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက် ငုရွှေဝါခန်းမ၌ ကျင်းပသော တွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက်လာကြခြင်းသည် ပြည်သူနှင့်နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ဖြစ်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

တိုင်းရင်းသားရေးရာဝန်ကြီး (၂၉)ဦး
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်



မြန်မာနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ဗဟိုအဖွဲ့ အနာဂတ်တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အခြေစိုက် ဖွံ့ဖြိုးဆဲနိုင်ငံများ ဗဟိုအဖွဲ့ (South Centre) အမှုဆောင်ညွှန်ကြားရေးမှူး Mr. Martin Khor က ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများဗဟိုအဖွဲ့ (South Centre) တို့အကြား ဆက်သွယ်ဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် နယ်ပယ်များနှင့်စပ်လျဉ်း၍ နှစ်ဖက်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

Open Government Partnership အဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၁၃

Open Government Partnership အဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းခ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မိမိတို့အစိုးရ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုဖြစ်အောင် နိုင်ငံတော်၏ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဘက်ပေါင်းစုံမှ ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော် လုပ်ငန်းစဉ်များအားလုံးကို တစ်နေ့တည်း၊ တစ်ရက်တည်းဖြင့် လုပ်ဆောင်၍ မရပါကြောင်း၊ မိုင်ပေါင်းတစ်သောင်းခရီးကိုလည်း ပထမခြေလှမ်းဖြင့် စတင်ရသည့်အတွက် ယခုအစိုးရ စတင်တာဝန်ယူသည့် နေ့မှစ၍ ဆောင်ရွက်သင့်သည်များကို အချိန်တိုအတွင်း ဆောင်ရွက်ခဲ့ရာ အထိုက်အလျောက် အောင်မြင်မှုများလည်း ရရှိနေပြီဖြစ်ပါကြောင်း။

Open Government Partnership အဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ရန် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုဖြစ်ရန် လိုအပ်သည့်အပြင် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိခြင်း၊ သတင်းအချက်အလက်များရယူနိုင်မှုရှိခြင်း၊ ပိုင်ဆိုင်မှုကြေညာခြင်းနှင့် နိုင်ငံသူ နိုင်ငံသားများအားလုံး ပါဝင်ဆောင်ရွက်မှုရှိခြင်း စသည့် အချက်လေးချက် ပြည့်စုံရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် လိုအပ်ချက်များကို ဆောင်ရွက်ရန် ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီကိုလည်း ဖွဲ့စည်းပြီးဖြစ်၍ အားလုံးကဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက Open Government Partnership အဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ရေးအတွက် အရေးကြီးသည့် e-Government စနစ် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်လုပ်ဆောင်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ Open Government Partnership အဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အဖွဲ့ဝင်ဖြစ်ရေးအတွက် လိုအပ်ချက်များ၊ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက Open Government Partnership အဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ရေးအတွက် လိုအပ်ချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို အကြံပြုဆွေးနွေးတင်ပြခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်သူလိုတာလုပ်ဖို့ရာ
အခွန်ဆောင်တာ
ပြည့်အကျိုးပါ

မြန်မာနိုင်ငံဆရာဝန်အသင်း (၆၁)ကြိမ်မြောက် ညီလာခံနှင့် ဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပမည်

တောင်ကြီး ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)မှ ဦးစီး၍ နှစ်ပတ်လည်ညီလာခံနှင့် ဆေးပညာနှီးနှောဖလှယ်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ ၂၀၁၄ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်း အဝေးကြီးကို ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ (၆၁)ကြိမ်မြောက်ဆေးပညာနှီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၁၇ ရက်ရက်မှ ၂၀ ရက်အထိလည်းကောင်း၊ ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

နှစ်ပတ်လည်အစည်းအဝေးတွင် မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)၏ နှစ်ပတ်လည်အစီရင်ခံစာများကို တင်သွင်း၍ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။

(၆၁)ကြိမ်မြောက် ဆေးပညာနှီးနှောဖလှယ်ပွဲတွင် သုတေသီပညာရှင်များက တင်သွင်းမည့် စာတမ်း ၂၇ စောင်၊ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (Symposium) ၃၇ ခုနှင့် ကုခန်းဆေးပညာဆိုင်ရာ clinical sessions များ ပါဝင်ဆွေးနွေးမည်ဖြစ်သည်။ နိုင်ငံတကာမှ ဖိတ်ကြားထားသည့် ဆေးပညာရှင်များလည်း ပါဝင်ဆွေးနွေးကြမည် ဖြစ်သည်။

ထို့ပြင် ဆေးနှင့်ဆေးပစ္စည်းပြခန်းပေါင်း ၈၈ ခန်းကိုလည်းဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

mitv

MYANMAR INTERNATIONAL
Programme Schedule
(14-1-2015)(Wednesday)
(14-1-2015 07:00 am-15-1-2015 07:00 am)MST

- Local News
- Kyaikhteeyoe:Mountain Drivers
- World News
- Fortune Teller: "Yan Moe Aung"
- Local News
- Director Thiha Kyaw Soe
- World News
- Creations of a Designer
- Local News
- Htan Taw Druma (Part-I) "Dobat"
- Writer
- Insight Myanmar "Family Separation Prevention"
- Temple Stalls
- Writer "Chit Oo Nyo" (Part- II)
- The Eel Business
- Myanma Traditional String Puppetry
- World News
- Human Right, Human Dignity "My Daughter"
- Local News
- A Day Out With Sarah (Ep-3)
- World News
- In The Studio: Ah Moon

ပြည်တွင်းသတင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းပြုစုခြင်းဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေမှု ရှင်းလင်း

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး Mr. Andrew Patrick နှင့် ဗြိတိန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှပစိဖိတ်ဌာနမှူး Mr. Tom Dodd တို့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌက ကော်မရှင်ဖွဲ့စည်းပုံ၊ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့မှုအခြေအနေများ၊ မဟာဗျူဟာစီမံကိန်း ရေးဆွဲခြင်းနှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အတွက် မဲစာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုအား ရှင်းလင်းပြောကြားသည်။

ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာန အာရှပစိဖိတ်ဌာနမှူး Mr. Tom Dodd က ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအတွက် ကော်မရှင် ဖွဲ့စည်းပုံတိုးချဲ့မည့်အခြေအနေ၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီမံဆောင်ရွက်နေမှုများနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများအား မေးမြန်းခဲ့ရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ကော်မရှင် တိုးချဲ့ဖွဲ့စည်းခြင်းကို ဥပဒေအရ ဆောင်ရွက်နိုင်ပါကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်ရန်အတွက် မဲဆန္ဒရှင် ပညာပေးခြင်းလုပ်ငန်းများ စီမံဆောင်ရွက်နေမှု၊ ပြည်တွင်း၊ ပြည်ပလေ့လာ စောင့်ကြည့်ရေးအဖွဲ့များအား လေ့လာခွင့်ပြုမည့် အစီအစဉ်များနှင့်ဆောင်ရွက်နေမှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကို၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်သူ့ခေတ်ဂျာနယ်အသွင်သစ်ဖြင့် ပြန်လည်မိတ်ဆက်ခြင်းအခမ်းအနားနှင့်အတူ ပြည်သူ့ခေတ်စကားဝိုင်းကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

"ပြုပြင်ပြောင်းလဲရေး ပြည်သူနဲ့ နီးသလား၊ ဝေးသလား" ပြည်သူ့ခေတ်စကားဝိုင်းကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ၈၈ မျိုးဆက် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမြင့်နှင့် စီးပွားရေးပညာရှင် ဦးကျော်ဝင်းတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

၂၀၁၀ ပြည့်နှစ်မှစတင်၍ စာရေးဆရာ သတင်းစာဆရာ မောင်ဝံသ အုတ်မြစ်ချ တည်ထောင်ခဲ့သည့် ပြည်သူ့ခေတ်ဂျာနယ်ကို အသွင်သစ်ဖြင့် ပြန်လည်မိတ်ဆက်ခြင်း အခမ်းအနားတွင် အဆိုပါ ပြည်သူ့ခေတ် စကားဝိုင်းကို အထူးအစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားနှင့် ပြည်သူ့ခေတ်စကားဝိုင်းသို့ နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ စာပေနှင့် မီဒီယာနယ်ပယ်တို့မှ အဖိတ်ကြားခံပုဂ္ဂိုလ် စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

နိုင်ငံရေးကဏ္ဍ၊ နိုင်ငံရေးကာတွန်း၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ သုံးသပ်ချက်ဆောင်းပါးများဖြင့် ထပ်မံဖြည့်စွက်၍ ပြည်သူ့ခေတ်ဂျာနယ် အသွင်သစ်ဖြင့် ပြန်လည်မိတ်ဆက်ခြင်း အခမ်းအနားတွင် ပြည်သူ့ခေတ်ဂျာနယ် အတိုင်ပင်ခံအယ်ဒီတာ ဦးဝင်းထွဋ်ဇော်က အမှာစကားပြောကြားခြင်း၊ ရန်ကုန်တိုင်းမီဒီယာမှ ဥက္ကဋ္ဌဦးကိုကိုက မုဒိတာစကားပြောကြားခြင်း၊ တာဝန်ခံအယ်ဒီတာ ဦးဉာဏ်လိုင်လင်းက ပြည်သူ့ခေတ်ဂျာနယ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊ အယ်ဒီတာချုပ် ဒေါ်လွတ်လပ်စိုးက ကျေးဇူးတင်စကားပြောကြားခြင်းများကို အစီအစဉ်အတိုင်းကျင်းပသည်။

ထို့နောက် "ပြုပြင်ပြောင်းလဲရေး ပြည်သူနဲ့ နီးသလား၊ ဝေးသလား" ပြည်သူ့ခေတ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ တာဝန်ခံအယ်ဒီတာ ဦးဉာဏ်လိုင်လင်းက အစီအစဉ် တင်ဆက်သူအဖြစ် ဦးဆောင်ဆွေးနွေးပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ပြုပြင်ပြောင်းလဲရေးကဏ္ဍများတွင် ပြဿနာအားလုံးကို ဖြေရှင်းမည်ဟု မည်သည့်အစိုးရမှ မရှိခဲ့ကြောင်း၊ အမေရိကန်သမ္မတပင် မလုပ်နိုင်သေးကြောင်း၊ မိမိတို့အစိုးရ လက်ထက်တွင်လည်း ဖြစ်နိုင်သမျှကို ဆောင်ရွက်သွားမည်ဟုသံယူပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ပြုပြင်ပြောင်းလဲရေးတွင် မဟာဗျူဟာအပိုင်း၌ အများအပြား အောင်မြင်သကဲ့သို့ အောက်ခြေပိုင်းမှာလည်း အားနည်းချက်များရှိကြောင်း ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးသွားသည်။

ဦးဝင်းမြင့်က အာဏာကြီးသုံးရပ် အဆုံးအဖြတ်အာဏာသည် ပြည်သူ့ထံမှ ဆင်းသက်ရမည်ဟု အစချီ၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ရေး၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ Mind Set များအောက်ခြေတွင် မပြောင်းလဲမှု၊ ယုံကြည်မှု တည်ဆောက်ရေးတွင် အောက်ခြေ၌ အနှောင့်အယှက်အဟန့်အတား ဖြစ်နေမှု၊ ပြုပြင်ပြောင်းလဲရေးတွင် နိုင်ငံတော်အစိုးရက ပြင်းပြသည့် စိတ်ဓာတ်ရှိရန်လိုအပ်မှု၊ အစိုးရအပေါ် ဝေဖန်ခွင့်ရှိရန်လိုအပ်မှု၊ ဝေဖန်ခွင့်ရှိမှသာ ပြည်သူနှင့် နီးစပ်နိုင်မည့် အခြေအနေရှိမှု အပါအဝင် ကဏ္ဍအလိုက် ထောက်ပြဆွေးနွေးသွားသည်။

ဦးကိုကိုကြီးက ၄င်းအကျဉ်းကျစဉ်ကာလက ယုံကြည်မှု တည်ဆောက်မည်ဟု ဆုံးဖြတ်ခဲ့ပြီး အပြင်သို့ ပြန်လည်ရောက်ရှိစဉ်၌လည်း ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် မိမိတို့အပေါ် အောက်ခြေအုပ်ချုပ်ရေးဝန်ထမ်းအဖွဲ့အစည်းများက ယနေ့တိုင် ယုံကြည်မှုမပေးနိုင်ဘဲ မေးမြန်းစစ်ဆေးမှုများ ကြုံတွေ့နေရမှု၊ သမ္မတကြီးပြောသည့်အတိုင်း အောက်ခြေတွင် တကယ်ပြောင်းရန် လိုအပ်နေမှု၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုလွှတ်တော်များက အုပ်ချုပ်ရေးအဖွဲ့အစည်းများအပေါ် Check and Balance လုပ်နိုင်၊ မလုပ်နိုင်မှုအပေါ် ပြည်သူနှင့် နီးသလား၊ ဝေးသလားကို ဆုံးဖြတ်နိုင်မှု၊ အုပ်ချုပ်ရေးအပိုင်းက ပြုပြင်ပြောင်းလဲမှုတွင် အဓိက ပါဝင်နေမှုအပါအဝင် ကဏ္ဍအလိုက် ထောက်ပြဆွေးနွေးသွားသည်။

ထို့နောက် ဦးကျော်ဝင်းက ပြည်သူနှင့်အစိုးရတို့ကြား နှလုံးသားချင်း တစ်ထပ်တည်းကျရန် လိုအပ်နေမှု၊ ယုံကြည်မှုကိုတည်ဆောက်ရာတွင် ပြည်သူများ၏ နှလုံးသားကို မခံစားနိုင်သရွေ့ ယုံကြည်မှုမရနိုင်ဟု အစချီ၍ သယံဇာတကြွယ်ဝသော်လည်း မှုနှင့် လူအားနည်းမှုကြောင့် LDC စာရင်းဝင်နိုင်ငံဖြစ်ခဲ့ရမှု၊ နိုင်ငံအတွက် ခေါင်းဆောင်များ ရှားပါးလာမှု၊ လူငယ်များကို အနာဂတ်အတွက် မလုပ်ပေးနိုင်သော်လည်း လူငယ်များအနေဖြင့် မိမိအနာဂတ်ကို ပညာရေးနယ်ပယ်တွင် လုပ်နိုင်စွမ်းရှိမှု၊ လက်ရှိအစိုးရအနေဖြင့် အခက်အခဲအများကြီးနှင့် ရင်ဆိုင်နေရမှုကို မိမိတို့ နားလည်သကဲ့သို့ ပြည်သူများကလည်း နားလည်ရန် လိုအပ်မှုအပါအဝင် ကဏ္ဍအလိုက် ထောက်ပြဆွေးနွေးသွားသည်။

အခမ်းအနားအပြီးတွင် ယနေ့ စကားဝိုင်းနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က "ဒီမိုကရေစီ အစိုးရတစ်ရပ်ရဲ့တာဝန်က ပြည်သူ့ဆီရောက်အောင်သွားဖို့ပါ။ ဒါကြောင့် ၂၀၁၀ ကနေစပြီး ရောက်အောင်သွားနေတယ်။ ရောက်ပြီးလားဆိုတော့ အပြည့်အဝမရောက်သေးဘူး။ သို့သော် အရင်ကထက်စာရင် ပိုနီးလာပြီလို့ ခံစားရပြီ။ Reform ကို ချုပ်ပြောလိုက်ရင် ဒါပါပဲ။ ပြည်သူက အစိုးရအပေါ်မှာ အယုံအကြည် ရှိမရှိ ဆိုတာ တစ်ဦးတစ်ယောက်ချင်းစီရဲ့ အယူအဆပေါ်မှာပဲ မူတည်ပါတယ်။ နိုင်ငံတကာ လေ့လာဆန်းစစ်ချက်တွေအရဆိုရင် ပြည်သူတွေက သူတို့ အနာဂတ်ကို သူတို့ ယုံကြည်မှုရှိလာတယ်။ ဒါကိုတော့ မြင်ရပါတယ်။

နောက်တစ်ခုက ပြည်သူတစ်ဦးချင်းက သူတို့ရဲ့ ရပိုင်ခွင့်တွေ ပိုသိလာတယ်။ ပြောရေးဆိုခွင့်တွေ ပိုရှိလာတယ်။ ဒါကလည်း အောင်မြင်မှုတစ်ခုလို့ ဆိုနိုင်ပါတယ်။ ဘယ်လောက် အောင်မြင်တယ်၊ မအောင်မြင်ဘူးလို့ တိုင်းတာတဲ့ စံနှုန်းကတော့ ကွာလိမ့်မယ်။ သို့သော် အနာဂတ်ကို ယုံကြည်မှုနဲ့ မိမိအခွင့်အရေးကို သိရှိလာမှု၊ နိုင်ငံရေးနဲ့ အခြားကိစ္စတွေနဲ့ ပတ်သက်လို့ ပိုပြီးတော့ ပြောရေးဆိုခွင့်ရှိနိုင်မှုတွေက တိုးတက်လာတာပေါ့။ ဒါကြောင့် ဒီကနေ့ ဆွေးနွေးပွဲတွေက သာဓကပဲဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဦးကိုကိုကြီးကလည်း "အခုဆွေးနွေးပွဲက ကောင်းပါတယ်။ ပုံသဏ္ဌာန်အားဖြင့်ပြောရင် အစိုးရဘက်က ပါတယ်၊ နိုင်ငံရေးပါတီဘက်က ပါတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေကလည်း ပါတယ်။ ဒီလိုရှုထောင့် ပေါင်းစုံကနေ ပြောဖြစ်ဆိုဖြစ်တယ်ဆိုတာဟာ ကောင်းတဲ့ လက္ခဏာပါ။ ကျွန်တော်ကတော့ အနိုင်အရှုံးအနေနဲ့ မပြောချင်ပါဘူး။ နိုင်ငံပြုပြင်ပြောင်းလဲရေးကို လုပ်တဲ့ အခါမှာ ရှုထောင့်ပေါင်းစုံကနေ ဝိုင်းတွန်းကြဖို့လိုတာကြောင့် မတူတာတွေပြောရင်းနဲ့ တူတဲ့အချက်တွေလည်းတွေ့မယ်။ ပူးပေါင်းဆောင်ရွက်နိုင်တဲ့အချက်အလက်တွေလည်း ရှာမယ်။ ဒီလိုပုံစံမျိုးသွားရမှာကြောင့် ဒါကို ကျွန်တော်က အနိုင်အရှုံးပုံစံမျိုးနဲ့ မမြင်ချင်ပါဘူး။ ယခု စကားဝိုင်းကိုလည်း အားရကျေနပ်မှုရှိပါတယ်။ ဆွေးနွေးတဲ့အဆင့်ကနေ ရလဒ်ထွက်တဲ့အဆင့်အထိ သွားနိုင်ရင် ပိုကောင်းပါတယ်။ ပြည်သူတွေအနေနဲ့ကလည်း ပြုပြင်ပြောင်းလဲရေးကို ပြည်သူတွေ ကိုယ်တိုင်ပါလာဖို့က အရင်ရှိနေတဲ့ အတွေးအမြင်က အစိုးရက သပ်သပ်၊ ပြည်သူက သပ်သပ်ဖြစ်နေပါတယ်။ တကယ် သက်တမ်းကုန်ရင် ပြည်သူ ပြန်ဖြစ်သွားမယ်။ ပြည်သူက ရွေးကောက်ခံရရင် အစိုးရဖြစ်လာမယ် ဆိုတော့ ပြည်သူနဲ့ အစိုးရ တစ်လည်စီလည်ပတ်နေတဲ့ ခန္ဓာကိုယ်တစ်ခုထဲရဲ့ အစိတ်အပိုင်းတွေအဖြစ် မြင်လို့ရှိရင် ပြည်သူတွေရဲ့ နိုင်ငံရေးပူးပေါင်းပါဝင်မှုက ပိုပြီး အားကောင်းလာမှာ ဖြစ်တယ်"ဟု သုံးသပ်သည်။

အလားတူ ဦးကျော်ဝင်းက "ဆွေးနွေးပွဲကို ကျေနပ်အားရပါတယ်။ ကျွန်တော်က တကယ်တော့ ဘယ်ပါတီဝင်မှ မဟုတ်ပါဘူး။ ဘာဖြစ်လို့ ပါတီဝင်မလုပ်တာလဲဆိုတော့ ပြည်သူတစ်ယောက်ရဲ့အသံနဲ့ ပါတီဝင်တစ်ယောက်ရဲ့ အသံက မတူဘူး။ ပြည်သူတစ်ယောက်ရဲ့ အသံက တန်ဖိုးရှိတယ်။ ပြည်သူတစ်ယောက်ရဲ့ကိုယ်စား ပြောတာကြောင့် ပြည်သူတွေ ဘာတွေ ခံစားနေရတယ်၊ ဘာတွေလိုချင်နေတယ်၊ ဘာတွေတောင့်တနေလဲ ဆိုတာကို ဆွေးနွေးပွဲမှာ ပြောခွင့်ရတာကြောင့် ပြည်သူတွေရဲ့ကိုယ်စား ကျေနပ်ပါတယ်" ဟုပြောသည်။

ယနေ့ ကျင်းပသည့် ပြည်သူ့ခေတ်စကားဝိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်ကိုယ်တိုင် ကြိုတောင့်ကြိုခဲ ဝင်ရောက်ဆွေးနွေးသွားသကဲ့သို့ ဆွေးနွေးဖက်ပုဂ္ဂိုလ်များမှာလည်း နယ်ပယ်အသီးသီးတွင် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များ ဖြစ်ကြသည့်အပြင် "ပြုပြင်ပြောင်းလဲရေး ပြည်သူနဲ့နီးသလား၊ ဝေးသလား" ဟူသည့် ခေါင်းစဉ်မှာလည်း ခေတ်ကာလနှင့်ပါ ကိုက်ညီမှုရှိ၍ ပါဝင်ဆွေးနွေးကြသူများက မတူကွဲပြားသော ရှုထောင့်အမြင်နှင့် ရင်ဖွင့်ချက်များကို အကြိတ်အနယ်ဆွေးနွေးခဲ့ကြ၍ ပရိသတ်များအထူးနှစ်ထောင်းအားရ စိတ်ဝင်စားခဲ့ကြသည်။

(သတင်းစဉ်)

စလင်း-ဆင်ဖြူကျွန်းလမ်း ကတ္တရာလမ်း ထပ်ပိုးလွှာခင်း အဆင့်မြှင့်တင်

မကွေး ဇန်နဝါရီ ၁၃- မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ စလင်း-ဆင်ဖြူကျွန်းကားလမ်း နေပူကန်မှ စလင်းအထိ (၃၉/၆)မှ (၅၀/၂)မိုင်ကို ကတ္တရာထပ်ပိုးလွှာခင်း၍ အဆင့်မြှင့်တင်ခင်းကျင်းလျက်ရှိသည်။

အဆိုပါ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို စလင်းမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူလျက် မကွေးတိုင်းဒေသကြီး အထူးရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၈၃၃ ဒသမ ၃၃ သိန်းဖြင့် ဆောင်ရွက်ပြီး ၄င်းလမ်းပိုင်းသည် ရန်ကုန်-မန္တလေးမြို့ကြီးများသို့ ဆက်သွယ်သွားလာသောလမ်းဖြစ်၍ ယခင်ကထက် ပိုမိုမြန်ဆန်စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ပြည်တွင်းသတင်း

ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားရေးရာဝန်ကြီးများ၏ အခန်းကဏ္ဍမြင့်မားလာမည်

နေပြည်တော် ဇန်နဝါရီ ၁၃

တိုင်းရင်းသား လူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဗမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။ (အောက်ပုံ)

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် တိုင်းရင်းသားရေးရာဝန်ကြီး ၂၉ ဦးတို့ တက်ရောက်ပြီး တွေ့ဆုံနိုင်ခြင်းဖြစ်၍ ထူးခြားသည့်အစည်းအဝေးဟု ပြောနိုင်ပါကြောင်း၊ မိမိတို့လွှတ်တော်များက အလေးထားဆောင်ရွက်နေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များကို များစွာထောက်အကူပြုမည်ဟု ယူဆပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ဖော်ပြထားချက်အရ ဥပဒေပြုရန် လိုအပ်သည်ဟု ယူဆ၍ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထို့နောက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်၏ အဆိုတင်သွင်းချက်အရ အဆိုအောင်မြင်၍ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ရှေ့နေချုပ်ရုံးမှ တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ယင်းသို့ ဆွေးနွေးချက်များအပေါ် မှတ်ချက်၍ ဥပဒေကြမ်းတင်သွင်းခဲ့ပြီး ပြည်သူ့လွှတ်တော်မှ စတင်ဆွေးနွေးကာ အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်တွင် အလေးအနက်ထားဆွေးနွေးပြီးဖြစ်၍ ပြင်ဆင်ချက်အဆိုများဖြင့် ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ထားပါကြောင်း၊ ပြည်သူ့လွှတ်တော်၌ဆွေးနွေးပြီး အားလုံးသဘောတူညီပါက ပြည်ထောင်စုလွှတ်တော်က သဘောတူသည်ဟု မှတ်ယူကာ နိုင်ငံတော်သမ္မတထံ ပေးပို့မည်ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်၌ သဘောတူညီမှုမရှိပါက ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားရေးရာဝန်ကြီးများ နေပြည်တော်သို့ရောက်ရှိခိုက် မိမိတို့လွှတ်တော်၏ လုပ်ဆောင်ချက်များ သိရှိအောင်၊ အကြံပြုချက်များ ပေးနိုင်အောင် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်း မကြာမီအသက်ဝင်အောင် ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားရေးရာဝန်ကြီးများ၏ အခန်းကဏ္ဍ မြင့်မားလာမည်ဖြစ်ကြောင်း၊ အားလုံးဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၌ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စု လွှတ်တော်နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

◆ *ကျောဖုံးမှ*

စကားပြောကြားရာတွင် အစိုးရသစ်လက်ထက်၌ ၂၀၁၂ ခုနှစ်မှ စတင်ပြီး ပြည်ထောင်စုနေ့အခမ်းအနားကို ကျင်းပလာခဲ့ရာ ယခုနှစ် ၂၀၁၅ ခုနှစ်သည် စတုတ္ထအကြိမ်ရှိပြီဖြစ်ပါကြောင်း၊ ပြည်ထောင်စုနေ့အခမ်းအနား အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ၊ ဆပ်ကော်မတီများကို ဖွဲ့စည်းထားပါကြောင်း၊ ယင်းတို့မှာ လုံခြုံရေး၊ ပြန်ကြားရေး၊ ဘဏ္ဍာရေး၊ ညစာစားပွဲခင်းကျင်းကျွေးမွေးရေး၊ သဝဏ်လွှာပြုစုရေး၊ ကျန်းမာရေး၊ စာရင်းစစ်ဆေးရေး၊ အခမ်းအနားပြင်ဆင်ရေး၊ အလံတင်အခမ်းအနားစီစဉ်ရေး၊ ညစာစားပွဲဖျော်ဖြေရေး၊ မြေစိုက်ပိုစတာများ စိုက်ထူရေး၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ပို့ဆောင်ရေး၊ နေရာချထားရေးနှင့် ဆက်သွယ်ရေးကော်မတီများက ဆပ်ကော်မတီအလိုက် ပေးထားသော တာဝန်များကို လစ်ဟာမှုမရှိအောင် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုနေ့ အခမ်းအနားကိုဆပ်ကော်မတီအသီးသီးက လိုအပ်သည့် လုပ်ငန်းဆောင်ရွက်မှုအားလုံးကို ကော်မတီတစ်ခုနှင့်တစ်ခု ညှိနှိုင်းဆောင်ရွက်ပြီး ကျစ်ကျစ်လျစ်လျစ်ဖြင့် ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများက မိမိတို့ ဆပ်ကော်မတီများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဆွေးနွေးတင်ပြချက်များအပေါ် ဒုတိယသမ္မတက ဖြည့်စွက်ပြောကြားရာတွင် ပြည်ထောင်စုနေ့ ကျင်းပရေးကော်မတီများအနေဖြင့် ရန်ပုံငွေများသုံးစွဲရာတွင်လည်း ကျစ်ကျစ်လျစ်လျစ် သုံးစွဲကြစေလိုကြောင်း၊ ဆပ်ကော်မတီအသီးသီးက ညှိနှိုင်းဆောင်ရွက်ပြီး လိုအပ်ချက်များကို ဗဟိုကော်မတီသို့ တင်ပြစေလိုပါကြောင်း၊ အဓိကအနေဖြင့် လုံခြုံရေးနှင့်ပတ်သက်၍ လုံခြုံရေးမကျိုးပေါက်စေရန် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာမာတင်တလာပါ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဒေါ်အေးအေးမူ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မာတင်တလာပါကို လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

တတိယအကြိမ် ပါလီမန်ဘတ်ဂျက်နှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၃

တတိယအကြိမ် ပါလီမန်ဘတ်ဂျက်နှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီက နေပြည်တော် ရွှေနန်းတော်ဟိုတယ်၌ကျင်းပခဲ့ရာ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ တက်ရောက်၍ အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြဉိမ်း၊ အာဆီယံပါလီမန်များဆိုင်ရာ ညီလာခံရုံးမှ အထွေထွေအတွင်းရေးမှူးချုပ် Mr. Periowsamy Otharam နှင့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ အတွင်းရေးမှူး ဦးမောင်တိုးနှင့်ကော်မတီအဖွဲ့ဝင်များ၊ အာဆီယံပါလီမန်များဆိုင်ရာ ညီလာခံရုံးမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

တွေ့ဆုံဆွေးနွေးမှုမှသည် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးရလဒ်ကောင်းများရရှိစေမည်

မေး/ရေး၊ ထွန်းဝင်းနိုင်၊ ဟန်နီဝင်း
ဓာတ်ပုံ-ထိန်နန်နော်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အစိုးရ၏သက်တမ်းသည် လေးနှစ်သက်တမ်းထဲသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် ဆက်လက်ဆောင်ရွက်ရန် သက်တမ်းအားဖြင့် တစ်နှစ်ကျော်သာ ကျန်ရှိတော့သည့် ကာလအတွင်း မဖြစ်မနေ အဓိကဆောင်ရွက်ရမည့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထွန်းစေရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေခံ၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရေးနှင့် လွတ်လပ်၍ တရားမျှတသော ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ပြီး ညင်သာသော အသွင်ကူးပြောင်းမှု နိုင်ငံတော်လုပ်ငန်းစဉ်များ ပေါ်ပေါက်ရေးနှင့် ကြားကာလ နိုင်ငံရေးတည်ငြိမ်မှုရှိရေးတို့ အပါအဝင် နိုင်ငံရေးကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲများကို ကျင်းပခဲ့ရာ ဇန်နဝါရီ ၁၂ ရက်တွင် ဒုတိယအကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

ပထမအကြိမ် ဆွေးနွေးပွဲကို နိုင်ငံတော်သမ္မတအိမ်တော် ဂုဏ်ရွှေဝါခန်းမ၌ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင်ကျင်းပနိုင်ခဲ့ပြီး ယင်းဆွေးနွေးပွဲ၏ ရလဒ်ကောင်းများကြောင့် ဒုတိယအကြိမ် ဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

တွေ့ဆုံဆွေးနွေးခြင်းသည်သာ လျှင် ကောင်းမွန်သည့်အဖြေ၊ ရလဒ်ကောင်းများ ထွက်ပေါ်လာနိုင်သည့် ယုံကြည်ချက်ဖြင့် ယခုဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားရေးရာဝန်ကြီးများ၏ ပြောကြားချက်များကို စုစည်းတင်ပြလိုက်ပါသည်-

ဦးစောဟာဘီး
တနင်္သာရီတိုင်းဒေသကြီး
ကရင်တိုင်းရင်းသားရေးရာဝန်ကြီး

ဒီလို တွေ့ဆုံဆွေးနွေးပွဲမျိုးကို မကြာခဏ လုပ်ပေးသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဖွဲ့အစည်းတွေမှာ အမြင်တွေအမျိုးမျိုး ကွဲပြားကြပါတယ်။ ဒါကြောင့် ဒီလို တွေ့ဆုံဆွေးနွေးမှုတွေ များများလုပ်ပေးမှ အမျိုးမျိုး ကွဲပြားနေတဲ့အမြင်တွေကို တင်ပြဆွေးနွေးခွင့်ရရှိကြပြီး အားလုံးက လက်ခံသဘောတူတဲ့အမြင်ကို ရရှိမှာဖြစ်ပါတယ်။ အခုလို ဆွေးနွေးခွင့်ရလို့လည်း တိုင်းရင်းသားတွေ ကိုယ်စား အတိုင်းမသိ ဝမ်းသာသလို ကြိုလည်း ကြိုဆိုပါတယ်။

ဦးသက်ဝင်း၊ မွန်ပြည်နယ်
ဗမာတိုင်းရင်းသားရေးရာဝန်ကြီး

ဒီဆွေးနွေးပွဲဟာ အောက်တိုဘာ ၃၁ ရက်နေ့ကလုပ်ခဲ့တဲ့ ဆွေးနွေးပွဲရဲ့ အဆက် ဖြစ်ပါတယ်။ ဒီနေ့မှာ နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားရေးရာ ကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားရေးရာဝန်ကြီးတွေ စုံစုံလင်လင်ပါဝင်တဲ့အတွက်ကြောင့် အမြင်အမျိုးမျိုးနဲ့ ဆန္ဒအမျိုးမျိုးကို ဖော်ထုတ်တဲ့သဘောပါပဲ။ အခုဆိုရင် နိုင်ငံတော်အစိုးရ သက်တမ်းဟာ လေးနှစ်ရှိပါပြီ။ နောက်ထပ် ကျန်ရှိနေတဲ့ကာလမှာ နိုင်ငံရေးတည်တည် ငြိမ်ငြိမ်နဲ့ ရွေးကောက်ပွဲတွေကို အောင်အောင်မြင်မြင်နဲ့ ကျင်းပပြီးတဲ့ အခါကြမှ အသွင်ကူးပြောင်းမှုတာဝန် တွေကို လွှဲပြောင်းပေးနိုင်ဖို့ ဒီလို ဆွေးနွေးတာဖြစ်တဲ့အတွက် အများကြီးကောင်းပါတယ်။

ဒေါက်တာ မနာမ်တူးဂျာ
(ကချင်ပြည်နယ်
ဒီမိုကရေစီပါတီဥက္ကဋ္ဌ)

ကျွန်တော်တို့အနေနဲ့ အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုတွေကို

ဦးစောဟာဘီး
တနင်္သာရီတိုင်းဒေသကြီး
ကရင်တိုင်းရင်းသားရေးရာဝန်ကြီး

ဆွေးနွေးခဲ့ပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးနဲ့ ဒီမိုကရေစီထွန်းကားရေးတွေဟာ ၂၀၁၀ ရွေးကောက်ပွဲပြီးကတည်းက စတင်နေပါပြီ။ စတင်ပြီး ဆက်လက်လှုပ်ရှားနေပါတယ်။ နိုင်ငံတကာကလည်း အထိုက်အလျောက် အသိအမှတ်ပြုခြင်းကို ခံနေရပါပြီ။ ဒါကို ဆက်လက်မြန်ဆန်လာအောင် လုပ်ဆောင်သွားဖို့ လိုအပ်ပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်နေရတာလည်း ရှိနိုင်ပါတယ်။ ဒါကြောင့် မြန်သင့်သလောက် မမြန်နိုင်တဲ့အပိုင်းတွေလည်းရှိပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ရင်လည်း ကျွန်တော်တို့နိုင်ငံမှာ ပြည်သူတွေလိုလားနေတာ ငြိမ်းချမ်းရေးဖြစ်တယ်။ နောက်ပြီး နိုင်ငံတော်အနေနဲ့ လိုအပ်တာလည်း ငြိမ်းချမ်းရေးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ ဖော်ဆောင်နိုင်ဖို့လိုအပ်ပါတယ်။ ငြိမ်းချမ်းရေး ဖော်ဆောင်ရာမှာ သမ္မတကြီးရဲ့ နှစ်သစ်ကူး သဝဏ်လွှာမှာပါသလို ဖက်ဒရယ်မူကိုအခြေခံတဲ့ နိုင်ငံရေး ဆွေးနွေးပွဲတစ်ရပ် လိုအပ်တယ်။ ဒီလိုတွေ့ဆုံဆွေးနွေးမှုအားဖြင့်သာ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ပါတယ်။ အပြည့်အဝလည်း ထောက်ခံပါတယ်။ နိုင်ငံရေးပြဿနာရဲ့အဖြေကို စစ်မြေပြင်မှာ ရှာဖွေလို့မရပါဘူး။ စားပွဲပေါ်မှာပဲ ရှာလို့ရပါတယ်။

နိုင်ငံရေးဆွေးနွေးပွဲကို မသွားခင် အပစ်အခတ်ရပ်စဲရေးကို လုပ်ဆောင်တာ အကောင်းဆုံးပါ။ ဆွေးနွေးရင်း တိုက်၊ တိုက်ရင်းဆွေးနွေးတဲ့ Fight, Fight, Talk, Talk ကိုတော့ အားမပေးပါဘူး။ အချိန်ကို ကြန့်ကြာစေသလို အခန့်မသင့်ရင် ဆွေးနွေးပွဲတောင် ပျက်ပြားသွားစေနိုင်ပါတယ်။ ဒါကြောင့်မို့ အပစ်အခတ်ရပ်စဲရေးကို အရင်ရအောင် ယူပြီးရင် နိုင်ငံရေးဆွေးနွေးပွဲကို သွားတာ အကောင်းဆုံးပါပဲ။ သမ္မတကြီးရဲ့ Guideline ကလည်း ဒီလိုပါပဲ။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးနိုင်ဖို့ အားလုံးဆန္ဒရှိကြတယ်။ အချိန်ကလည်း ပိုမြန်လေပိုကောင်းလေပါ။ ဒါပေမယ့် all inclusive ဖြစ်ဖို့တော့ လိုအပ်ပါတယ်။ အားလုံးပါဝင်သွားနိုင်အောင် နည်းလမ်းရှာကြရမှာပါ။ လက်မှတ်ရေးထိုးနိုင်ဖို့ တိုက်ပွဲတွေကို လုံးဝရပ်ဆိုင်းထားတာ အကောင်းဆုံးပါပဲ။

ရွေးကောက်ပွဲအတွက် ဆိုရင်လည်း အားလုံးဟာ လွတ်လပ်ပြီး တရားမျှတဖို့ တင်ပြတောင်းဆိုကြပါတယ်။ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကလည်း ၂၀၁၅ ရွေးကောက်

ဦးသက်ဝင်း
မွန်ပြည်နယ်
ဗမာတိုင်းရင်းသားရေးရာဝန်ကြီး

ပွဲကို အတတ်နိုင်ဆုံးကြိုးစားပြီး ဦးဆောင်ကျင်းပပေးသွားမယ်ဆိုပြီး ပြောပါတယ်။ အစိုးရဘက်ကလည်း လိုအပ်တာတွေ လုပ်ဆောင်ပေးသွားမယ်လို့ သမ္မတကြီးကလည်း ပြောပါတယ်။ ကချင်ပြည်နယ်က IDP တွေကို ဆက်လက်ကူညီပေးဖို့၊ ပြည်သူထဲက ပြည်သူတွေမို့ အစိုးရအနေနဲ့ တိုင်းပြည်ရဲ့သားသမီးတွေကို မျှမျှတတဖြစ်အောင် ကူညီပေးဖို့ကိုလည်း တင်ပြခဲ့ပါတယ်။

ဦးဇိုဇမ်း၊ ဥက္ကဋ္ဌ၊
ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ

သမ္မတကြီးက ဆွေးနွေးပွဲဖိတ်တုန်းက အချက်သုံးချက်အပေါ်မူတည်ဆွေးနွေးဖို့ ဖိတ်ကြားစာပေးပို့ခဲ့ပါတယ်။ အဲဒီအပေါ်မှာ ကျေကျေနပ်နပ်နဲ့ ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အဓိကထားဆွေးနွေးခဲ့ပါတယ်။ နောက်အခြေခံဥပဒေပြင်ဆင်ရေးနဲ့ ရွေးကောက်ပွဲ လွတ်လပ်ပြီး တရားမျှတဖို့ဆိုတဲ့ အချက်သုံးချက်ပေါ် ဆွေးနွေးခဲ့ပါတယ်။ ငြိမ်းချမ်းရေးဟာ ပြည်သူအတွက် ဘယ်လောက်လိုအပ်တယ်ဆိုတာလည်း ဆွေးနွေးခဲ့ပါတယ်။ ငြိမ်းချမ်းရေးမှာ ceasefire လုပ်ထားတဲ့အဖွဲ့ ဆယ်ဖွဲ့ကျော်ရှိပါတယ်။ ceasefire မလုပ်နိုင်တာ နှစ်ဖွဲ့သုံးဖွဲ့ ကျန်တယ်လို့လည်း သိရပါတယ်။ ceasefire လုပ်ထားတဲ့အဖွဲ့တွေ အခုလိုလုပ်ထားတာ သုံးလေးနှစ်ထဲရောက်နေပါပြီ။ ceasefire လုပ်ထားတာကိုတန်ဖိုးထားပေးရမယ်။ ဆွေးနွေးပွဲတွေ ပြုလုပ်ပေးရပါမယ်။ အဲဒါကို ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် Nation-Wide Ceasefire Agreement အမြန်ဆုံး ထိုးနိုင်ဖို့ လိုအပ်ပါတယ်။ မထိုးနိုင်သေးရင်တောင်မှ တချို့အဖွဲ့တွေက Demand ရှိတယ်။ သူတို့က ဘာပြောလဲဆိုရင် နိုင်ငံရေးတွေ့ဆုံပွဲ အရင်လုပ်မယ်။ ပြီးရင် လက်မှတ်ထိုးမယ်။ ဒါမျိုးပြောတာလေးကိုလည်း အခုဆွေးနွေးပွဲမှာ ဖော်ပြခဲ့ပါတယ်။

ဘာပဲဖြစ်ဖြစ် နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်ဖို့ လိုအပ်နေပါပြီ။ Political Dialogue Framework ကို အမြန်ဆုံးလုပ်မယ်။ ပြီးရင် ငြိမ်းချမ်းရေးစာချုပ်ကိုထိုးဖို့ ကြိုးစားမယ်။ ဒီကြားထဲမှာ တောထဲတောင်ထဲမှာ ရှိနေတဲ့ ကျွန်တော်တို့ညီအစ်ကိုတွေကို ဘယ်လို ဖိတ်ခေါ်ရမယ်ဆိုတာကိုလည်း ဆွေးနွေးခဲ့ပါတယ်။ အိမ်ပြန်ချင်တဲ့ ညီအစ်ကို တွေကိုအိမ်ပြန်လမ်းဖြောင့်ဖို့ သူတို့ကို Warmly Welcome လုပ်ဖို့ လိုအပ်ပါတယ်။

အခြေခံဥပဒေ ပြင်ဆင်ရေး

ဒေါက်တာ မနာမ်တူးဂျာ
(ကချင်ပြည်နယ်
ဒီမိုကရေစီပါတီဥက္ကဋ္ဌ)

အတွက် ပြင်လို့လွယ်တာရယ်၊ အလယ်အလတ် ခက်ခဲတာရယ်၊ ခက်ခဲတာရယ်ဆိုပြီး သုံးပိုင်း ခွဲပြီးပြင်ဖို့ လွယ်တာတွေ စပြင်ဆင်ဖို့ လိုအပ်ပါတယ်။ အခြေခံဥပဒေဆိုတာ လွှတ်တော်ရှိနေသမျှ အစိုးရရှိနေသမျှရှိနေမှာပါ။ နောက်လာမယ့် မျိုးဆက်သစ်ကလည်း သူ့ခေတ်သူ့အခါလျောက် ပြင်ဆင်ဦးမှာပါ။ အခြေခံဥပဒေကို တစ်ချိန်တည်းမှာ ပြင်ဆင်လိုက်ရတာမျိုး မရှိပါဘူး။ အရေးကြီးတာက အလုပ်ဖြစ်မယ့် ပြင်ဆင်လို့လွယ်တာကို အရင်ပြင်မယ်။ ခက်ခဲတာကို နောက်ပိုင်း တဖြည်းဖြည်း ပြင်ဆင်သွားမယ်။ ကျောက်ကောင်းတစ်ပွင့်ကဲ့သို့ ခဏခဏ သွေးနေပြီးပြင်နေသလို ပြင်ဆင်နေရပါမှာပါ။

ဦးဖိုးရယ်၊ ဥက္ကဋ္ဌ၊ လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ

၂၀၁၅ ရွေးကောက်ပွဲအတွက် ပွင့်လင်းမြင်သာမှုရှိဖို့ နိုင်ငံတော်သမ္မတကိုရော ရွေးကောက်ပွဲ ကော်မရှင်ကိုပါ တင်ပြထားတာတွေရှိပါတယ်။ ကျွန်တော်တို့ ဒီမိုကရေစီဆက်လှမ်းဖို့ ဒီမိုကရေစီလို့ အသံကောင်းဟစ်နေလို့ မရပါဘူး။ လက်တွေ့ကျကျလုပ်ဆောင်ဖို့ တင်ပြထားပါတယ်။ ငြိမ်းချမ်းရေးကိစ္စမှာ ကယားပြည်နယ်အနေနဲ့ အလိုအပ်ဆုံးကိစ္စပါ။ ငြိမ်းချမ်းရေးမရသရွေ့ ကျွန်တော်တို့လိုချင်တဲ့ ဒီမိုကရေစီတို့ နိုင်ငံရေး၊ စီးပွားရေးတို့ အချည်းအနှီးဖြစ်နေမှာပါ။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး သမ္မတကြီးပြောခဲ့သလို လာမယ့် ပြည်ထောင်စုနေ့မှာ လက်မှတ်ရေးထိုးနိုင်အောင် တိုက်တွန်းထားတာလည်း ရှိပါတယ်။ ငြိမ်းချမ်းရေးအတွက် သမ္မတကြီးက သူ့အနေနဲ့ အဖြစ်နိုင်ဆုံးအကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမယ်။ အားလုံးကလည်း ပူးပေါင်းဆောင်ရွက်သွားကြဖို့လည်း ပြောကြားပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ လာမယ့် ရွေးကောက်ပွဲအတွက် ကယားပြည်နယ်ရဲ့ ခက်ခဲတဲ့ ဒေသတွေအထူးသဖြင့် တောင်ပေါ်ဒေသတွေမှာ အိမ်ထောင်စုစာရင်း မရှိဘူး။ မှတ်ပုံတင်မရှိဘူး၊ ဒါပေမယ့် မဲစာရင်းမကျန်အောင် လုပ်ပေးဖို့လည်း တင်ပြထားပါတယ်။ နောက်ပြီး ဖွဲ့စည်းထားတဲ့ ကော်မရှင်အဖွဲ့ခွဲတွေမှာ ပါတီနိုင်ငံရေးကင်းရှင်းပြီး သမာသမတ်ရှိတဲ့သူတွေ ထည့်ပေးဖို့တင်ပြထားတာလည်း ရှိပါတယ်။

ဒေါက်တာမင်းနွယ်စိုး
မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ

ဒီနေ့ဆွေးနွေးပွဲမှာ ပေးထားတာက အချက်(၃)ချက် ရှိပါတယ်။ ပြုပြင်ပြောင်းလဲရေး၊ ဒီပြုပြင်ပြောင်းလဲရေးကို ကျွန်တော်တို့က ဘယ်လို

ဦးဇိုဇမ်း (ဥက္ကဋ္ဌ၊
ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ)

အကြံပေးမလဲဆိုတော့ အဖွဲ့အစည်း အသီးသီးကတော့ သူ့အမြင်နဲ့ သူ ပြောကြတာပေါ့။ ကျွန်တော်တို့ကတော့ ဒီပြုပြင်ပြောင်းလဲရေးဟာ

ဒေါက်တာမင်းနွယ်စိုး
မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ

ငြိမ်းချမ်းရေးနဲ့ရော အနာဂတ်မှာ ဖြစ်ပေါ်လာမယ့် ပြည်ထောင်စုအတွက်ပါ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ တင်ပြခဲ့တာပါ။ ကျွန်တော်တို့ တိုင်းရင်းသားတွေကတော့ ဒီမိုကရေစီအရေးကိုလည်း လိုချင်ကြပါတယ်။ ပြီးတော့ ဒီ ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းပုံအတွက် ဒါကို ဖြစ်ထွန်းလာစေချင်တာပါ။ ဒါနဲ့ပတ်သက်ပြီးကတော့ ဆွေးနွေးအဖြေရှာဖို့ တစ်ချက်ပေါ့။

နောက်တစ်ခုကတော့ ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးကလည်း အားလုံးသိတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက လူတွေက ဒုက္ခရောက်ခဲ့တာ ယနေ့အထိပါပဲ။ အထူးသဖြင့် အစွန်အဖျားဒေသက တိုင်းရင်းသားတွေပါပဲ။ အခုတောင် IDP တွေကရှိနေတာပဲ၊ ကျွန်တော်တို့လည်း ငယ်ငယ်ကအိမ်မှာမှ မအိပ်ရဘဲ၊ ဖုံးကျင်းတွေမှာ လှည့်အိပ်ရတဲ့ အနေအထားနဲ့ နေလာခဲ့ရတာ။ ပြီးတော့ ကျန်တဲ့လူ့သိက္ခာတွေ ထိခိုက်တာလည်း အများကြီးပါပဲ။ ဒါကတော့ ပညာရေးမရှိလို့ပေါ့။ လူတိုင်းကတော့ ငြိမ်းချမ်းရေးကို လိုချင်ကြတယ်။ တိုင်းရင်းသားတွေဘက်က သူတို့ရဲ့ Identity နဲ့ပတ်သက်တဲ့အခွင့်အရေးတွေကိုလည်း သူတို့ ရချင်ကြပါတယ်။ ဆိုလိုတဲ့သဘောက ဒီဖက်ဒရယ်ပြည်ထောင်စုမှာက တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကတော့ အကန့်အသတ်ရှိကောင်းရှိမှာပေါ့။ ဒီဟာကိုတော့ တိုင်းရင်းသားတွေက လိုချင်ကြတယ်။

နောက်တစ်ခု ဒီနေ့ ကျွန်တော်တို့ ဆွေးနွေးတဲ့ တတိယအချက်ကတော့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတဖို့နဲ့ ညင်သာတဲ့ အသွင်ကူးပြောင်းမှုပေါ့။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ဘက်က ၂၀၁၅ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်စေချင်တယ်။ နောက်တစ်ခုက ဘာလဲဆိုတော့ မဲစာရင်းပေါ့။ ဟိုတုန်းက မဲစာရင်းမှာ ပါချင်တဲ့ သူပါတယ်။ မပါချင်တဲ့သူ မပါဘူး။ အိမ်ထောင်စုတစ်စုတည်းမှာ တောင်မှမပါဘဲနဲ့ ကျန်ရစ်ခဲ့တဲ့သူတွေရှိတယ်။ ဒါကလည်း အရေးကြီးပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့က ဖြစ်စေချင်တာ။ လာမယ့် ၂၀၁၅ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင်က မြို့နယ်အဆင့်မှာရော ရပ်ကျေးအဆင့်မှာပါ မဲရုံအဆင့်မှာရော လက်ရှိအစိုးရပဲ ဖြစ်ဖြစ် ဒါမှမဟုတ်လည်း အင်အားကြီးမားတဲ့ ပါတီပဲဖြစ်ဖြစ် သူတို့ဩဇာနဲ့ မကောင်းတဲ့လူကို သိပ်တာဝန် မပေးစေချင်ဘူး။ ဒါကို ကျွန်တော်

ဦးဖိုးရယ်(ဥက္ကဋ္ဌ၊
လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ)

တင်ပြခဲ့တယ်။ ပြီးတော့ ကျွန်တော်တို့ အသွင်ကူးပြောင်းရေးပေါ့လေ။ ၂၀၁၅ ရွေးကောက်ပွဲပြီးလို့ရှိရင် ဟိုဘက်ကို ဘယ်လိုသွားမလဲဆိုတဲ့ ကိစ္စပေါ့။ ကျွန်တော်တို့ဘက်က မြင်တာ ၂၀၁၅ ရွေးကောက်ပွဲပြီး ကာလက အရေးကြီးပါတယ်။ ဒီမိုကရေစီလမ်းကြောင်းကို အသေအချာ တည်ဆောက်ရမှာပါ။

အဲဒီအပိုင်းမှာ ညင်သာဖို့ရာလည်း အစောပိုင်းပြောသလို ငြိမ်းချမ်းရေးရဖို့က အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးက အလွန်အရေးကြီးပါတယ်။ အသွင်ကူးပြောင်းရေးကာလမှာ ဥပဒေဆိုတာရှိလိမ့်မယ်။ ပြည်သူတွေ အားလုံးကိုလည်း ဥပဒေအကာအကွယ်အပြည့်အဝရဖို့ ကျွန်တော်တို့ လုပ်ရမယ်။ တစ်ဖက်ကလည်း ဥပဒေကို ချိုးဖောက်လာရင် ထိထိရောက်ရောက် အရေးယူရမှာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့တင်ပြခဲ့တဲ့ အချက်အလက်တွေပဲဖြစ်ပါတယ်။

ဦးအားဆီ
ကချင်ပြည်နယ်အစိုးရအဖွဲ့
လီဆူတိုင်းရင်းသားရေးရာဝန်ကြီး

ကျွန်တော်ဆွေးနွေးခဲ့တဲ့ အပိုင်းမှာ အချက်(၃)ချက်ကို ဦးတည်ဆွေးနွေးခဲ့ပါတယ်။ ဘယ်လိုဆွေးနွေးသလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် အချိန်အခါနဲ့ တစ်ပြေးညီ ထားသင့်တဲ့အပိုင်းကို ထားပြီးတော့မှ ပြုပြင်သင့်တဲ့အပိုင်းကို ပြုပြင်ပေးဖို့ တင်ပြဆွေးနွေးခဲ့ပါတယ်။ ဒုတိယအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကိုအခြေခံပြီး အမျိုးသားစည်းလုံးညီညွတ်ရေး အောင်မြင်ရေးအတွက် တိုင်းရင်းသားများရဲ့ ရပိုင်ခွင့်များ၊ ဒါကိုဦးစားပေး အလေးထားပြီး ဆွေးနွေးပါတယ်။ တတိယအနေနဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ရွေးကောက်ပွဲဆိုတာ တည်ငြိမ်အေးချမ်းမှုရမှ ရွေးကောက်လို့ရပါတယ်။ ဒါကြောင့် တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် ပြည်သူများ၊ အခု တက်ရောက်လာတဲ့ ခေါင်းဆောင်ကြီးများ၊ တိုင်းရင်းသားရေးရာ ဝန်ကြီးတွေလည်း ပါဝင်ကူညီဖို့လိုပါတယ်ဆိုတဲ့ အကြောင်းကိုလည်း ဆွေးနွေးပါတယ်။

အခုလို ဆွေးနွေးတဲ့အချိန်မှာ ဒီနေ့တက်ရောက်တဲ့ ကိုယ်စားလှယ်အားလုံး အားရကြပါတယ်။ ပွင့်ပွင့်လင်းလင်းနဲ့ ရင်ထဲမှာရှိတာကို ရှုထောင့်အမျိုးမျိုးနဲ့ တင်ပြတဲ့အချိန်မှာ တူညီမှုတွေလည်းရှိပါတယ်။ မတူညီမှုတွေကတော့ နည်းပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ နိုင်ငံတော်ရဲ့ငြိမ်းချမ်းမှု၊ တည်ငြိမ်

ဦးအားဆီ
ကချင်ပြည်နယ်အစိုးရအဖွဲ့
လီဆူတိုင်းရင်းသားရေးရာဝန်ကြီး

အေးချမ်းမှုကို ဦးတည်ပြီးတော့မှ ဆွေးနွေးကြပါတယ်။ ကျွန်တော်တို့ အနေနဲ့လည်း အများအားဖြင့် ဒီကိစ္စကို ဆွေးနွေးကြပါတယ်။

တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ အခြေခံကောင်းတွေ အများကြီးရှိပါတယ်။ ရေခံ၊ မြေခံတွေ၊ သယံဇာတတွေအများကြီးရှိတဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ ပြောင်းလဲမှုကတော့ ခဏလေးနဲ့ မြန်မြန်ဆန်ဆန် ပြောင်းလဲလာလိမ့်မယ်လို့ မြင်ပါတယ်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးတွင် နိုင်ငံသားအားလုံးပါဝင်နိုင်ရေး၊ ၅၁ သန်းသော ပြည်သူတို့၏ ဆန္ဒဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးတို့ကို အဓိကရည်မှန်းချက်ထား ဆောင်ရွက်ခဲ့ရာ ယခုဆွေးနွေးပွဲများသည် အဆိုပါလိုလားချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သကဲ့သို့ မြန်မာ့နိုင်ငံရေးအတွက် အစဉ်အလာကောင်းတစ်ရပ်ဖြစ်သည့် စားပွဲဝိုင်းနိုင်ငံရေးယဉ်ကျေးမှုထွန်းကားလာပြီဟု ဆိုရမည်ဖြစ်ပါကြောင်း။

ပြည်တွင်းသတင်း

ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လက်မှတ်ရေးထိုး

ရန်ကုန် ဇန်နဝါရီ ၁၃

နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ပေါ်လျက်ရှိသော စီးပွားရေးလုပ်ငန်းကဏ္ဍ အရပ်ရပ်အတွက် လိုအပ်သောချေးငွေများ ပိုမိုထုတ်ချေးပေးနိုင်ရန် ကမ္ဘောဇဘဏ်နှင့် Cathay United Bank (CUB) တို့မှ ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တစ်ရပ်ကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ Sedona Hotel အင်းလျားခန်းမ၌စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးခဲ့ကြသည်။ **(ယာပုံ)**

အထက်ပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် CUB မှ ဥက္ကဋ္ဌ Mr. Tau-Pei Chen၊ ကမ္ဘောဇဘဏ်နှင့် CUB Bank မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး ငွေကြေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးစာချုပ်ကို ကမ္ဘောဇဘဏ်လီမိတက်မှ အမှုဆောင်ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်း

နှင့် CUB Bank မှ General Manager Mr. Aaron Hung တို့ လက်မှတ်ရေးထိုးကြသည်။

အဆိုပါစာချုပ်အရ ကမ္ဘောဇဘဏ်နှင့် CUB Bank တို့ပူးပေါင်း၍ကနဦးအနေဖြင့် အမေရိကန်ဒေါ်လာသန်း ၈၀ ကို ပြည်တွင်းရှိ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းအရပ်ရပ်အတွက် ထုတ်ချေးပေးသွားမည်ဖြစ်သည်။

ကမ္ဘောဇဘဏ်အနေဖြင့် နိုင်ငံတကာမှဘဏ်များ၊ ငွေကြေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်း၍ ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်နိုင်ရေးအတွက် ချေးငွေများ ပိုမိုထုတ်ချေးသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လမ်းမတော်မြို့နယ် ဗဟိုစည်ဆေးရုံ ခြောက်လွှာ၌မီးလောင်

ရန်ကုန် ဇန်နဝါရီ ၁၃

ဇန်နဝါရီ ၁၃ ရက် မွန်းတည့် ၁၂ နာရီခန့်က လမ်းမတော်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ဝါးတန်းလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ ဗဟိုစည်အိမ်ရာဝင်း တိုက်အမှတ် (၁/၂) ပိုင်ရှင် ဒေါက်တာဦးကျင်ထွန်း၏ ဗဟိုစည်ဆေးရုံခြောက်လွှာရှိ သားဖွားဆောင်ဧည့်ခန်းအတွင်း မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရခြင်းအကြောင်းမှာ သားဖွားဆောင်ဧည့်ခန်းမျက်နှာကြက်တွင် တပ်ဆင်ထားသော လေးပေ မီးချောင်းချုပ်အပူလွန်ကဲရာမှ ပြုတ်ကျပြီး အောက်ရှိ ဆိုဖာထိုင်ခုံပေါ်သို့ ကျ၍ မီးလောင်ရခြင်းဖြစ်ကြောင်း မြို့နယ်မီးသတ်တပ်ဖွဲ့ထံမှ သိရသည်။

မီးစတင်လောင်စဉ် ဆေးရုံဝန်ထမ်းများက မီးသတ်ဆေးဘူးများဖြင့် ကနဦးငြိမ်းသတ်ခဲ့ကြပြီး မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် မှူးညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး ဦးဆောင်သော ကွပ်ကဲမှုယာဉ်လေးစီး၊ မီးငြိမ်းသတ်ရေး ယာဉ် ၁၂ စီး၊ အထောက်အကူပြုယာဉ် ခုနစ်စီးတို့က သွားရောက်ငြိမ်းသတ်ပေးခဲ့မှုကြောင့် မွန်းလွဲ ၁၂ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် လူနာနှင့် ဧည့်သည်များ တစ်စုံတစ်ရာ ထိခိုက်မှုမရှိသော်လည်း အခန်းတွင်းရှိ မျက်နှာကြက် ထိုင်ခုံဆိုဖာများနှင့် အဲကွန်းတို့ မီးလောင်ဆုံးရှုံးမှု ဖြစ်ခဲ့ရသည်။

မီးလောင်မှုကြောင့် ဆေးရုံမှ လျှပ်စစ်တာဝန်ခံ ဦးငြေးစိန် အသက် (၃၄ နှစ်) အား လမ်းမတော်မြို့နယ် မြို့မရဲတပ်ဖွဲ့က အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

ရွှေပေါက်ကံမြို့သစ် မီး

ထို့အတူ ယင်းနေ့ နံနက် ၈နာရီခွဲခန့်ကလည်း မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် ငမိုးရိပ်ချောင်းဘေး ငုရွှေဝါလမ်းသွယ် အမှတ် (၁၁-၁) ရပ်ကွက် အိမ်အမှတ် (၇၇၇) တွင်လည်းမီးလောင်မှုတစ်ရပ်ဖြစ်ပွားခဲ့သည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ကွပ်ကဲမှုယာဉ်နှစ်စီးနှင့်အတူ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီ မီးသတ်စခန်း၊ ရွှေပေါက်ကံ မီးသတ်စခန်းတို့မှ မီးငြိမ်းသတ်ရေးယာဉ် ခုနစ်စီးခန့်က သွားရောက်ခဲ့ကြသည်။

မီးလောင်သည့်နေရာမှာ ငုရွှေဝါလမ်းသွယ်နှင့် တစ်မိုင်ခန့်အလှမ်းကွာပြီး မီးငြိမ်းသတ်ရေးယာဉ်များ ဝင်မရသည့်အတွက် အမှတ်(၂) တိုင်းဒေသကြီး/ပြည်နယ် မီးသတ်ဦးစီးရုံးများကွပ်ကဲမှုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့် ဦးဆောင်မှုဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦး အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ တို့က ပတ်ဝန်းကျင်အိမ်များမှ ရေကိုရယူ၍ ငြိမ်းသတ်ပေးခဲ့ရသည်။

မီးလောင်မှုကြောင့် သွပ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း မြေစိုက်တဲတစ်လုံး မီးသင့်ခဲ့ရသည်။ မီးလောင်စဉ်အိမ်ရှင်မရှိသည့်အတွက် စုံစမ်းအရေးယူမှုများ ပြုလုပ်လျက်ရှိသည်ဟု သိရသည်။

ကိုကြီးတင်

✻ *ကျောဖုံးမှ*

မသွားလာနိုင်သည့် တိုင်အောင် စံပြဈေးလောက်ကနေတစ်ဆင့် သယ်ယူပို့ဆောင်တဲ့စနစ်ကို ကျွန်တော်တို့ ကျင့်သုံးရလိမ့်မယ်။ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရင်တော့ အကောင်းဆုံးပေါ့။ တစ်ဆင့်တစ်ဆင့်ကတော့ ဘယ်သူမှ မစီးချင်ကြပါဘူး”ဟု မထသ (ဗဟို)မှ ဥက္ကဋ္ဌ ဦးလှအောင်က ဆိုသည်။

ဆက်လက်၍၎င်းက “ကျွန်တော်တို့ယာဉ်တွေကို ပံ့ပိုးပေးနိုင်တာကတော့ စီအင်န်ဂျီတစ်ခုပဲရှိတယ်။ အဲ့ဒီတော့ စီအင်န်ဂျီနဲ့ ပြေးဆွဲဖို့မလုံလောက်တော့တဲ့အခါမှာ အခက်အခဲဖြစ်ရပါတယ်ဆိုပြီးသူတို့က ပြန်တင်ပြကြတယ်။ မလုပ်နိုင်ဘူးဆိုပြီးတော့ပေါ့။ ဒီ စီးပွားရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူတွေအတွက် ကျွန်တော်တို့က နောက်ဆုံး မရရင် စံပြဈေးဘက်ကနေ ဟိုဘက်ကို ခေါက်တိုဆွဲမလားဆိုပြီး စဉ်းစားနေပါတယ်။ တစ်ဆက်တစ်စပ်တည်းသွားနိုင်ဖို့ကတော့ ယာဉ်ပိုင်ရှင်တွေရဲ့ တင်ပြမှုနဲ့ကျွန်တော်တို့ရဲ့စီမံခန့်ခွဲမှုကို အချိန်ယူပြီးတော့ လုပ်ဆောင်ပေးသွားမှာပါ”ဟု ပြောသည်။

လက်ရှိ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)၌ ပညာသင်ကြားနေကြသော ကျောင်းသားတစ်ဦးက “အရင်တုန်းက ပြေးဆွဲပေးခဲ့တဲ့ ၂၁၀ ယာဉ်လိုင်းက ရွာမကွေ့မှတ်တိုင်ကနေပြီး စီးပွားရေးတက္ကသိုလ်အလွန် သပြေခြံမှတ်တိုင်ထိ ပြေးဆွဲပေးခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၃ ခုနှစ်နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ ယာဉ်လိုင်းတွေပျောက်ကုန်ပြီး အခုဆိုရင် ဒိုင်နာယာဉ်တချို့ကလွဲပြီး အထူးယာဉ်လိုင်းတွေ လုံးဝမရှိတော့ပါဘူး။ စီးပွားရေးတက္ကသိုလ်ကျောင်း အလွန်မှာဆိုရင်လည်း နယ်ကလာရောက်ပညာသင်ကြားနေကြတဲ့ကျောင်းသားကျောင်းသူတွေရဲ့ အဆောင်တချို့ရှိနေပါတယ်။ အဲ့ဒီအဆောင်နေ ကျောင်းသား ကျောင်းသူ အများစုဟာလည်း ဒိုင်နာယာဉ်တွေကိုသာ အားကိုးစီးနေကြရပါတယ်။ ဖယ်ရီကားတွေရှိပေမယ့် ဖယ်ရီမပြေးဆွဲတဲ့လမ်းကြောင်းမှာတော့ အနည်းဆုံးနှစ်ဆင့်၊ သုံးဆင့်စီးပြီးမှသာ ကျောင်းကိုရောက်နိုင်တဲ့အတွက် ပညာသင်ယူရာမှာ အလွန်ပင်ပန်းပါတယ်။ ဒါ့ကြောင့် အရင်ယာဉ်လိုင်းတွေ ထပ်မရတော့ရင်တောင်မှ အသစ်ယာဉ်လိုင်းတချို့ ပြေးဆွဲပေးမယ်ဆိုရင် ကျောင်းသား ကျောင်းသူတွေ အပါအဝင် ဆရာ ဆရာမတွေအတွက်ပါ အင်မတန် အထောက်အကူပြုမှာဖြစ်ပါတယ်၊ ကျောင်းကို ပြေးဆွဲတဲ့ရထားကလည်း မနက်နှစ်ခေါက်ညနေနှစ်ခေါက်ပဲပြေးဆွဲပါတယ်။ အဲ့ဒါကြောင့်မို့ ဒီရထားတွေကိုခေါက်ရေများများပြေးဆွဲပေးဖို့ကိုလည်း လိုလားပါတယ်” ဟု ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရန်ကုန်မြို့တွင်းမှ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး) ကျောင်းသို့ ယခင်က ရွှေအင်းဝခရီးသည်တင်ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ် အမှတ် ၁၉၇၊ မထသ ခရီးသည်တင်ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ် အမှတ် ၂၁၀ အထူးနှင့် ပါရမီခရီးသည်တင်ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်အမှတ် ၁၈၂ တို့က ပြေးဆွဲပေးခဲ့ခြင်းကြောင့် ကျောင်းသားကျောင်းသူများခရီးသွားလာမှု အဆင်ပြေချောမွေ့ခဲ့ကြကြောင်း သိရသည်။

စိုးဝင်း(SP)

မီးဖို မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွား

ရေး ဇန်နဝါရီ ၁၃

ဇန်နဝါရီ ၁၂ ရက် ည ၁၁ နာရီ မိနစ် ၂၀ က ရေးမြို့ သီရိနန္ဒာရပ်ကွက် အဏ္ဏဝါရပ် တနင်္သာရီလမ်းမကြီး အမှတ်(၉၀) နေ ဦးထင်ကျော် (၄၇ နှစ်) ၏နေအိမ် မီးဖိုမီးကြွင်းမီးကျန်မှ ပေါ်ဆမီး စတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲမှူး၊ သန္ဓေမီးသတ်တပ်ဖွဲ့ ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးနှင့် ရပ်ကွက်နေပြည်သူများက မီးသတ်ယာဉ်ခြောက်စီး၊ ပုဂ္ဂလိကရေသယ်ယာဉ် နှစ်စီး၊ အပေါ့စားရေစုပ်စက်နှစ်လုံးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီ မိနစ် ၅၀ တွင် မီးညွန့်ကျိုးပြီး ဇန်နဝါရီ ၁၃ ရက် နံနက်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြသည်။

မီးလောင်မှုတွင် ပေ (၁၅၀×၅၀) အရွယ် စားသောက်ဆိုင် အဆောက်အအုံဟောင်းတစ်လုံး၊ သွပ်မိုး၊ အုတ်ညှပ်၊ ပျဉ်ခင်းနှစ်ထပ် လူနေအိမ်တစ်လုံး TIGER DOUBLE CUB အဖြူရောင်ကားတစ်စီး မီးလောင်ကျွမ်းခံရပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၉၁၂၅၀၀၀ ခန့်ဖြစ်ပြီး မီးလောင်မှုကြောင့် ဦးထင်ကျော်၏ မိသားစုမှ ခုနစ်ဦး မီးဘေးဒုက္ခခံစားခဲ့ရပြီး ဒုက္ခသည်များကို မီးလောင်ကျွမ်းမှု မရှိသော ကျန်နေအိမ်တစ်လုံး၌ ဆက်လက်နေထိုင်စေခဲ့ကြောင်း သိရသည်။ မီးလောင်မှုတွင် မီးပေါ့ဆသူ အိမ်ရှင် ဦးထင်ကျော်ကို ရေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

MYANMA MOTOR MARKETING
www.mmm-auto.com

MYANMA MOTOR MARKETING CO.,LTD.

အိမ်စီးကားများနှင့် Taxi ကားများကို အရစ်ကျ (HP)ငွေချေးစနစ်ဖြင့် သီးသန့်ရောင်းချခြင်း အရောင်းစင်တာ

၁။ လူကြီးမင်းတို့အတွက် ကနဦးအနည်းဆုံး ကျပ်(၂၀)သိန်း (သို့) စလစ် + (၁၅)သိန်းပေးချေရုံဖြင့် ကားတစ်စီးပိုင်ဆိုင်နိုင်ပါသည်။

၂။ မြန်မာနိုင်ငံတွင် မည်သည့်ကုမ္ပဏီမှ ရောင်းချပေးခြင်းမရှိသော ဈေးနှုန်းများဖြင့် အရစ်ကျ ရောင်းချပေးနေပါသည်။

၃။ MMM Co.,Ltd. မှ အရစ်ကျ(HP) စနစ်ဖြင့် ကားများကို ရောင်းချပေးနေပါသည်။

Myanma Motor Marketing Co.,Ltd.(ရုံးချုပ်/အရောင်းစင်တာ)၊ အမှတ်(၁၂၇၉)၊ ရတနာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၃၀၃၇၄၈၂၊ ၀၉-၄၀၁၅၈၉၈၉၂၊ ၀၉-၄၄၈၀၁၄၂၇၂ /Email : info@mmm-auto.com , Website : www.mmm-auto.com

လူပျောက်ကြော်ငြာ

ကျွန်တော်ကိုစည်သူတင် ၁၂/တမန(နိုင်)၀၀၀၄၄၈ ၏ဇနီး မခင်မြတ်ထွေးသည် ၂၅-၁၂-၂၀၁၄ ရက်တွင် နေအိမ်မှမိမိသဘောဆန္ဒအလျောက် ဆင်းသွားပါသဖြင့် တွေ့ရှိသူများမှ အကြောင်းကြားပို့ဆောင်ပေးနိုင်ရန် ကြေညာအပ်ပါသည်။

အကယ်၍ ဖြားယောင်းသွေးဆောင်ထားသူများရှိပါကဥပဒေကြောင်းအရ အရေးယူတရားစွဲဆို သွားပါမည်။

နေရပ်လိပ်စာ
ကိုစည်သူတင်
၁၂/တမန(နိုင်)၀၀၀၄၄၈
၄၇/သာယာရွှေပြည်လမ်း၊
တာမွေကလေးရပ်ကွက်၊
ဖုန်း-၀၉-၃၁၂၅၉၇၃၁

ဖခင်အမည်မှန်

အထက (ခွဲ)လက်ပံဝင်း အဌမတန်း (B)မှ မောင်နေဖြိုးလျှံ၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းလင်း ၁၂/လကန(နိုင်)၁၆၅၇၀၂ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ရွှေပြည်သာမြို့နယ်၊ အမက (၂၄) တတိယတန်း(B)မှ မစုထက်ထက်ကျော်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်ဆွေ ၁၂/ဒပန(နိုင်) ၀၀၈၉၇၇ ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကသာခရိုင်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်း (ဖြည့်စွက်) ရန်ပုံငွေဖြင့် လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်သောလမ်းခင်းကျောက်ရှယ်စုံနှင့် ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်သော လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများတွင် လမ်းခင်းကျောက် ရှယ်စုံ၊ သံချောင်းဆိုဒ်စုံ၊ ဘိလပ်မြေအိတ်များနှင့် နဘား-မီးရထားဘူတာရုံလမ်းပေါ်ရှိ တံတားအမှတ် ၁/၁၄ တံတားတည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သော Chipping ကျောက်နှင့် မြစ်သဲများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၇၅-၂၅၀၄၈ သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါလျှောက်လွှာပိတ်ရက် - ၁၆-၁-၂၀၁၅ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၅ နာရီ

တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ
ကသာခရိုင်အင်ဂျင်နီယာမှူးရုံး
ဖုန်း-၀၇၅-၂၅၀၄၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(UE-၁)၊ (တိုးချဲ့-၁)ရပ်ကွက်၊ BM (၁)လမ်း၊ မြေကွက်အမှတ် ၄၈၉၊ အကျယ်အဝန်း (အလျားပေ၄၀×အနံပေ၆၀)ရှိဦးခင်ဇော်(L/RGN-၀၀၀၆၅၄)အမည် ပေါက်ပါမစ်မြေကွက်အနက်မှတရားဝင်မခွဲမစိတ်ရသေးသော (ခြေရင်းဘက်ခြမ်း) အကျယ်(အလျားပေ၂၀×အနံပေ၆၀)ရှိမြေကွက်နှင့်ယင်းမြေပေါ်ရှိ အိမ်နှင့်တကွအကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်ကျော်နိုင် ၁၄/မမက(နိုင်)၀၀၀၉၆၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက်မြေကွက်တန်ဖိုးငွေ၏ စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း LL.B,D.B.L အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ ၂ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

✻ ကျောဖုံးမှ

တရုတ် (တိုင်ပေ)၊ ဩစတြေးလျ၊ ဟောင်ကောင်တို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။ မြန်မာယူ-၂၃ အသင်းသည် ခြေစစ်ပွဲမတိုင်မီ ဂျပန်၊ တရုတ်၊ ဗီယက်နမ်အသင်းများနှင့် ခြေစစ်ပွဲများယှဉ်ပြိုင်ကစားရန် စီစဉ်ထားကြောင်း သိရသည်။ ယင်းအသင်းကိုနည်းပြချုပ်အဖြစ် အေဗရာမိုဗစ်ကပင် ကိုင်တွယ်မည်ဖြစ်ပြီး စခန်းဝင်လေ့ကျင့်မှုကို မတ် ၃ ရက်တွင် စတင်မည်ဖြစ်သည်။

မြန်မာ ယူ -၂၃ အသင်းတွင် **နည်းပြချုပ်**-အေဗရာမိုဗစ်၊ **လက်ထောက်နည်းပြ**-ဇီကိုဗစ်နှင့်ဦးစိုးမြတ်မင်း၊ **ဂိုးနည်းပြ**-ဒီဒို၊ ကစားသမားများအဖြစ် **ဂိုး**-ကျော်ဇင်ဖြိုး၊ ချမ်းငြိမ်းကျော်၊ ရန်အောင်လင်း၊ ဇော်ဇော်နိုင်၊ အောင်ဝေဖြိုး၊ **နောက်တန်း**-ရဲဝင်းအောင်၊ စည်သူအောင်၊ သိန်းဇော်၊ နေဇော်အောင်၊ ဇာနည်ထက်၊ ဇွန်မိုးအောင်၊ ဝင်းဇင်ဦး၊ ထန်တမန်၊ ဆွန်လာမန်၊ ဟိန်းသီဟဇော်၊ သိန်းနိုင်ဦး၊ **အလယ်တန်း**- ဖြိုးကိုကိုသိန်း၊ ဇော်လင်း၊ မျိုးမင်းဇော်၊ သက်ပိုင်ဦး၊ ရဲလင်းအောင်၊ အောင်ရှိုးသာမောင်၊ ကောင်းဆက်နိုင်၊ ကိုကိုဟိန်း၊ ထက်ဇော်ထွန်း၊ ဇင်ဖြိုးအောင်၊ ညီညီမင်း၊ ဇော်ဝင်း၊ ငြိမ်းတေဇာဝင်း၊ လှိုင်းဘိုဘို၊ အောင်ကျော်နိုင်၊ ချစ်စုမိုး၊နေလင်းထွန်း၊ **ရှေ့တန်း**-ဒွေးကိုကိုချစ်၊ ဇင်မင်းထွန်း၊ သန်းထက်အောင်၊ စိုးပိုင်သွေးနှင့်ရန်နိုင်ထွေးတို့ ပါဝင်ကြသည်။

အရှိန်လွန်ကား လမ်းဆုံမီးပွိုင့်ဝင်တိုက်

နေပြည်တော် ဇန်နဝါရီ ၁၃

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပင်လောင်းလမ်းဆုံ မီးပွိုင့်တွင် ယနေ့ နံနက် ၄ နာရီက ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ် (၂၅၁/၄) နှင့် (၂၅၁/၅) အကြား မန္တလေးဘက်မှရန်ကုန်ဘက်သို့ ဦးတည်၍ ယာဉ်မောင်း ရဲမင်းထွန်း(ခ)မိုးကြီး၊ ကျောက်ပန်းတောင်း တံခါးကြီးရွာ နေထိုင်သူ မောင်းနှင်သော SA-9640 NISSAN Diesel ၁၂ ဘီးကား ဝါနီကျား ယာဉ်သည် မီးပွိုင့်မီးနီသဖြင့် ရပ်ထားသောကုန်တင်ယာဉ်ကို အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်တိုက်၍ လမ်း၏ဝဲဘက်ရှိမီးပွိုင့်ကို တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းရဲမင်းထွန်းတွင် ပြင်းထန်စွာဒဏ်ရာများရရှိခဲ့ပြီး အခင်းဖြစ်ပွားရာနေရာတွင်သေဆုံးခဲ့သည်။ ယာဉ်တိုက်မှု ဖြစ်ပွားရာနေရာသို့ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့ ယာဉ်မှုစစ် ဒုရဲမှူးရဲလွင်နှင့် အဖွဲ့ရောက်ရှိလာပြီး ရန်ကုန်-မန္တလေးကားလမ်း ယာဉ်ကြောမပိတ်ဆို့စေရေးအတွက် မော်တော်ယာဉ်ကို လမ်းဘေးချခြင်း၊ လမ်းရှင်းခြင်းများ ဆောင်ရွက်ပေးခဲ့သည့်အတွက် ရန်ကုန်-မန္တလေးလမ်းဟောင်း လမ်းပိတ်ဆို့မှု မဖြစ်ခဲ့ကြောင်း၊ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ရဲမင်းထွန်း (သေဆုံး)အား ရေဆင်းရဲတပ်ဖွဲ့စခန်းက ဥပဒေအရ အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ကိုမျိုး(ရွှေပေါက်ကံ့)

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်အမျိုးအစားအလိုက်သတ်မှတ်ချက်များထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
ကြေညာချက်အမှတ်(၁/၂၀၁၅)
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်အမျိုးအစားအလိုက်
သတ်မှတ်ချက်များ ထုတ်ပြန်ကြေညာခြင်း

၁။ မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် နိုင်ငံတော်၏စီးပွားရေးဖြစ်ထွန်းမှုကို အထောက်အပံ့ဖြစ်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ပေါ်ထွန်းလာစေရန်နှင့်ပြည်သူများ တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံမှုပြုနိုင်စေရန်အတွက် ရန်ကုန်စတော့အိတ်ချိန်းကို ယခုနှစ်တွင် ဖွင့်လှစ်ရန် ဆောင်ရွက်နေပါသည်။

၂။ ရန်ကုန်စတော့အိတ်ချိန်းတွင် ဝန်ဆောင်မှုပေးနိုင်ရန်ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေပုဒ်မ ၇(က)အရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား လိုင်စင်ထုတ်ပေးရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာလိုက်ပါသည်-

(က) လျှောက်ထားသူသည် ပေးရန်တာဝန်ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီတစ်ခုအဖြစ်ဖွဲ့စည်း၍ မှတ်ပုံတင်ထားပြီးဖြစ်ရမည်။

(ခ) လျှောက်ထားသူသည်ကုမ္ပဏီ၏ အမည်၌ "ငွေချေးသက်သေခံလက်မှတ်" ဟူသော စကားရပ်ပါရှိရမည်။

(ဂ) လျှောက်ထားသူသည် အောက်ဖော်ပြပါလိုင်စင်အမျိုးအစားများအတွက် ယှဉ်တွဲဖော်ပြသည့် အနည်းဆုံးထည့်ဝင်ပြီး မတည်ငွေရင်းကို ထည့်သွင်းရမည်။

(၁) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍တစ်ဆင့်ဖြန့်ချိရောင်းချခြင်း လုပ်ငန်းလိုင်စင် -ကျပ် ၁၅ဘီလီယံ

(၂) ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်းလုပ်ငန်းလိုင်စင် -ကျပ် ၁၀ ဘီလီယံ

(၃) ငွေချေးသက်သေခံလက်မှတ်အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်လုပ်ငန်းလိုင်စင် -ကျပ် ၇ ဘီလီယံ

(၄) ငွေချေးသက်သေခံလက်မှတ်ရင်းနှီးမြှုပ်နှံမှုအတွက်အကြံဉာဏ်ပေးခြင်းလုပ်ငန်း လိုင်စင် -ကျပ် ၀. ၀၃ ဘီလီယံ

(ဃ) ဒါရိုက်တာအများစုသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း (သို့မဟုတ်) အခြားငွေရေးကြေးရေးနှင့်ပတ်သက်သော လုပ်ငန်းများတွင် အနည်းဆုံးလုပ်သက် တစ်နှစ်ရှိရမည်။

(င) ဒါရိုက်တာများသည် ဘွဲ့(ဒီဂရီ)တစ်ခု ရရှိပြီးသူများဖြစ်ရမည်။

(စ) ဒါရိုက်တာများသည် အကျင့်စာရိတ္တ၊ ငွေကြေးစသည်တို့နှင့် ပတ်သက်၍ တရားရုံးကထောင်ဒဏ်ချမှတ်ခြင်းခံရသူများ မဖြစ်ရ။

(ဆ) လျှောက်ထားသူသည် အမည်မည်းစာရင်း၌ ပါဝင်ခြင်းမရှိသူဖြစ်ရမည်။

(ဇ) လျှောက်ထားသူသည် မိမိလျှောက်ထားသည့် လိုင်စင်အမျိုးအစားအလိုက် ထည့်ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အမည်ဖြင့် ငွေတိုက်စာချုပ်ဝယ်ယူထားရှိခြင်း (သို့မဟုတ်) နိုင်ငံပိုင်ဘဏ်တွင် ငွေစုဘဏ်စာရင်းဖွင့်လှစ်ထည့်သွင်းခြင်း(သို့မဟုတ်) ယင်းတို့နှစ်ခုစလုံးတွင် သင့်တော်သည့်အချိုးအစားဖြင့် ထည့်သွင်းထားခြင်း ပြုလုပ်ရမည်။

(ဈ) လျှောက်ထားသည့်အဖွဲ့အစည်းတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းအတွေ့အကြုံလုပ်သက် အနည်းဆုံးသုံးနှစ်ရှိသည့် ကျွမ်းကျင်သည့်ပုဂ္ဂိုလ်တစ်ဦးရှိရမည်။

(ည) လျှောက်ထားသည့်အဖွဲ့အစည်းသည် IT စနစ်ဖြင့် လုပ်ငန်းစွမ်းဆောင်နိုင်သည့် အရည်အချင်းရှိရမည်။

(ဋ) လျှောက်ထားသည့်အဖွဲ့အစည်းသည် လိုအပ်ပါက ရုံးခွဲများဖွင့်လှစ်နိုင်ရမည်။

(ဌ) ထည့်ဝင်ပြီးမတည်ငွေရင်းအား ဘဏ်ချေးငွေဖြင့်ထည့်ဝင်ခြင်း မပြုရ။

(ဍ) ထည့်ဝင်ပြီးမတည်ငွေရင်းသို့ ထည့်သွင်းမည့်ငွေသည် တရားဝင်အခွန်ပေးဆောင်ပြီးသော ဝင်ငွေရလမ်းဖော်ပြနိုင်သည့်ငွေဖြစ်ရမည်။

၃။ အထက်ဖော်ပြပါအချက်များနှင့် ကိုက်ညီသည့်ကုမ္ပဏီများသည် အပိုဒ် (၂) အပိုဒ်ခွဲ(ဂ)ပါ လိုင်စင်အမျိုးအစားတစ်ခုချင်းကို လျှောက်ထားနိုင်သည်။ သို့သော် အပိုဒ်ခွဲ(ဂ)(၁)ပါ လိုင်စင်အမျိုးအစားကို လိုင်စင်ရသူသည် လုပ်ငန်းလေးမျိုးစလုံးကို လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်သည်။

၄။ လျှောက်လွှာပုံစံများကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတည်ရှိရာ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်အဆောက်အအုံ အမှတ်(၂၁-၂၅) ဆူးလေဘုရားလမ်းတွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှစ၍ ရရှိနိုင်ပါသည်။

၅။ လျှောက်ထားသူသည် သတ်မှတ်ထားသော အချက်အလက်အပြည့်အစုံဖော်ပြထားသည့် လျှောက်လွှာပုံစံနှစ်စုံကို လိုအပ်သောစာရွက်စာတမ်းများ ပူးတွဲလျက် စာအိတ်တွင်ထည့်သွင်း၍ စာအိတ်၏နေရာ သုံးနေရာ၌ ကုမ္ပဏီတံဆိပ်ရိုက်နှိပ်ကာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးသို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်ထက် နောက်မကျစေဘဲ တင်ပြရမည်။ စာအိတ်တွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီလိုင်စင်လျှောက်လွှာဟူ၍ ရှင်းလင်းစွာရေးသားဖော်ပြရမည်။ သတ်မှတ်ထားသည့် ရက်ထက်နောက်ကျသောလျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

အားကစားဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
နေပြည်တော်

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အားကစားဝန်ကြီးဌာန၊ ရုံးအမှတ် ၃၁၊ နေပြည်တော်တွင် အသုံးပြုမည့် Video Conferencing System ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	-Polycom HDX 7000 Video Conferencing System -HDX 7000-720: HDX 7000 codcc, EagleEye HD camera & 3m cable, HD Video (720p 30fps) -HDX mic array, P+C, PPCIP, 2nd monitor, Eng rmt. Premier, One Year, HDX 7000 series -Cable: 2component video(DVI-RCA), LAN, UK pwr, PAL -HD Multi-party Conferencing up to 4 Participants (1 local and 3 remote sites) -HDX MPPlus Multipoint Software Option License. Allows for 4 site MP video calls.	၁ စုံ
၂။	-Sony 48" LED TV Resolution 1920x1080 UA48H5100(2014 Version) -Video Conferencing Unit+Camera+TV Stand -External TV Stand	၂ လုံး ၁ ခု ၁ ခု
၃။	-APC Smart-USP SUA 1500i, 230 with AVR Linc-interactive (For Camera and LED TV)	၁ လုံး
၄။	-Network Installation(for Video Conferencing System)	

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁-၂၀၁၅ ရက်မှ ၂၁-၁-၂၀၁၅ ရက် ၉း၃၀ နာရီမှ ၁၆း၀၀နာရီအတွင်း ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် ၃၁၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၆-၁-၂၀၁၅ ရက် ၁၂း၀၀နာရီအတွင်း အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ကြေညာခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၀၃၄၊ ၀၆၇-၄၀၆၀၃၆ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အားကစားဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံး၊
ရုံးအမှတ် ၃၁၊
နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
ဆဋ္ဌမအကြိမ်မြောက် B.E/B.Arch နှင့် B. Tech ဘွဲ့အတွက်

ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၏ ဆဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင် အခမ်းအနားကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

အကြိုလေ့ကျင့်ခြင်း - ၁၆-၂-၂၀၁၅ရက်(တနင်္လာနေ့) နံနက်ပိုင်း နံနက် ၉း၀၀နာရီ
ညနေပိုင်း မွန်းလွဲ ၂း၀၀ နာရီ
ဘွဲ့နှင်းသဘင်ကျင်းပခြင်း - ၁၇-၂-၂၀၁၅ရက်(အင်္ဂါနေ့) နံနက်ပိုင်း နံနက် ၉း၀၀နာရီ
ညနေပိုင်း မွန်းလွဲ ၂း၀၀ နာရီ
- ၁၈-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်း နံနက် ၉း၀၀နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်-

- ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E/B.Arch နှင့် B. Tech စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) **တက်ရောက်ဘွဲ့** - B.E/B.Arch နှင့် B. Tech ဘွဲ့အတွက် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်။

(ခ) **အဝေးရောက်ဘွဲ့** - B.E/B.Arch နှင့် B. Tech ဘွဲ့အတွက် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) လျှောက်လွှာနှင့်အတူ ပေးသွင်းရန်။

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့် (အမျိုးသား)ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ဓာတ်ပုံငါးပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်အမှတ် ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်။

၅။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ(မြန်မာထဘီနှင့်အင်္ကျီ)၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်ကိုက်ညီသည့် တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်ရှိ ကျောင်းသားရေးရာဌာန၌ ၅-၁-၂၀၁၅ရက်မှစ၍ ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၁၆-၁-၂၀၁၅ရက် (သောကြာနေ့) နောက်ဆုံးထားလျှောက်ထားရမည်။

၇။ ဘွဲ့နှင်းသဘင်တက်ရောက်ယူမည်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ကျောင်းသားရေးရာဌာန (ဖုန်း-၀၉-၂၅၀၀၇၃၉၉၆) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အမိန့်အရ-
(ဒေါက်တာဝင်းနိုင်ထွန်း)
မော်ကွန်းထိန်း
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်

တစ်ဦးတည်းဖြစ်ပါကြောင်း

တန့်ယန့်မြို့နယ်၊ အခြေခံပညာအထက်တန်း(ခွဲ)ကျောင်း မိုင်းကောင်ကျောင်းမှ အမျိုးသားမှတ်ပုံတင်အမှတ် ၁၃/တယန(နိုင်)၀၀၅၉၃၄ ကိုင်ဆောင်သူ နန်းမြသီ၏ အမည်မှန်မှာ နန်းသီမြ(ခ)နန်းမြသီတို့မှာ တစ်ဦးတည်းဖြစ်ပါသည်။

နန်းသီမြ(ခ)နန်းမြသီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)

၁။ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)အတွက် လိုအပ်သော Pump 5HP တစ်လုံးနှင့် Compressor (1.5Hp) တစ်လုံးအား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ Open Tender ပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တွင် ထုတ်ယူနိုင်ပြီး ၁၆-၁-၂၀၁၅ ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ ပေးသွင်းရပါမည်။

၃။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၈၁-၃၁၀၄၅၃တွင် စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ ဝင်ငွေတိုးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၃

လယ်ဝေးမြို့နယ် အလယ်ကျွန်းကျေးရွာအုပ်စု လက်ပံတန်းကျေးရွာရှိ ပိန်းအင်း ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေကြောင်း သိရသည်။

ငါးမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ဝါဆိုလအတွင်း ငါးမျိုးစိတ်များ အင်းအတွင်းသို့ စတင်ထည့်ရှိပြီး တစ်နှစ်လျှင် မြက်စား၊ ငါးမြစ်ချင်း၊ ငါးသိုင်း၊ ခေါင်းကြီး၊ ထိုင်းငါးခုံး၊ ရွှေဝါငါးဟူ၍ ငါးမျိုးစိတ်ခြောက်မျိုး မွေးမြူလျက်ရှိသည်။ ပိန်းအင်းအနေဖြင့် ငါးသားပေါက်အကောင်ရေ ၈၀၀၀၀ ခန့် မွေးမြူလျက်ရှိပြီး ခုနစ်လခန့် မွေးမြူပြီးနောက် အင်းအတွင်း ငါးများဆယ်ယူရာတွင် အင်းလုပ်သား ၂၀ ခန့် အသုံးပြုရပြီး ငါးများကို တစ်ပိဿာနှင့်အထက်ငါးများကိုသာ ဖမ်းယူပြီး နှစ်ချို့ငါးများကို တစ်နှစ်ကျော်ထားရှိပြီး ဆက်လက်မွေးမြူလျက်ရှိကြောင်း၊ ယခင်နှစ်က ငါးပိဿာချိန် ၅၅၀၀ ခန့် ရရှိပြီး ယခုနှစ်တွင် ငါးပိဿာချိန် ၇၀၀၀ ခန့်မှန်းရရှိနိုင်ကြောင်း၊ အင်းသူကြီး ဦးတင်ညွန့်အနေဖြင့် ငါးများကို ကျေးလက်နေပြည်သူများနှင့် မြို့ပြများတွင် ရောင်းချလျက်ရှိသောကြောင့် စားသုံးသူများသာမက ရောင်းချသူများပါ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်မဲခရိုင် မိုင်းငေါ့မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးချိုစန်းလွင်ဦးသည် မန္တလေးမြို့ လှိုင်ကမ္ဘာတာဝါတိုင် ဆောက်လုပ်ရေးကုမ္ပဏီမှ မိသားစုဆရာဝန် ဒေါက်တာအောင်သူ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဇန်နဝါရီ ၉ ရက်က မန်ကန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မန်ခေါက်ကျေးရွာအုပ်စုရှိ အာပြောင်ကျေးရွာ၊ ခွန်ငင်းကျေးရွာ၊ မန်ကန်ကျေးရွာနှင့် မန်ခေါက်ကျေးရွာတို့မှ ဘုန်းတော်ကြီးများနှင့် ကျေးရွာသူကျေးရွာသားများကို အခမဲ့ဆေးကုသမှုပေးစဉ်။ (မန်းကိုယ်ပွား)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၃-၁-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၀၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၀၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၀၂၀၀

စက်သုံးဆီဈေးနှုန်း(Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၇၈၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၇၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၉၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၇၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၄၅၀၀-၇၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၁၇၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၇၅၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၃၈-၁၀၄၀
ဥရောပ	တစ်ယူရို	၁၂၆၅-၁၂၈၀
စင်ကာပူ	တစ်ဒေါ်လာ	၇၈၀-၇၈၉
ထိုင်း	တစ်ဘတ်	၃၀-၃၀.၂
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅၇၆
တရုတ်	တစ်ယွမ်	၁၆၅-၁၇၀
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၂

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
မိုးဆန်သစ် (မနော်သုခ)	တစ်အိတ်	၁၅၆၀၀-၁၆၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၆၀၀၀-၃၀၅၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၈၁
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၂၅-၃၅၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၅၀-၁၉၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၆၀-၁၄၈၀
အာလူး(ရှမ်း)	တစ်ပိဿာ	၅၂၀-၆၇၀
ရေတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၅၅၀-၂၆၅၀
ရေတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၂၀၀-၅၂၀၀
သကြား	တစ်ပိဿာ	၈၅၀-၉၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့် အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံတင်ပြသည်။

မြန်မာ့အာမခံလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးဟောပြော

ဘုရားကြီး ဇန်နဝါရီ ၁၃

မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော အာမခံလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၈ ရက်က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးမြို့အထွေထွေအုပ် ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း တိုင်းဒေသကြီး တာဝန်ခံ ဒေါ်သန်းသန်းဝင်းက မြန်မာ့အာမခံလုပ်ငန်းမှရရှိနိုင်သည့် အကျိုးခံစားခွင့်နှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟနေသွေးက အသက်အာမခံထားရှိမှု၊ ခရီးသွားအာမခံထားရှိမှုများနှင့် ပတ်သက်၍လည်းကောင်း ရှင်းပြသည်။

အဆိုပါ ဟောပြောပွဲသို့ မြို့အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့သည်။

တက်ရောက်သူများ၏ သိလိုသည့်အချက်အလက်များနှင့် ပတ်သက်၍ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

သန့်စင်

ခြေစမ်းပွဲစဉ်နှင့် ဖလားပွဲစဉ်များ

သီဟ

အာရှဖလား အုပ်စု(ခ) — ဇန်နဝါရီ ၁၄

မြောက်ကိုရီးယား	-	ဆော်ဒီအာရေဗျ	နေ့လည် ၁း၃၀
တရုတ်	-	ဥဇဘက်ကစ္စတန်	ညနေ ၃း၃၀

အင်္ဂလန် အက်ဖ်အေဖလား — ဇန်နဝါရီ ၁၅

ဘရက်ဖို့ဒ်	-	မီဝေါလ်	နံနက် ၂း၁၅
အစ်ဆွစ်ချ်	-	ဆောက်သမ်တန်	နံနက် ၂း၂၅
စပါး	-	ဘန်လေ	နံနက် ၂း၃၀

ပြင်သစ် လိဂ်ဖလား — ဇန်နဝါရီ ၁၄/၁၅

မိုနာကို	-	ဂူအင်ဂမ့်	ည ၁၀း၃၀
လိုင်လီ	-	နန့်တက်စ်	နံနက် ၂း၃၀

အီတလီ ကိုပါအီတာလီယာဖလား — ဇန်နဝါရီ ၁၄/၁၅

ပါးမား	-	ကက်ဂလီယာရီ	ည ၁၁း၃၀
တိုရီနို	-	လာဇီယို	နံနက် ၂း၃၀

စပိန် ကိုပါဒယ်လ်ရေးဖလား — ဇန်နဝါရီ ၁၅

ဘီလ်ဘာအို	-	ဆယ်လ်တာဗီဂို	နံနက် ၁း၃၀
ဆိုစီဒက်	-	ဗီလာရီးရဲလ်	နံနက် ၁း၃၀
ဂီတာဖေး	-	အယ်လ်မာရီးယား	နံနက် ၁း၃၀
ဆီဗီလာ	-	ဂရန်နာဒါ	နံနက် ၃း၃၀

နိုင်ငံတကာ ကလပ်ခြေစမ်းပွဲစဉ်များ — ဇန်နဝါရီ ၁၄/၁၅

ဂရက်စ်ဟော့ပါ	-	ရှက်ဖ်ဟူဆန်	ည ၈း၀၀
ရော့လ်ကေး	-	မားရိတ်ခ်ိ	ည ၉း၀၀
ဖရိုင်းဘတ်	-	မိန့်ဇ်	ည ၁၀း၃၀
ရိုဒ်	-	ဝယ်လန်း	ည ၁၁း၃၀
ရက်ပစ်ဝီအန်	-	စတမ်းမာဒေါ့ဖ်	ည ၁၁း၃၀
အေဂျက်ကိပ်	-	ဝုဖ်ဘတ်	ည ၁၁း၃၀
အေရူး	-	ကိုးနစ်ဇ်	ည ၁၂း၀၀
စတမ်ဂရေ့ဇ်	-	ကယ်လ်ဒေါ့ဖ်	ည ၁၂း၀၀
ဘာဆက်ဆီဟဲ	-	ဟန်နိုဗာ	နံနက် ၁း၃၀

အာရှဖလား အုပ်စု(ခ)

စဉ်	အသင်း	ပွဲစဉ်	နိုင်	သရေ	ရှုံး	ရမှတ်
၁	တရုတ်	၁	၁	၀	၀	၃
၂	ဥဇဘက်ကစ္စတန်	၁	၁	၀	၀	၃
၃	မြောက်ကိုရီးယား	၁	၀	၀	၁	၀
၄	ဆော်ဒီအာရေဗျ	၁	၀	၀	၁	၀

ဇန်နဝါရီ ၁၁/၁၂ ဂိုးရလဒ်များ

ကူဝိတ်	၀-၁	တောင်ကိုရီးယား
အိုမန်	၀-၄	သြစတြေးလျ
ဗယ်လက်ကာနို	၀-၁	ကော်ဒိုဘာ
ကိုဗင်ထရီ	၀-၃	ဆွစ်ဒန်တောင်း
ဗလင်စီနက်စ်	၁-၂	ဆိုးချော့စ်
ဟာမီလ်တန်	၂-၃	ဒန်ဒီးယူနိုက်တက်
အေသီးနူ	၂-၂	အပိုလွန်လီမောဆိုး

ကိုပါအီတာလီယာဖလား ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်လာပြီ

မိုးမြင့်လင်းလက်

ကိုပါအီတာလီယာဖလား ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွေကို ဇန်နဝါရီ ၁၄ ရက်ညနဲ့ ၁၅ ရက်တွေမှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ အသင်းတိုင်းနိုင်ပွဲရအောင် အားထုတ်တော့မယ့် ဒီပွဲစဉ်တွေကြောင့် ပွဲတိုင်း မြိုင်မြိုင်ဆိုင်ဆိုင်ရှိနေမှာ သေချာပါတယ်။ ဒီအဆင့်အထိ တက်လှမ်းလာခဲ့တဲ့ အသင်းတွေဖြစ်တာမို့ ခြေစွမ်းတောက်ပတဲ့ ပါရမီရှင်ကစားသမားတွေရဲ့ ထူးခြားတဲ့စွမ်းဆောင်မှုကိုလည်း မြင်တွေ့ကြရဦးမှာ ဖြစ်ပါတယ်။

ဂျူဗင်တပ်စ်နှင့် ဟယ်လက်စ်

ဂျူဗင်တပ်စ်ရဲ့လက်ရှိကစားအားက ကောင်းနေပြီး ပြိုင်ဘက်တွေကို ပြတ်ပြတ်သားသား ချေမှုန်းနိုင်တဲ့ စွမ်းအားလည်းရရှိနေပါတယ်။ ဂျူဗင်တပ်စ်တိုက်စစ်မှူးတွေက ဂိုးသွင်းစွမ်းရည်လည်း မြင့်မားကြသလို ခံစစ်ပိုင်းကလည်း အမှားအယွင်းနည်းကြပါတယ်။ အထူးသဖြင့် အိမ်ကွင်းမှာ ကစားအားကောင်းတာမို့ ဟယ်လက်စ်တို့ မျှော်လင့်ချက်တွေ ဝေဝါးသွားနိုင်ပါတယ်။ ဂျူဗင်တပ်စ်ကွင်းမှာ ဟယ်လက်စ်တို့ ပွဲပေါင်း ၃၀ လာကစားခဲ့တဲ့ မှတ်တမ်းကိုကြည့်ရင် နိုင်ပွဲတစ်ပွဲသာရရှိခဲ့တာမို့ အခုပွဲမှာ ဂျူဗင်တပ်စ်တို့ရဲ့ ဖိအားပေးမှုကို ဟယ်လက်စ်တို့အချိန်ပြည့် ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ဂျူဗင်တပ်စ်ဟာ ကိုပါအီတာလီယာ ဖလားကို ရည်မှန်းချက်ထားနေတာမို့ အခုပွဲမှာ ဟယ်လက်စ်ကို လူစုံထုတ်ပြီး အလေးထား ကစားသွားပါလိမ့်မယ်။ ပြိုင်ပွဲစုံမှာ ဖလားတွေ သိမ်းပိုက်နိုင်ရေး မျှော်မှန်းနေတဲ့ ဂျူဗင်တပ်စ်တို့အတွက် အခုပွဲမှာ နိုင်ပွဲဆိုတာ သူတို့တွေအတွက် ဖြစ်တယ်ဆိုတာ ဖော်ထုတ်ပြသပါလိမ့်မယ်။

ပါးမားနှင့် ကက်ဂလီယာရီ

ပါးမားဟာ ကက်ဂလီယာရီနဲ့ ဆုံတိုင်း ခက်ခဲခဲ့တာချည်းပါပဲ။ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် ပါးမားတို့တစ်ပွဲမှ နိုင်ပွဲမရခဲ့ပါဘူး။ ပါးမားတို့ရဲ့ စွမ်းရည်ဟာ အခုနောက်ပိုင်း ကျဆင်းလာနေတာမို့ အခုပွဲ အိမ်ကွင်းမှာ ဘယ်လိုဗျူဟာနဲ့ ပွဲထွက် လာမလဲကြည့်ရမှာပါ။ ကက်ဂလီယာရီတို့ကလည်း အိမ်ကွင်းရလဒ် ကောင်းပေမယ့် အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတတ်တာမို့ ပါးမားတို့ စိုက်ထုတ်အား မြှင့်ခဲ့ရင်တော့ အခြေအနေကောင်းနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ ပါးမားဟာဒီပွဲမှာ အမှားအယွင်းနည်းရင်တော့ ကက်ဂလီယာရီတို့ ပွဲကျပ်အဖြစ် ရင်ဆိုင်ရပါလိမ့်မယ်။

တိုရီနိုနှင့် လာဇီယို

တိုရီနိုတို့က အိမ်ကွင်းမှာ ခြေစွမ်းကောင်းမွန်တာမို့ လာဇီယိုတို့အတွက် သေသေချာချာ ပြင်ဆင်ကစားမှရပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် တစ်ပွဲစီနိုင်ပြီး တစ်ပွဲ သရေဖြစ်ထားတာ တွေ့ရပါတယ်။ လာဇီယိုရဲ့ လက်ရှိစွမ်းရည်ကို ကြည့်ရင် အဝေးကွင်းမှာ သရေပွဲတွေများနေတာမို့ တိုရီနိုတို့ အမာခံကစားသမားတွေနဲ့ စနစ်တကျ ဗျူဟာခင်းကျင်း ကစားရင်တော့ နိုင်ပွဲကို သိမ်းပိုက်နိုင်မယ့် အခြေအနေရှိပါတယ်။ ထုံးစံအတိုင်း လာဇီယိုဟာ တိုရီနိုကွင်းမှာ ပွဲကျပ်အဖြစ် ရုန်းကန်ရဖို့ ရှိနေတာတော့ အမှန်ပါပဲ။

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု စီရော်နယ်ဒိုဆွတ်ခူး

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု (Ballon d'or) ဆုကို ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုက ဆွတ်ခူးသွားခဲ့သည်။ ပေါ်တူဂီအသင်း ခေါင်းဆောင် စီရော်နယ်ဒိုသည်တိုက်စစ်မှူး မက်ဆီနှင့် ဘိုင်ယန်မြူးနစ် ဂိုးသမား နူအာတို့ကို ကျော်ဖြတ်ပြီး အဆိုပါ အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးသွားခဲ့ခြင်းဖြစ်သည်။

ဝုဖ်ဘတ်နှင့် ဂျာမနီကွင်းလယ်ကစားသမား နာဒင်းကတ်စလာက အမျိုးသမီးအကောင်းဆုံး ဘောလုံးသမားဆု ဆွတ်ခူးသွားခဲ့သည်။ ကိုလံဘီယာကစားသမား ဂျိမ်းစ်ရိုဒရီဂွတ်ဇ်က တစ်နှစ်တာဂိုးသွင်း အလှပဆုံးဆု ဆွတ်ခူးသွားခဲ့သည်။ ဂျာမနီအသင်းကို ကမ္ဘာ့ဖလားဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးခဲ့သော ဂျိုအာချင်လိုက အကောင်းဆုံးနည်းပြဆု ဆွတ်ခူးသွားခဲ့သည်။ ဝုဖ်ဘတ်နည်းပြ ကာလီမန်းက အမျိုးသမီး အကောင်းဆုံးနည်းပြ ဆွတ်ခူးခဲ့သည်။

တိုက်စစ်မှူး စီရော်နယ်ဒိုသည် အဆိုပါ အကောင်းဆုံးဘောလုံးသမားဆုကို တတိယအကြိမ် ဆွတ်ခူးခဲ့ခြင်း ဖြစ်ပြီး ၃၇ ဒသမ ၆၆ ရာခိုင်နှုန်းဖြင့် မဲပေးအနိုင်ရခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့အကောင်းဆုံးဆုလေးကြိမ်ရ မက်ဆီက ၁၅ ဒသမ ၇၆ ရာခိုင်နှုန်း၊ ဂျာမနီဂိုးသမား နူအာက ၁၅ ဒသမ ၇၂ ရာခိုင်နှုန်းအသီးသီးရရှိခဲ့သည်။ စီရော်နယ်ဒိုသည် ၂၀၁၄ ခုနှစ်အတွင်း ၄၃ ပွဲတွင် ၅၂ ဂိုး သွင်းယူခဲ့သည်။ "ကျွန်တော့်ကို အခုလိုအကောင်းဆုံး ဘောလုံးသမားဆုရအောင် ဆန္ဒပြုပေးခဲ့တဲ့ ဥက္ကဋ္ဌများ၊ နည်းပြများကို အထူးပဲကျေးဇူးတင်ပါတယ်"ဟု အသက် ၂၉ နှစ်ရှိ စီရော်နယ်ဒိုက ဆိုသည်။ အမျိုးသမီးအကောင်းဆုံး ဘောလုံးသမားဆုရ ကတ်စလာသည် ဘရာဇီးမှ မာတာနှင့် အမေရိကန်သူ ဝမ်ဘတ်တို့ကို ကျော်ဖြတ်ပြီး ဆုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ကိုလံဘီယာကစားသမား ဂျိမ်းစ်ရိုဒရီဂွတ်ဇ်သည် ကမ္ဘာ့ဖလားတွင် ဥရုဂွေးနှင့်ကစားစဉ် အလှပဆုံး ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ အကောင်းဆုံးအသင်းဆု ကစားသမားအဖြစ် မက်ဆီ၊ စီရော်နယ်ဒို၊ ရော်ဘင်၊ အင်နီယေစတာ၊ ဒီမာရီယာ၊ တိုနီခရူးစ်၊ တီယာဂိုဆေးလ်ဗား၊ ဒေးဗစ်လုဇ်၊ ရာမို့စ်၊ ဖိလစ်လမ်းနှင့် နူအာတို့က ရွေးချယ်ခံရသည်။

ကောင်းမြတ်သူ

ဦးကျော်မြင့် ၁၂/မဂတ(နိုင်)၀၄၉၂၄၂ နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဦးဘကျော်လမ်း၊ အမှတ် ၇၂/အေ-၁၀နေ ဦးမောင်မောင်ကျော် ၁၂/မရက(နိုင်)၀၈၄၉၁၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏အမှုသည် ဦးမောင်မောင်ကျော်ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အေးသာယာလမ်း၊ အမှတ် ၃၄ ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် သုံးထပ်ခွဲ(R/C)တိုက်ဆောက်လုပ်ရန်အတွက် ဦးကျော်မြင့်သို့ ဦးမောင်မောင်ကျော်က လုပ်ငန်းအပ်နှံခဲ့ပြီး (၈-၂-၂၀၁၄)ရက်စွဲပါ နှစ်ဦးသဘောတူ သုံးထပ်ခွဲ(R/C)တိုက် အကြမ်းထည်အထိ အပြီးအစီးဆောက်လုပ်ခြင်းကတိစာချုပ်ကို လုပ်ငန်းအပ်နှံသူအဖြစ် ဦးမောင်မောင်ကျော်ကလည်းကောင်း၊ လုပ်ငန်းလက်ခံသူအဖြစ် ဦးကျော်မြင့်ကလည်းကောင်း လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပြီး ဦးမောင်မောင်ကျော်က ဦးကျော်မြင့်သို့ ငွေကျပ် ၆၀၀၀၀၀၀၀/-(ကျပ်သိန်းခြောက်ရာတိတိ)ကို ပေးအပ်ခဲ့ပါသည်။

ဦးမောင်မောင်ကျော်နှင့် ဦးကျော်မြင့်တို့ နှစ်ဦးသဘောတူချုပ်ဆိုခဲ့သည့် ၈-၂-၂၀၁၄ ရက်စာချုပ်ပါစည်းကမ်းချက်အရ လုပ်ငန်းလက်ခံသူ ဦးကျော်မြင့်က ဆောက်လုပ်ရေး လုပ်ငန်းကို ၁၁-၂-၂၀၁၄ ရက်တွင် စတင်မည်ဟုလည်းကောင်း၊ Ground Beam ကို ၅-၄-၂၀၁၄ ရက်တွင်လည်းကောင်း၊ First Floor ကို ၂၉-၅-၂၀၁၄ ရက်တွင်လည်းကောင်း၊ Second Floor ကို ၁၅-၆-၂၀၁၄ ရက်တွင်လည်းကောင်း၊ Roof Slab ကို ၁၅-၇- ၂၀၁၄ ရက်တွင်လည်းကောင်း လောင်းပေးမည်ဖြစ်ကြောင်းနှင့် အကြမ်းထည်လုပ်ငန်းများအားလုံးကို ၁၁-၈-၂၀၁၄ ရက်တွင် အပြီးပြုလုပ်ပေးမည်ဖြစ်ကြောင်း လုပ်ငန်းလက်ခံသူ ဦးကျော်မြင့်က ဝန်ခံကတိပြုချက်ပါရှိပါသည်။

ဦးကျော်မြင့်က ဦးမောင်မောင်ကျော်ထံမှ ငွေသိန်း ၆၀၀ ကို ၈-၂-၂၀၁၄ ရက်တွင် လက်ခံရယူသွားခဲ့ပြီး (၁)နှစ်နီးပါးကြာမြင့်သည်အထိ Ground Beam လောင်းသည့်အဆင့်တွင်သာရှိပြီး လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမရှိဘဲ အကြောင်းမဲ့ ပျက်ကွက်လျက်ရှိပါသည်။

သို့ပါ၍ ဦးကျော်မြင့်အနေဖြင့် ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း အဆောက်အအုံ ဆက်လက်ဆောက်လုပ်ရန်ကိစ္စတွေ့ဆုံဖြေရှင်းပေးပါရန်နှင့် ပျက်ကွက်ပါက ဦးမောင်မောင်ကျော်နှင့် ဦးကျော်မြင့်တို့ ချုပ်ဆိုခဲ့သည် (၈-၂-၂၀၁၄)ရက်စွဲပါ "နှစ်ဦးသဘောတူသုံးထပ်ခွဲ(R/C) တိုက်အကြမ်းထည်အထိ အပြီးအစီးဆောက်လုပ်ခြင်း ကတိစာချုပ်"ကို ဖျက်သိမ်းပြီးသည့် ဖြစ်သည်ဟု မှတ်ယူမည်ဖြစ်ပါကြောင်း ဦးကျော်မြင့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင် (စဉ်-၅၇၇၃)	ဦးအောင်ကျော်ကျော်မြတ် (စဉ်-၂၇၀၀၉)	ဒေါ်လှဲ့လှဲ့ဝင်း (စဉ်-၃၉၈၈၀)
ဒေါ်လွင်မာ (စဉ်-၈၉၀၉)	ဦးထွန်းထွန်းနိုင် (စဉ်-၃၅၅၃၄)	ဒေါ်ဆုမွန်ထက် (စဉ်-၄၁၆၀၁)
	ဒေါ်သန္တာမော်(စဉ်-၃၉၂၄၂)	

တရားလွှတ်တော်ရှေ့နေများ — အထက်တန်းရှေ့နေများ

အမှတ် ၅၅(ဒုတိယထပ်)၊ အခန်း ၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်
ဂုဏ်ထူး ဦးအောင်နိုင်
ဒေါ်စန္ဒာအောင်နိုင်
B.A (English)
Certificate in Travel & Tourism
City College of San Francisco
Grammar & Essay (သဒ္ဒါ + စာစီစာကုံး)
English Speaking (အင်္ဂလိပ် စကားပြော)
၂၇၂ ပန်းဆိုးတန်းလမ်း (အထက်)။ 01 252 919, 09 3126 9756

လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

ရောင်းရန်
ကာကွယ်ဆေးထိုးပြီး(၄၅)ရက်သား golden retriver သားပေါက်များ ရောင်းရန်ရှိသည်။
ဖုန်း-၀၉-၅၀၇၆၃၈၂

GOLDEN STAR ခရီးသွားလုပ်ငန်း
Scania,Volvo,Yutong အဆင့်မြင့်ကားများဖြင့်...
☆ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
☆ငွေဆောင်(သော်ကြာ) ကားမျိုးစုံ စီးလုံးငှားသည်။
Ph: 209200, 430480, 544383, 703448, 705968



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ် ၃၇၆၊အကျယ်အဝန်း(၆၀' × ၆၀')ရှိ မြေချပါမစ်မြေကွက်နှင့် ၎င်း မြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂၉)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် ၃၇၆ဟုခေါ်တွင်သော မြေကွက်၊ ရေ၊ လျှပ်စစ်မီး အပါအဝင် တွယ်ကပ် တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒုတိယဗိုလ်မှူးကြီးရဲလွင် ၁၂/ဒဂန(နိုင်)၀၁၁၉၉၆(Y.S.E-၀၂၈၃၂၆)ထံမှ အဆင့်ဆင့်လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးလှမောင်သိန်း ၁၁/စတန(နိုင်) ၀၉၀၃၆၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်သဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်းအထောက်အထားများဖြင့် ယခု သတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်ဝင်း B.A, H.G.P, R.L, D.B.L,D.I.L,D.M.L M.P.A, M.A(BL),PGDIT(New Delhi),D.Jap.(UFL) အထက်တန်းရှေ့နေ
အမှတ် ၆၇၊ ပထမထပ်၊ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၇၄၂၂၉၊ ၀၉-၅၀၀၈၅၈၃

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကြော်ငြာ

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
68 Residence
We Define Lifestyle
Developed By: UNITED GP
Development by GOLDEN PALACE
ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးတွားပိုင်မြေ တစ်ကေပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
More than 84% Sold Out
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့
၂၀၁၅ ခုနှစ်
ဖေဖော်ဝါရီလ (၁၃) ရက်နေ့
• မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော INFINITY SKY SWIMMING POOL & GARDEN @ 27TH STOREY
• မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ညည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် DUAL KEY SYSTEM UNIT များ
• အပူဓာတ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ LOW E-GLASS SYSTEM
• တစ်ခုနေရာတည်းတွင် ရုံးခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် DUPLEX SYSTEM
• အဆင့်မြင့် SMART HOME SYSTEM နှင့် လုံခြုံရေး FINGER PRINT ACCESS SYSTEM
• အဆင့်မြင့်မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်
PARTNERS
KBZ BANK
ZONE
SOMERSET SERVICED RESIDENCE
SOILBUILD
OrangeTee
777 Lux GROUP CO., LTD.
1st Prize
2nd Prize
3rd Prize
(၂၅)ထပ်ရှိအိပ်ခန်းနှစ်ခန်းပါ CONDOMINIUM တစ်ခန်း
BMW 528 BRAND NEW
GIA(3) ကာရက်ရှိစိန်လက်စွပ်တစ်ကွင်း
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
ငလျင်ဒဏ်ကိုရစ်ချက်တာစကေးအနည်းဆုံး(8)ခံနိုင်အောင် တည်ဆောက်ထားပါသည်။
CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းအချိုးကျပိုင်ဆိုင်နိုင်မည့် အလွှန်နိုင်မာသောရင်းနှီးမြှုပ်နှံမှု
SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
09-4202 88025, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060
OPEN DAILY
ROOM TYPES SQFT
1 BEDROOM 750 Sqft
2 BEDROOMS 1000 - 1100 Sqft
2 BEDROOMS + STUDY 1200 - 1300 Sqft
3 BEDROOMS + STUDY 1380 - 1580 Sqft
DUPLEX (3 BEDROOMS + 1) 2100 Sqft
DUAL KEY (2 BEDROOMS + 1 BEDROOM) 2100 Sqft

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ယခင်အပတ်မှအဆက်

မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ်ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေ့စဉ်သွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလ ထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟုမှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေ့မဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေး စာအုပ်တိုက်အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ 'မန္တလေးမျဉ်းဖြောင့်များ' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay 'အမည်ဖြင့် ဆရာ ရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော 'မန္တလေးမျဉ်းဖြောင့်များ'ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလောနှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရ မည်နည်း၊ သခ်ါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော မူလ'မန္တလေး မျဉ်းဖြောင့်များ'ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။

ဩည့်ကြိုအေလမ်း

ဆူးငှက်

"ထူးစာစောင်"၏ တနင်္လာနေ့ထုတ်တွင်ပါသော ပေဒင်ခန်းကမြို့သူမြို့သားတွေကို သိမ်းကျုံး ဆွဲဆောင်ထားလေသည်။ ပေဒင်ခန်းအပြင် ကဗျာကဏ္ဍပါ၏။ ဝတ္ထုတိုပါ၏။ မျက်နှာဖုံးမှာ ရုံတင်ပြသနေသော "ဓာတ်ရှင်"ကား၏ ဇာတ်ဝင်ဓာတ်ပုံ ခပ်ဝါးဝါးပါမည်။ စာစောင်လေးက ဒါပဲဖြစ်ပါသည်။ သို့သော် ထူးစာစောင်၏ ကဗျာကဏ္ဍကတစ်ဆင့် ယနေ့လစဉ်ထုတ် မဂ္ဂဇင်းကြီးတွေမှာ နေရာရ. . . . ၊ ပင်တိုင်ရနေကြသူ ကဗျာဆရာ၊ ဝတ္ထုတိုဆရာတွေ မနည်း. . . ။ အထူးသဖြင့် တနင်္လာနေ့ ကဗျာကဏ္ဍတွင် ပုံနှိပ်ဖော်ပြခံရလျှင် ဂုဏ်ယူမဆုံး. . . ။ ယနေ့ မန္တလေးသည် မည်မျှပင်တိုးတက်နေပါစေကာမူ မန္တလေးသားတွေအတွက် မန္တလေးကထုတ်ဝေသည့် မဂ္ဂဇင်းမရှိ။ စာစောင်မရှိ. . . ။

ထူးစာစောင်နှင့်တစ်ဆက်တည်း သတိရမိသည်က ဒဟတ္တောဘုရားမြောက်ဘက်မုခ်က ခြင်္သေ့ကြီးများဖြစ်ပါသည်။ ထိုခြင်္သေ့ကြီးတွေနားက တမာပင်လေး အောက်မှာ ခနော်ခနဲ့ခုံလေးနှင့် ဆံပင်ညှပ်ဆိုင်လေး ရှိသည်။ အပင်လေးပင်စည်မှာ မှန်သေးသေးတစ်ချပ် ချိတ်ဆွဲ. . . ။ မိုးရွာလျှင်တော့ ဆံပင်ညှပ်ဆိုင်လေးက ဒဟတ္တော ခြင်္သေ့ကြီးတွေ ဝမ်းဗိုက်အောက်ရောက်သွားတာပေါ့. . . . ။ ထိုဆိုင်လေးမှာလည်း စာသမားတွေဆုံကြသည်။ နောက်တော့ ဆိုင်ကလေးသည် မြတောင်တိုက် အနောက်ပေါက် ရောက်သွား၏။ နောက်တော့. . . ။

မနှစ်ကပဲ ဆံပင်ညှပ်သမားကြီး ကဗျာဆရာ ယုထင် ချို့ချို့တဲ့တဲ့နှင့် မန္တလေးမြို့၏ ရေဆိုးအင်းကြီး နံဘေးက တဲကလေးတစ်လုံးထဲ၌ ကွယ်လွန်သွားပါပြီ။

သက္ကရာဇ် ၅၂၈ ခုနှစ်က မင်းရှင်စောတည်ထားသည့် ဒဟတ္တောဘုရားအနောက်ဘက် (၈၅)လမ်းနှင့် အေလမ်းဆုံရာတွင် နာမည်ကျော် မြတောင်ကျောင်းတိုက်ကြီး တည်ရှိပါသည်။

"ဘုံလေးဆင့် တိမ်ပြင်မှာ၊
စိန်ဒရင် လျှံမောင်းတဲ့၊
မှန်ကျောင်းတော် ဝေယန္တသာခေါင်၊
နေရဗန့်တန်ဆောင်။
ရွှေမြင်းမိုရ် မြတောင်ကို. . . .
အို. . . မြအရောင် ရှက်သန်းလို့လေး"

ဟူ၍ မြတောင်ကျောင်းသားဟောင်း ဆရာကြီး သခင်ကိုယ်တော်မှိုင်းက စစ်ကိုင်းပြန် မှာတော်ပုံဆောင်းပါးတွင် မြတောင်ကျောင်းကြီးဘွဲ့ တေးထပ်ကိုရေးစပ်ခဲ့ပါ၏။

ကုန်းဘောင်ဆက် တတိယတွဲ စာမျက်နှာ ၆၈၅ တွင်. . .

" ၁၂၄၆ နှောင်းတန်ခူးလ(ဧပြီ ၁၈၈၅) ရွှေမြို့တော်ကြီး အနောက်ပြင်ဂေါဝိန်တံခါးလမ်း တောင်ဘက် ရတနာဘုမ္မိအရပ်တွင် အရှင်နန်းမတော် မိဖုရားခေါင်ကြီးက ဆောက်လုပ်ပြီးပြေသည်။ ရွှေရေးကျောင်းရံ ရှစ်ရပ်နှင့် တကွ ဘုံလေးဆင့်ရှိ မှန်ကျောင်းတော်ကြီးကို 'မဏိရတနာရာမတိုက် မဟာရတနာဘုံမိစံကျောင်း' ဟုကမ္ပည်းတပ်တော်မူပြီးလျှင် အာလောကာဘိပဝရသာသနဗ္ဗ မဟာဓမ္မရာဇဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မြတောင်ဆရာတော်အား ကျောင်းအပ်တင်လှူတော်မူသည်ဟု ဖော်ပြပါရှိလေသည်။

ထိုကောက်နုတ်ချက်အရ နန်းမတော်စုဖုရားလတ်ကောင်းမှု မြတောင်ရွှေကျောင်းတော်ကြီး ရေစက်ချမချပြသနာတွင် ၁၈၈၅ ဧပြီလကကျောင်းတင်လှူပြီးဖြစ်သောကြောင့် ၁၈၈၇ နိုဝင်ဘာ ၂၉ တွင် သီပေါမင်းအရှင်ပါတော်မူသောအခါ ရေစက်ချ ကျောင်းတင်လှူပွဲလုပ်ရန်မလိုတော့ကြောင်း ပညာရှင်များထောက်ပြသည်။ မန်းရာပြည့်စာစောင်တွင်ပါရှိသော သီပေါအရှင်နှစ်ပါးနှင့် အခြွေအရံများ မြတောင်ရွှေကျောင်းတော်ကြီးရှေ့တွင် ရေစက်သွန်းချအပြီး ရိုက်ကူးထားသည်ဆိုသော ဓာတ်ပုံမှာ ဓာတ်ပုံပညာနှင့်ဖန်တီးထားသည်သာဖြစ်ကြောင်း. . ။ ဓာတ်ပုံပါရွှေကျောင်းတော်ကြီးရှိ အဆောင်များ ပြာသာဒ်ရှိ လှေကားများကြည့်ခြင်းအားဖြင့် မြတောင်ရွှေကျောင်းတော်ကြီး လုံးဝမဟုတ်ကြောင်း. . . ။ တိုင်းပြည်၏ရှင်ဘုရင်ကို ဖမ်းဆီးခေါ်ဆောင်သည့်အချိန်တွင် မိနစ်၊ စက္ကန့်နှင့်အမျှ

အရေးပါသောကြောင့် အဘယ်မည်သော ကျူးကျော်ထိပါးသူသည် သုံ့ပန်းရှင်ဘုရင်ကို လူထုကြား ရေစက်ချခွင့်ပေးပါမည်နည်းဟု ထောက်ပြ၏။

သမိုင်းကား ငြင်းခုံကြရပေမည်။ ငြင်းခုံရင်းမှပင် အဖြေတစ်ခုရရှိပေလိမ့်မည်။ တစ်ခါတစ်ရံ သမိုင်းကို အုပ်စိုးသူတို့၏ အသုံးချခံအဖြစ်အယုံသွင်းခဲ့ကြသည်။ ထိုအခါ ငြင်းခုံကြရတော့၏။ ထိုအခါ အဖြေမှန်သည် ပုန်းလျှိုးရာမှ ရဲဝံ့စွာ ထွက်လာတတ်ပါသည်။ ကိစ္စမရှိ ။

တကယ်တော့ ၁၂၄၆ ခုနှစ်က တည်ဆောက်ခဲ့သော မြတောင်ရွှေကျောင်းတော်ကြီး၏ တန်ဖိုးကို ထိုအချိန်က "သံပရာသီးတစ်လုံးဖိုး"ဟူ၍ မှတ်သားခဲ့သောကြောင့် ပြောင်းပြန် သင်္ကေတအရ ငါးသန်းကျော် ကုန်ကျခဲ့သည်ဟု မှတ်သားရ၏။ မြန်မာတို့၏ သယံဇာတဖြစ်သော ကျွန်းသစ်လုံးကြီးများ၊ ရွှေ၊ ငွေ၊ ပတ္တမြား၊ ကျောက်မျက်များနှင့် အံ့မခန်း တည်ဆောက်သဖြင့် အသပြာ ငါးသန်းကျော်ကုန်သည့် ရွှေကျောင်းတော်ကြီးကို ယခုခေတ်အခါတွင် ကွန်ကရစ်တိုင်လုံး၊ ဘော်စနီရွှေမင်၊ ပုံသွင်းအင်္ဂတေ ပန်းပု၊ ကြွေပြားကပ် အခင်းများနှင့်ပင် သန်းငါးရာကျော်ကုန်နိုင်လောက်၏။

၁၃၀၃ ခုတပေါင်းလပြည့်ကျော် ၄ ရက် (၃-၄-၄၂)

နေ့တွင်မူ အေလမ်းပေါ်တွင် စစ်ထရပ်ကားကြီးများက နံနက်မိုးမလင်းမီကပင် တဝေါဝေါမောင်းနှင်နေကြ၏။ စစ်သုံးအင်္ဂလိပ်အမြောက်ကြီးများကို မြစ်ဆိပ်မှ နန်းတွင်းသို့ အဆက်မပြတ် ပို့ဆောင်နေကြခြင်းဖြစ်လေသည်။ နံနက် ၁၀ နာရီ မိနစ် ၃၀ အရောက်မှာတော့ လေယာဉ်အုပ်ကြီးတစ်အုပ် ဝေါခနဲပေါ်လာသည်။ တောင်ပံတွင် နေဝန်းနီတံဆိပ်များနှင့် ဂျပန်လေယာဉ်များဖြစ်၏။ ထိုလေယာဉ်အုပ်ကြီးသည် မန္တလေးမြို့ကို ဗုံးသီး၊ ဗုံးဆန်တို့ ရက်ရောစွာ ချပစ်နေပါပကော ။ အင်္ဂလိပ်အမြောက်တင့်ကားတချို့အေလမ်းပေါ် မြတောင်ရွှေကျောင်းကြီး အနီး ရောက်သူရောက်နေကြသည်။ လေယာဉ်ပေါ်မှ ကြဲချသည့် ဗုံးများကြောင့် စစ်ထရပ်ကားကြီးများ အေလမ်းမြောက်ဘက် မောင်းချသူချ ။ အကြော်စုရပ်ထဲ ဆင်းပြေးသူပြေး။ ဂျပန်လေယာဉ်များက စစ်ကားများဆီ ဗုံးဆက်တိုက်ကြဲ၏။

ထိုအချိန်တွင် မြတောင်တိုက်သစ် ကျောင်းရှေ့ရေတွင်းပေါ် ဗုံးတစ်လုံးကျသည်။ ရွှေရေးဆောင်ကျောင်းတောင်ဘက် ဗုံးနှစ်လုံးကျသည်။ မကွဲ ။ အုတ်တိုက် အနီးတစ်လုံးကျသည်။ ရန်ကုန်ကျောင်းတစ်ခြမ်းပြို၏။ ရွှေကျောင်းတော်ကြီးမှ မှန်စီရွှေချတွေ ရိုက်ခွာလိုက်သလို ကျောင်းအပေါ် ပြန့်ကြဲကျကုန်သည်။ ကျောင်းတော်ကြီးတိုင်အောက်ခြေ ယိုင်ရွဲ့ပြီး နရားရုပ်များ ပြုတ်ကျသည်။ ဗုံးဆန်တစ်ဆန်က အထက်ပြာသာဒ်ကိုမှန်၍ မီးခိုးအူ၏။ ပန္နင်းငယ်များ စွန့်စွန့်စားစား တက်ငြိမ်းကြရသည်။ အခြားကြီးကြီးကျယ်ကျယ် အပျက်အစီး မရှိသေး ။

ထိုနေ့ညတွင်တော့ အင်္ဂလိပ်စစ်တပ်က မီးကျည်တွေပစ်နေသဖြင့်မန္တလေးတစ်မြို့လုံး လင်းထိန်နေသည်။ ထို့အတူ မီးကျည်များကြောင့် ရပ်ကွက်များမှာ မီးတွေလောင်ကုန်၏။ ဘုရားကျောင်းကန် သာသနိကအဆောက်အအုံများပါမကျန် ။ ၁၃၀၃ ခု နှောင်းတန်ခူး လဆန်း ၈ရက် ညနေ၅ နာရီ အချိန်တွင်မှာတော့ မဟာမိတ်တပ်က စစ်ဂျစ်ကားတစ်စီး အေလမ်းအတိုင်း အပြင်းမောင်းနှင်လာသည်။ ထို့နောက် မြတောင်တိုက်အနောက်မြောက်ဘက်အရောက် မီးကျည်တစ်စင်း ပစ်လွှတ်သွား၏။ ဖောင်ဝန်မင်းကျောင်း ခေါင်မိုးမီးစွဲလောင်သည်။ ထိုအခါ ဘယ်သူမှ တက်မငြိမ်းဝံ့တော့။ ဤသို့ဖြင့် ဖောင်ဝန်မင်းကျောင်းမှ စတင်လောင်ကျွမ်းခဲ့သောမီးသည် သီပေါမင်းနှင့်မိဖုရားခေါင်ကြီးတို့ လှူဒါန်းခဲ့သော ပြာသာဒ်ဘုံ (ခုနစ်)ဆင့်၊ စနုဆောင်၊ ဇေတဝန်ဆောင်၊ ဘောဂဆောင်၊ နရားရုပ်ခံ

စာမျက်နှာ ၁၆ သို့

လမ်းမကြီးကျောကပ် (ထောင့်ခြံ) ရောင်းမည်

- (၆)ရပ်ကွက်၊ ဒဂုံတက္ကသိုလ်အနီး၊ ပေ(၄၀×၆၀)ဂရန်မြေ
- ရေမီးစုံ၊ ကွန်ကရစ်လမ်း၊ အိမ်ကောင်း၊ သီးပင်စားပင်ပါ
- ကျောင်းလမ်းကားဂိတ်အနီး၊ ဈေးသိန်း(1---)
- **ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၆၃၉၀၇**

အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ နယ်မြေ(၉)၊ အကွက်အမှတ်(စက်မှုလယ်ယာရှေ့ကွက်သစ်)၊ ဦးပိုင်အမှတ်(၅၃)၊ မြေချိန်ဧရိယာ ဝဒသမ ၁၁၀ဧကရှိ လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေဂရန်အမှုတွဲအမှတ် ၁၀၈၂-၅/၂၀၀၂-၂၀၀၃(A)ဖြင့် အမည်ပေါက်ပိုင်ဆိုင်ထားပြီး မြေဂရန်ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားအပြည့်အစုံဖြင့် ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

အရာခံဗိုလ်မြင့်သိန်း

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၇၀)ရပ်ကွက်၊ လှော်ကားလမ်း၊ အမှတ် ၄၂၂ တွင်နေထိုင်သူ ဦးခင်မောင်ဝင်း (ဘ) ဦးကြိုင် ၁၂/တမန(နိုင်)၀၈၈၃၆၇ က အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ် ၇၇၊ ခြောက်လွှာ၊ ခေါင်းရင်းခန်းတိုက်ခန်းသည် ဦးခင်မောင်ဝင်းက တရားဝင်ဝယ်ယူပြီး လက်ရှိပိုင်ဆိုင်သောတိုက်ခန်းဖြစ်၍ အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း မရှိပါကြောင်းနှင့် ဦးခင်မောင်ဝင်းမှ ရောင်းချပိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(ဦးခင်မောင်ဝင်း)
၁၂/တမန(နိုင်)၀၈၈၃၆၇

တရားမအထွေထွေလျှောက်ထားလွှာကိုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူသို့ကြားသိစေသည့် အကြောင်းကြားစာ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၄ခုနှစ် တရားမအထွေထွေလျှောက်လွှာ ၆၄

ဦးမြင့်ရှိန် နှင့် ဒေါ်ခင်ဝင်းကြည်
အမှတ်-၃၁၊ ငါးလွှာ၊ အထက်ပုဇွန်တောင်လမ်း၊
ပုဇွန်တောင်မြို့နယ်

လျှောက်ထားသူ **လျှောက်ထားခံရသူ**

၂၀၁၄ခုနှစ် အောက်တိုဘာ ၂၁ရက်စွဲပါ လျှောက်ထားသူ၏ တရားရုံးများကို မထီမဲ့မြင်ပြုမှု ဥပဒေပုဒ်မ ၅(ခ)အရ လျှောက်ထားမှု။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ ဒေါ်ခင်ဝင်းကြည် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် လျှောက်ထားသူက တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေပုဒ်မ ၅(ခ)အရ အရေးယူပေးပါရန် လျှောက်ထားရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤတရားမအထွေထွေလျှောက်လွှာကို ၂၀၁၅ခုနှစ် ဇန်နဝါရီ ၃၀ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၁၁ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ တရားမအထွေထွေမှုတွင် သင့်အတွက် ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၎င်းတရားမအထွေထွေမှုကို သင်၏မျက်ကွယ်တွင် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ-

(ခင်နွဲ့နွဲ့)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဗဟန်းမြို့နယ်တရားရုံး
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၁

ဦးအောင်မြင့် နှင့် ဦးချစ်ရွှေ
အမှတ် ၁၅၉/က၊ ရွှေဂုံတိုင်လမ်းမ၊ အမှတ် ၁၀၁၊ အုတ်လမ်း၊
အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ရန်ကုန်တိုင်းဒေသကြီး။

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အုတ်လမ်း၊ အမှတ် ၁၀၁ နေ တရားပြိုင် ဦးချစ်ရွှေ(ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်စာချုပ်ပါအတိုင်း တရားဝင်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် သင့်အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၃၀ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်ခင်လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်နေလင်း)
တွဲဖက်မြို့နယ်တရားသူကြီး
ဗဟန်းမြို့နယ်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၁၅၂၃၊ Nissan Presea PR 10 RHD, S/L(F.W.D)ယာဉ်လက်ဝယ်ရှိသူ 'ဝ'ငြိမ်းချမ်းရေးအဖွဲ့ ရှမ်း/မြောက်အထူးဒေသ(၂)မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စာမျက်နှာ ၁၅ မှ အဆက်

တိုင်လုံးကြီးများ၊ ပေ ၅၀ ကျော်မြင့် ရွှေပိန်းချကွန်းတိုင်လုံးကြီးများ ၊ ဇာတ်၊ နိပါတ်၊ ပန်းနွယ် ပန်းခက်တို့ဖြင့် ဆင်ယင်အပ်သော လက်ရန်းများစသည့် မြန်မာ့အံ့မခန်း သယံဇာတပစ္စည်း အနုပညာများဖြင့် မွမ်းထုံအပ်သော လှေကားရှစ်စင်းတပ်ရွှေကျောင်းတော်ကြီးကိုပြာပုံဘဝ ရောက်အောင် မီးစွဲလောင်ခဲ့လေတော့သည်။

"သာသနာမြေပလ္လင် အသရေလှပေတဲ့၊ ရွှေမြတောင်သာတဲ့ တိုက်ဆီက၊ နေလနှစ်ဆောင် ပါတော်မူတဲ့ အခိုက်ကိုဖြင့် . . ၊ ကတိုက်ကရိုက် အမြန်မြင်လိုက်တော့၊ မခံချင် မာန်ဝင်တဲ့ အစွမ်းရယ်နှင့် (သြော်) မန်းအပျက် တွင်ဖြင့်၊ ကြငှန်းမက်လိုက်ရပုံက၊ ပခန်းထွက်တဲ့ပြီး၊ အကြမ်းဖက်ရော့မဟဲ့လို့ ၊ ငမ်းငမ်းတက်သရေယိုအောင်၊ နန်းဆက် အမွေကိုလည်း မှန်းမိတဲ့ပြင်. . ." ဟူ၍ အိုးဝေမဂ္ဂဇင်းတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းက မြတောင်တိုက်၏ အခန်းကဏ္ဍကြောင့် မျိုးချစ်စိတ်ထက်သန်ခဲ့ပုံကို ရေးသားခဲ့လေသည်။

၁၃၄၄ခု (၁၉၈၃) ခုနှစ် တပေါင်းလဆန်း ၈ ရက် (မတ်လ ၂၁ရက်)တွင် နှစ် ၁၀၀ ပြည့်ခဲ့လေသော မြတောင်တိုက်ကြီးသည် မန္တလေးသမိုင်း၏ အဓိကရကဏ္ဍတွင် အမြဲပါဝင်ခဲ့လေသည်။ မြတောင် နှစ်တစ်ရာပြည့်ကာလက ရေးစပ်ခဲ့သော ဆရာကိုလေး (အင်းဝဂုဏ်ရည်)၏ ကဗျာတစ်ပုဒ်ကို ယခုအချိန်ထိ အေလမ်းပေါ်မှသည် မြတောင်တိုက်ကို ဦးခိုက်ရလေတိုင်း ရွတ်ဆိုမိသည်။

"ညီညွတ်လျှင် ဘာ
မညီညွတ်လျှင် ဘာ
တရားလျှင် ဘာ
မတရားလျှင် ဘာ
မြတောင်ရဲ့မျက်နှာမှာ
ကျောက်စာတွေရှာဖွေလို့ ဖတ်ကြရော့
သမိုင်းအမြင် အဆင်ခြင်တတ်ပေလိမ့်
မြတောင်ဆို သူ့အိုမြတ်ရယ်က
မှတ်ခဲ့လေခြင်း. . . ." ဟူလို။

မန္တလေးသည် သာသနာတော်စည်ကားခဲ့ရာ မြို့တော်ဖြစ်လေသည်။ စာသင်၊ စာချဆရာတော်ကြီးများဖြင့် ပရိယတ္တိစာပေများထွန်းကားရာလည်းဖြစ်၏။ ၁၂၄၇ ခု၊ အရှင်နှစ်ပါး ပါတော်မူပြီး လူမျိုးခြားလက်အောက် ရောက်သည်မှစ၍ သာသနာညှိုးမှိန်ခဲ့လေသည်။ ပါတော်မူပြီး ၁၃ နှစ်အကြာတွင် စာရင်းကောက်ယူသော အခါ စာသင်၊ စာချဆရာတော်အပါးရေ ထက်ဝက်ကျော်မျှ လျော့နည်းသွားကြောင်း ဝမ်းနည်းဖွယ်တွေ့ရှိရလေ၏။ ပါတော်မူချိန်ကာလက စာချ ဆရာတော် ၁၁၆၆ ပါး (ဉသြသံသာ) ရှိခဲ့သည်။

ဤကဲ့သို့ သာသနာတော်မှေးမှိန်းမည့် အရိပ်အရောင်ကြောင့် မန္တလေးမြို့ဆိုင်းတန်းရပ်ပွဲစားကြီး ဦးထွန်းအပါအဝင် သာသနပါလ ဥပါသကာ ၁၂ ဦးသည် မိုးတားတိုက်သာသနာပိုင် ဆရာတော် ဦးသုဇာတ အမှူးပြုသော ဆရာတော်ကြီး ၁၈ ပါး၏ သြဝါဒကိုခံယူကာ ၁၂၆၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့တွင် "မန္တလေးမြို့ ပရိယတ္တိ သာသနဟိတအသင်းကြီး" ကို တည်ထောင်ခဲ့၏။

၁၃၁၄ ခု ဝါဆိုလပြည့်ကျော် ၇ ရက် (၁၃-၃-၅၂) နေ့တွင် အသင်းကြီးက အသင်းတိုက်ဆောက်လုပ်ရန် မြေနေရာကို ဆရာတော်ကြီးများမှတစ်ဆင့် နိုင်ငံတော်အစိုးရအား တောင်းခံခဲ့ရာ ရတနာဘုမ္မိအနောက်အကွက် နံပါတ် (၅၅၀) ၈၅ လမ်းနှင့် အေလမ်းထောင့်ရှိ ၂ ဒသမ ၃၁ ဧကရှိသော မြေကွက်ကြီးကို ရရှိခဲ့သည်။ ထိုနေရာတွင် အလျား ၁၃၆ ပေ၊ အနံ ၅၄ ပေ၊ ဆင်ဝင် အလျား ၃၂ ပေ၊ အနံ ၂၄ ပေ၊ ထီးတော် ငှက်မြတ်နားအထိ အမြင့် ၁၃၆ ပေရှိ သာသနာ့ဗိမာန်တော်ကြီးကို တည်ဆောက်ခဲ့၏။ အသင်းဥက္ကဋ္ဌဝဏ္ဏကျော်ထင် ဗိသုကာဆရာကြီး ဦးဆိုင်က ကိုယ်တိုင်ကြပ်မတ် ဆောက်လုပ်ခဲ့သည်။ အချိုးကျလှပသော ဘုံခုနစ်ဆင့်ပြာသာဒ်၊ သွပ်ကနုတ်ပန်းများ၊ အင်္ဂတေ ထောင့်ပန်းများ၊ လက်ရာမြောက် ပန်းတော့ နရားရုပ်များနှင့် မြန်မာ့ဗိသုကာ အတတ်ကို အစွမ်းပြထားသည့် ဗိမာန်တော်ကြီးဖြစ်၏။ ယခင်က မန္တလေးသို့ ဘုရားဖူးလာရောက်သူတိုင်းသည် အေလမ်းဘေးက သာသနာ့ဗိမာန်တော်ကြီးကို ရောက်ရမှလည်း ပြီးပြည့်စုံ၏။ သစ်စက်သူဌေးကြီး ဦးသာဌေး မိသားစု လှူဒါန်းထားသော ဓာတ်လှေကားဖြင့် ဗိမာန်တော်ကြီး၏ တတိယထပ်အထိ တက်ရောက်နိုင်သည်။

ထိုခေတ်အခါက အများသုံး ဓာတ်လှေကားမှာလည်း မန္တလေးတွင် ဤသာသနာ့ ဗိမာန်တော်ကြီး၌သာရှိသည်။ ဓာတ်လှေကားစီးရန်အတွက်ပင် သာသနာ့ဗိမာန်တော်ကြီးသို့ တကူးတက လာရောက်ကြရသည်။ ဤဗိမာန်တော်ကြီးကို အေလမ်းအတိုင်း အရှေ့ဘက် (၈၄) လမ်းမှဆင်းလာလျှင် သော်လည်းကောင်း၊ အနောက်ဘက်ရွှေတချောင်းမြောင်းဆီမှ အေလမ်းအတိုင်း တက်လာလျှင်သော်လည်းကောင်း ကျက်သရေရှိစွာ ငွားငွားစွင့်စွင့်တွေ့မြင်ခဲ့ကြရသည်။ ယခုမူ အထပ်မြင့် မီးရထားတိုက်ခန်းကြီးများက အရှေ့ဘက်မြင်ကွင်းကို ကာဆီးထားသလို၊ ရေပေးရေးစီမံကိန်း ရေလှောင်ကန်ကြီးကလည်း အနောက်ဘက်မှ ကာဆီး ထားပြန်၏။ မတတ်နိုင်။ မန္တလေးသည် ကွန်ကရစ်တောကို ဝင့်ကြွားစွာ ထွေးပွေ့ထားပါပကော။

(မန္တလေးမျဉ်းဖြောင့်များ အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)

၁၃၄၄ခု (၁၉၈၃) ခုနှစ် တပေါင်းလဆန်း ၈ ရက် (မတ်လ ၂၁ ရက်)တွင် နှစ် ၁၀၀ ပြည့်ခဲ့လေသော မြတောင်တိုက်ကြီးသည် မန္တလေးသမိုင်း၏ အဓိကရ ကဏ္ဍတွင် အမြဲပါဝင်ခဲ့လေသည်။

သီပေါ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာကော်မတီများဖွဲ့စည်းဆောင်ရွက်

သီပေါ ဇန်နဝါရီ ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကျင်သီကျေးရွာတွင် မြစိမ်းရောင် ကျေးလက်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်ပတ်သက်သော ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၁ ရက်က ကျေးရွာမူလတန်းကျောင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ထွန်းက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်မှု ရည်ရွယ်ချက်ကို လည်းကောင်း၊ ငွေစာရင်းကိုင် ဒေါ်သီတာအေး၊ သင်တန်းနည်းပြ ဒေါ်သွယ်ငြိမ်းအေး၊ ဒေါ်ဆိုင်ကျမ်းတို့က စီမံကိန်းလည်ပတ်ငွေ ကျေးရွာတစ်ရွာ ငွေကျပ် သိန်း ၃၀၀ ကို ငွေစာရင်း ပြုစုထားရှိရမည့်ကိစ္စများကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျေးရွာပြည်သူများ၏ သဘောတူညီချက်ဖြင့် ကျေးရွာမြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှု ကော်မတီခုနစ်ဦးကိုဖွဲ့စည်းပြီး ရရှိထားသည့် ငွေကျပ်သိန်း ၃၀၀ ကို ကျေးရွာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်နေသော မိသားစုများကို အဓိကချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

ဘူမိဗေဒဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများ ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်

မကွေး ဇန်နဝါရီ ၁၃

မကွေးတက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပထမနှစ်ဘူမိဗေဒ အထူးပြုဝင်ခွင့်ရရှိသည့် ကျောင်းသားကျောင်းသူများကို မကွေးတက္ကသိုလ် ဆေးရုံမှ ဖလံချောင်းကျေးရွာအထိ အသွားအပြန် မိုင် ၂၀ လမ်းလျှောက်စစ်ဆေးခြင်းကို ဇန်နဝါရီ ၁၀ ရက် နံနက် ၅ နာရီက မကွေးတက္ကသိုလ် ဆေးရုံစုရပ်မှ စတင်၍ ကျန်းမာရေးစစ်ဆေးခြင်း၊ မျက်စိအရောင်ခွဲခြားစစ်ဆေးခြင်းများကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းလျှောက်စစ်ဆေးမှု ပြုလုပ်ရာတွင် မကွေးတက္ကသိုလ် ဘူမိဗေဒဌာန ပါမောက္ခ ဒေါက်တာခင်စန်းနှင့် ကထိက ဆရာ၊ ဆရာမ ၁၇ ဦးမှ ကြီးကြပ်လိုက်ပါခဲ့ပြီး ကျောင်းသား ၉၅ ဦး ၊ ကျောင်းသူ ၁၇ ဦး စုစုပေါင်း ၁၁၂ ဦး ပါဝင်ကာ စစ်ဆေးမှုခံယူခဲ့ကြသည်။ နံနက် ၅ နာရီတွင် မကွေးတက္ကသိုလ်ဆေးရုံရှေ့မှ စတင်လမ်းလျှောက်ခဲ့ရာ နံနက် ၆ နာရီခွဲတွင် ဖလံချောင်းကျေးရွာသို့ ရောက်ရှိခဲ့ပြီး နံနက် ၈ နာရီတွင် ပြန်လည်ထွက်ခွာခဲ့ရာ မကွေးတက္ကသိုလ် ဆေးရုံရှေ့သို့ ၁၀ နာရီ မိနစ် ၄၀ တွင် ပြန်လည်ရောက်ရှိကာ လမ်းလျှောက်စစ်ဆေးမှု အောင်မြင်စွာ ပြီးဆုံးခဲ့သည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူများကို ကျန်းမာရေးစစ်ဆေးခြင်းနှင့် မျက်စိအရောင်ခွဲခြားစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဇေယျာတု(မကွေး)

ဖျူးမြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်

ဖြူး ဇန်နဝါရီ ၁၃

ပူပြင်းခြောက်သွေ့သော ရာသီသို့ စတင်ရောက်ရှိလာပြီဖြစ်ရာ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းစီမံချက်များအရ ယခုအချိန်တွင် တိုင်းဒေသကြီး၊ မြို့နယ်များနှင့် မြို့များတွင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စတင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖျူးမြို့တွင် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့မီးသတ်သရုပ်ပြ လေ့ကျင့်ခြင်းကို ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက မြို့မစည်ပင်သာယာဈေးကြီး၌ ကျင်းပသည်။

လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ပွဲတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖျူးမြို့မဈေးသီးသန့် မီးသတ်တပ်ဖွဲ့များစုပေါင်း၍ မီးငြိမ်းသတ်ယာဉ်သုံးစင်းတို့ဖြင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ကြကြောင်း သိရသည်။

ဖြူး-မြင့်ဦး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃

ဦးအောင်မိုးကျော် **နှင့်** ၁။ ဦးရွှေဘထွန်း၊ ၂။ ဦးစိန်ဝင်း
တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၉၃/က)၊ ၅လမ်း၊ (၁၁) ရပ်ကွက်နေ ဦးရွှေဘထွန်းနှင့် ဦးစိန်ဝင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ ဦးအောင်မိုးကျော်က ကတိအတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၃ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့ မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မောင်ဆွေ)
မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄

ဦးအေးကြူ **နှင့်** ဦးခင်မောင်ညို
တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၂၂၀/ခ)၊ ၅လမ်း၊ (၁၁) ရပ်ကွက်နေ ဦးခင်မောင်ညို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ ဦးအေးကြူက ကတိအတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးခွင့်အမိန့်ရရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၃ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မောင်ဆွေ)
မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

ROSE HILL ကျန်းမာရေးစောင့်ရှောက်မှုသင်တန်း
အမှတ်(၂၀-A)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၅၈၄၀၁၊ ၅၅၂၅၄၇

ဝါရင့်ဆရာ၊ ဆရာမကြီးများကိုယ်တိုင် သင်ကြားပေးပါမည်။ စာတွေ့လက်တွေ့ ကျွမ်းကျင်တတ်မြောက်စေရမည်။ သင်တန်းဆင်းလက်မှတ် စီစဉ်ပေးမည်။ (၃)လ သင်တန်းကို လစဉ်ဖွင့်လှစ်ပါမည်။ နယ်မှ သင်တန်းသူ/သားများအတွက် နေထိုင်ရေး စီစဉ်ပေးမည်။ သင်တန်းပြီးအလုပ်ရရေးအတွက် ကူညီပေးပါမည်။ လျှောက်လွှာများ စတင်လက်ခံနေပါသည်။

ROSE HILL HOSPITAL
အမှတ်(၂၀-A)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၅၈၄၀၁၊ ၅၅၂၅၄၇

(1) MEDICAL OFFICER (၃)ဦး
(2) Cashier ဘွဲ့ရ(၁၀)တန်းအောင် မ (၃)ဦး
(3) Trained Nurse မ (၅)ဦး
(B.N.Sc(OR)Dip Nursing)
(4) B.Pharm ဘွဲ့ရ မ (၃)ဦး
(5) ASS NURSE (၃)ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ (၁၀)ရက်အတွင်း ရိုက်ထားသော ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ ဆက်သွယ်ရန်လိပ်စာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၆၀၃၁၁ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသူအောင် ၅/ကလန(နိုင်)၀၃၇၈၆၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့

ဖျာပုံမြို့နယ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းများ အောင်မြင်နေသဖြင့် ပိုမိုတိုးချဲ့မွေးမြူရန်လိုအပ်နေ

ဖျာပုံ ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းများအပြင် မြေသားငါးကန်များတူးဖော်၍ ငါးမွေးမြူရေးလုပ်ငန်းများကိုလုပ်ကိုင်လျက်ရှိရာ ဖျာပုံ-ဘိုကလေး အဝေးပြေးကားလမ်းမဘေး ဖျာပုံမြို့မှ ငါးမိုင်အကွာတွင် မြေသားကန်များတူးဖော်၍ စီးပွားဖြစ်ငါးမွေးမြူလျက်ရှိသည်မှာ သုံးနှစ်ခန့်ကြာမြင့်နေပြီဖြစ်သည်။

"ကျွန်တော်တို့ ဖျာပုံမြို့နယ်မှာ အရင်တုန်းက လယ်ယာစိုက်ပျိုးရေးနဲ့ ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းက ရရှိလာတဲ့ ပုစွန်၊ သားငါးတွေအပြင် ပြည်သူတွေ စားနပ်ရိက္ခာဖူလုံဖို့အတွက် မြစ်ချောင်းများမှ သဘာဝငါး၊ ပုစွန်တွေကိုလည်း ရှာဖွေဖမ်းဆီးပြီး အားထားနေရတာ အချိန်ကြာလာတော့ သဘာဝဘေးအန္တရာယ်နဲ့ ရာသီဥတု ဖောက်ပြန်မှုတွေ ကြုံတွေ့နေရပြီး သဘာဝ ငါး၊ ပုစွန်တွေ ရှာဖွေတဲ့အခါ ဖမ်းဆီးရရှိမှုနည်းလာတော့ သားငါးကုန်ပစ္စည်းတွေ ရှားပါးပြီး ကုန်ဈေးနှုန်းကြီးမြင့်လာတာပေါ့။ အဲ့ဒါကြောင့် အခုလို ငါးမွေးမြူရေး ကန်တွေတူးဖော်မွေးမြူပြီး အချိန်ကြာလာတဲ့အခါ လုပ်ငန်းပိုမိုကျွမ်းကျင်လာတော့ အခုလို အောင်မြင်ဖြစ်ထွန်းလာတာပေါ့ဗျာ" ဟု ငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ဖျာပုံမြို့နယ်အတွင်း ပုလဲကျေးရွာအနီး ကားလမ်းဘေးနှင့် ထိုမှတစ်ဆင့် သုံးမိုင်ခန့်အကွာ ထလွန်ကျေးရွာအုပ်စုပိုင် ရေနက်ကွင်းများတွင် လုပ်ငန်းရှင်များက တစ်ဦးလျှင် ငါးမွေးမြူရေးကန်များကို ဧက ၄၀ နှင့် ဧက ၈၀ ခန့်မွေးမြူနေကြပြီဖြစ်သည်။ ထိုကဲ့သို့ မွေးမြူရာတွင် ငါးကြင်းနှင့်ငါးမြစ်ချင်းတို့ကို အဓိကအားထားမွေးမြူကြပြီး ဧက ၄၀ ခန့် ငါးမွေးကန်တစ်ခုတွင် မွေးမြူရေးငါးနှင့် ငါးမျိုးစုံကုန်ချိန် ပိဿာချိန် ၆၀၀၀၀ ခန့်ရရှိပြီး ကန်ဖော်ချိန် ၁၀ ရက်ခန့်ကြာမြင့်ကြောင်း သိရသည်။

ဖျာပုံမြို့နယ်အတွင်း ရာသီဥတုဖောက်ပြန်မှုများ ကြုံတွေ့နေရပြီး နောက်ပိုင်း အပူချိန်မြင့်မားလာသဖြင့် သဘာဝမြစ်ချောင်းများမှ သားငါးရှာဖွေဖမ်းဆီး ရရှိမှုနည်းပါးလာသဖြင့် ယခုကဲ့သို့ မြေသားငါးမွေးမြူရေးကန်များ မွေးမြူခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပေါများ၍ မွေးမြူရေးကန်များမှရရှိသည့်ငါးများကို ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံအတွင်းရှိ အခြားမြို့ကြီးများသို့ ဈေးနှုန်းသက်သာစွာရောင်းချခြင်းဖြင့် ပြည်သူများအတွက် တစ်ဖက်တစ်လမ်းမှ စားနပ်ရိက္ခာဖူလုံစေနိုင်သဖြင့် ဖျာပုံမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များသည် ငါးမွေးမြူရေးကန်များ ပိုမိုတိုးချဲ့မွေးမြူရန်လိုအပ်ကြောင်း သိရသည်။

ချမ်းသာ(ဖျာပုံ)

လုပ်ငန်းအသုံးချ ကွန်ပျူတာနည်းပညာပြပွဲ မန္တလေး၌ကျင်းပ

မန္တလေး ဇန်နဝါရီ ၁၃

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၄လမ်းနှင့် ၇၈လမ်းထောင့် ရတနာပုံစူပါစင်တာ ပဥ္စမထပ်ရှိ Meei Training Institute (မန္တလေးဌာနခွဲ)တွင် ဇန်နဝါရီ ၁၁ ရက် နံနက် ၉နာရီမှ ညနေ ၃ နာရီအထိ MCC (Myanmar Computer Company)နှင့် မိုက်ခရိုဆော့ကုမ္ပဏီအပါအဝင် ကွန်ပျူတာနည်းပညာကုမ္ပဏီများပူးပေါင်း၍ APP; Camp Myanmar 2015 လုပ်ငန်းအသုံးချ ကွန်ပျူတာနည်းပညာပြပွဲနှင့် ဟောပြောပွဲကိုကျင်းပသည်။

အဆိုပါလုပ်ငန်းအသုံးချ ကွန်ပျူတာနည်းပညာပြပွဲနှင့် ဟောပြောပွဲတွင် ဥက္ကဋ္ဌဦးတင်ဝင်းအောင်က အမှာစကားနှင့် ဒေါ်လာဘီလီယံနှင့်ချီ၍တန်ဖိုးရှိသော မိုဘိုင်း Application များ တီထွင်ထုတ်လုပ်ခြင်း နည်းလမ်းများအကြောင်းကိုလည်းကောင်း၊ Mr.John William က မိုဘိုင်းငွေပေးချေမှုစနစ်အကြောင်းကို လည်းကောင်း၊ Mr.Guy Engene က စွန့်စားတီထွင်ပညာရှင်များအတွက် ငွေလုံးငွေရင်းစိုက်ထုတ်ခြင်းအခွင့်အလမ်း (Venture Capital Vailability)အကြောင်းတို့ကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား၍ မိုဘိုင်း Application များကို ဗီဒီယိုဆလိုက်များဖြင့် ပြသခဲ့ကြောင်းနှင့် မိုဘိုင်း APP;များ၊ အတွေ့အကြုံများ၊ ဆောင်ရွက်ချက်များကို အုပ်စုငယ်များဖွဲ့၍ ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး အဆိုပါပွဲတွင် မိုက်ခရိုဆော့ကုမ္ပဏီ၏ ကျွမ်းကျင်မှုစာမေးပွဲများကို MCCI တွင် တက်ရောက်ဖြေဆိုနိုင်မှုနှင့် အသိအမှတ်ပြုလက်မှတ်များအကြောင်း ပြခန်း၊ ဝန်ဇင်းမိုဘိုင်း စာအုပ်တိုက်၊ အွန်လိုင်းငွေပေးချေမှုစသည်တို့ကို ရှင်းလင်းပြသထားကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

ဟသ်ာတ-ဆုံကုန်း-မြန်အောင်လမ်း အမြန်ပြီးစီးရေးဆောင်ရွက်

ဟသ်ာတ ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဟသ်ာတ-ဆုံကုန်း-မြန်အောင်လမ်း (ဟသ်ာတမြို့နယ်အပိုင်း) ၈ မိုင် ၃ ဖာလုံ ၁၂ ပေ အကျယ် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းအား အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ခရိုင်ပြည်သူ့ဆောက်လုပ်ရေး ခရိုင်အင်ဂျင်နီယာမှူးကြီး၏ ကြီးကြပ်မှုဖြင့် မြို့နယ်လက်ထောက်အင်ဂျင်နီယာ ဦးမျိုးသန့်ဇော် ကြီးကြပ်ဆောင်ရွက်မှုကြောင့် ယခုအခါ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

လုပ်ငန်းအားလုံး ပြီးစီးပါက လေးမျက်နှာ၊ အင်္ဂပူ၊ ကြံခင်း၊ မြန်အောင်နှင့် ပြည်မြို့များသို့ကတ္တရာလမ်းဖြင့် တစ်ဆက်တည်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်သည်။ ယခင်က ဟသ်ာတနှင့် မြန်အောင်သို့ အချိန် လေးနာရီခန့် သွားလာရပြီး ယခုအခါ နှစ်နာရီခွဲဖြင့် နေ့ညမရွေး လုံခြုံချောမွေ့စွာသွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာသည် နှင့်အမျှ လူမှုစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

အေးထွန်း(ဟသ်ာတ)

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ကွမ်းလုံ ဇန်နဝါရီ ၁၃

ရှမ်းပြည်နယ် (လားရှိုးဒေသ) လားရှိုးခရိုင် ကွမ်းလုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သော နေရီလင်းကုမ္ပဏီနှင့်နဂါးကြယ်ကုမ္ပဏီတို့က ဆောင်ရွက်လျက်ရှိသည့် ကွမ်းလုံ-မန်ပြိန်း-ဝဆုတ်-ပန်တန်လမ်း (၁၀/၀) မိုင် ကျောက်ချောခင်းခြင်းလုပ်ငန်းကို မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်း (ငယ်/ယာ-၂)က ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး၊ လမ်းစံချိန်စံညွှန်းအတိုင်း လုပ်ငန်းများ ဆောင်ရွက်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လူတစ်ဦးအဆိပ်သောက်သေဆုံးမှုဖြစ်ပွား

တောင်သာ ဇန်နဝါရီ ၁၃

တောင်သာမြို့နယ် လက်သဲကျင်ကျေးရွာ၌ ဇန်နဝါရီ ၇ ရက် နံနက် ၁ နာရီခွဲက အမျိုးသားတစ်ဦး အဆိပ်သောက်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ သေဆုံးသူ မောင်ထွန်းနိုင်ဦး(၂၃ နှစ်)သည် ဇန်နဝါရီ ၆ ရက် ည ၁၂ နာရီက စိတ်ညစ်သည်ဟုဆိုကာ စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုသည့် (QR.AWBA)တံဆိပ်ဆေးရည်ကို သောက်ခဲ့ကြောင်း၊ မိဘညီအစ်ကိုမောင်နှမများက အဆိပ်ဖြေဆေး(ဆေးမြီးတို)တို့ဖြင့် ဝိုင်းဝန်းကူညီဖြေရှင်းခဲ့သော်လည်း သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် တောင်သာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် တပ်ဆင်ရန်အတွက် အောက်ပါလုပ်ငန်းများအား တင်ဒါခေါ်ယူလိုပါသည်-

(က) ရုံးအဆောက်အအုံအတွက် CCTV ကင်မရာတပ်ဆင်ခြင်း။ (လုံခြုံရေးစနစ်ကို ဦးစားပေးရွေးချယ်မည်)

(ခ) အစည်းအဝေးခန်းမအတွက် အသံစနစ်တပ်ဆင်ခြင်း။ (အစည်းအဝေးများဆောင်ရွက်ရာတွင် အသုံးပြုမည်ဖြစ်ပါသဖြင့် အရည်အသွေးကောင်းမွန်မှုကို ဦးစားပေးရွေးချယ်မည်)

(ဂ) Led Display တပ်ဆင်ခြင်း (အရည်အသွေးကောင်းမွန်မှု အာမခံချက်ရှိမှု ဦးစားပေးရွေးချယ်မည်)

၂။ **တင်ဒါရောင်းချမည့်ရက်** - ၁၂-၁-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၆-၁-၂၀၁၅ ရက်၊ ၁၆:၀၀ နာရီ

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၇၁-၂၄၁၇၀၊ ၀၇၁-၂၂၇၇၃ တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကိုလှမြင့်(ခ)ကိုရှဖီအူလာနှင့် အများသိစေရန်

ကျွန်ုပ်၏အမှုသည် မစန္ဒာခိုင်(ခ)မဟာမီဒါ ၁၀/မလမ(နိုင်)၁၄၉၇၈၃ အား ခင်ပွန်း ကိုလှမြင့်(ခ)ကိုရှဖီအူလာ P/BDN-၀၁၀၉၀၃ က ညဉ်းပန်းနှိပ်စက်ပြီး နေအိမ်မှနှင်ချသောကြောင့် ၄င်းအား ခင်ပွန်းအဖြစ်မှစွန့်လွှတ်ပြတ်စဲလိုက်ပါသည်။ သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေအား နှောင့်ယှက်ခြင်း၊ ထိခိုက်နစ်နာစေရန် ပြုမူဆောင်ရွက်ခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ- **မစန္ဒာခိုင်**

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစောဝင်း(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၄၉၆၁/၈၉)
အမှတ်(၄)၊ ဦးထွန်းစိန်လမ်း၊
အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့

ရုံးခန်း
ရန်ကုန်တောင်ပိုင်းခရိုင်
တရားရုံးရှေ့၊ သန်လျင်မြို့
ဖုန်း-၀၉-၂၅၄၁၄၃၃၇၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကျွန်ုပ်၏မိတ်ဆွေ ဦးဖြိုးဝေဝင်း ၉/အမဇ(နိုင်)၀၀၅၂၈၂ သည် ဦးသူရိန်(ခ)သူရိန်မောင်မောင်ခင် ၁၂/ဗဟန(နိုင်)၀၀၇၁၆၈ ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း၊ တိုက်အမှတ်(၄၇)၊ နှစ်ခန်းတွဲခုနစ်လွှာတိုက်၊ ငါးလွှာ(ယာဘက်ခန်း)၊ အကျယ်(၁၅ပေ×ပေ၆၀)ရှိသောတိုက်ခန်းနှင့် ယင်းတိုက်ခန်းဆက်စပ်လျက်ရှိသော ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဥပဒေနှင့်အညီဝယ်ယူရန် ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်ပြီး လက်ရောက်ရယူသွားပါမည်ဟု အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးသန်းထွန်း H.G.P, LL.B, LL.M
(Diploma In Vusiness Law)
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၁၉)
ဖုန်း-၀၉-၅၁၈၃၁၅၃၊ ၀၉-၄၃၂၀၂၈၂၉

ဒေါ်နီနီဦး ၁၂/ဗဟန(နိုင်)၀၄၈၁၆၅ နှင့်အများသိစေရန်ကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းအောင်ညို ၁၃/ကမန(နိုင်)၀၁၂၆၉၈ နှင့် ဒေါ်နီနီဦး ၁၂/ဗဟန(နိုင်)၀၄၈၁၆၅ တို့သည် အိမ်ထောင်သက် ၂၄ နှစ်ပေါင်းသင်းခဲ့ပြီးနောက် ၂၀၁၃ခုနှစ် ဩဂုတ် ၃၁ရက်တွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိပါသဖြင့် အသိသက်သေလူကြီးများရှေ့တွင် လက်မှတ်ရေးထိုး၍ နှစ်ဦးသဘောတူ ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။

ကွာရှင်းစာချုပ်ပါစည်းကမ်းချက်ဖြစ်သော ကွာရှင်းပြတ်စဲပြီးနောက် တစ်ဦးနှင့်တစ်ဦး သိက္ခာချပြောဆိုခြင်း၊ အနှောင့်အယှက်ပြုခြင်းကို တိုက်ရိုက်သော်လည်းကောင်း၊ အခြားသူမှတစ်ဆင့် သွယ်ဝိုက်၍လည်းကောင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ စိတ်အနှောင့်အယှက်ပြုခြင်း မလုပ်ကြရန်ကိုလည်း နှစ်ဦးသဘောတူပြီးဖြစ်ပါသည်။

သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းအောင်ညိုအပေါ်တွင် အထက်ပါသဘောတူချက်များကို ဖောက်ဖျက်ပြီး ပြုမူဆောင်ရွက်သူ မည်သူ့ကိုမဆို သက်ဆိုင်ရာတရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ကို ဒေါ်နီနီဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းအောင်ညို၏ လွှဲအပ်ညွှန်ကြားမှုအရ-

အိမ်
အမှတ်(၇၇၅)၊ (၆)ရပ်ကွက်
ကေတုမတီလမ်း၊
တောင်ဥက္ကလာပမြို့နယ်

ဦးသိန်းထွန်း (ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ(စဉ်-၆၉၅၃)
မြို့နယ်အခွန်ဦးစီးဌာနမှူး(ငြိမ်း) (ပ-တ-ခ)
ဖုန်း-၀၁-၅၆၅၀၄၈၊ ၀၉-၅၁၈၀၇၆၇

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၆၇)၊ မြေဧရိယာ ၀ဒသမ ၁၁၀ဧကရှိ မြေကွက်သည် ဒေါ်သောင်းမြင့် ၁/မကန(နိုင်)၀၃၅၇၅၁ အမည်ဖြင့် အမှုတွဲအမှတ် ၁၃၄၆/V (၂၀၀၁-၂၀၀၂)အရ ၁၄-၁၁-၂၀၁၅ရက်အထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ရာ ၄င်းမြေငှားဂရန်မှာ နေအိမ်တွင်သိမ်းဆည်းရာမှ ပျောက်ဆုံးသွားခဲ့သဖြင့် မိတ္တူကူးယူခွင့်ပြုရန် ဒေါ်သောင်းမြင့် ၁/မကန(နိုင်)၀၃၅၇၅၁ ကိုင်ဆောင်သူမှ တင်ပြတောင်းခံလျှောက်ထားလာပါသည်။

ယင်းမြေငှားဂရန်မိတ္တူကူးယူခွင့် လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူများမရှိပါက ပျောက်ဆုံးသွားသည်ဟုတင်ပြသော မြေငှားဂရန်မူရင်းကို ပယ်ဖျက်၍ မြေငှားဂရန်မိတ္တူကူးယူခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွှန့်လမ်းမှ ဗိုလ်ရာညွှန့်လမ်းသွယ်(ကိုယ်ပိုင်လမ်း)၊ အမှတ်(၆၉/ဘီ)၊ မြေညီထပ် တိုက်ခန်းဟုခေါ်တွင်သော (အလျား ၂၁ ပေ×အနံ ၃၅ ပေ ၆ လက်မ)ရှိ တိုက်ခန်းကို ဆက်စပ်စာချုပ်အဆင့်ဆင့်နှင့် ယခုလက်ရှိပိုင်ဆိုင်သူ ဒေါ်ဇင်သူသူဝင်း ၁၂/ပဘတ(နိုင်)၀၃၂၀၂၁ ထံမှ ကျွန်မ ဒေါ်ခင်သန်းမြင့် ၉/မထလ(နိုင်)၀၄၄၆၃၉ က အပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်ခင်သန်းမြင့်

ဖုန်း-၀၉-၄၃၀၅၁၉၁၀၊ ၀၉-၃၁၇၄၀၈၂၉

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သတင်းတိုများ

အမှုထမ်းများ လုပ်ငန်းခွင်မွမ်းမံသင်တန်းဖွင့်

ပုသိမ် ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမှုထမ်းဝန်ထမ်းများ၏ လုပ်ငန်းခွင်မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီခွဲက ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ကျင်းပသည်။

တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအေးကျော်က ဝန်ထမ်းများ၏အရည်အသွေးနှင့် လုပ်ရည်ကိုင်ရည်များ တိုးတက်လာစေရန်ရည်ရွယ်၍ မွမ်းမံသင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြင့်ဟန်(iprd)

ကျောင်းသား ကျောင်းသူများ စုပေါင်းသွေးလှူ

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်ပညာရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

"ကျောင်းသား ကျောင်းသူတွေက ကြက်ခြေနီအသင်းနဲ့ ပူးပေါင်းပြီး လှူဒါန်းဖြစ်တာ အခုနှစ်ဆို လေးကြိမ်ရှိပါပြီ။အခုလှူဒါန်းထားတဲ့ အရေအတွက်က ၁၈၀ ရှိပါတယ်။ သူတို့လေးတွေက တစ်ချိန်မှာ Teacher as a leader ဆိုတဲ့အတိုင်း သူတို့တာဝန်ထမ်းဆောင်တဲ့ ဒေသတွေမှာ ယခုလို ပူးပေါင်းဆောင်ရွက်ပြီး တာဝန်ယူတတ်တဲ့အလေ့အထတွေနဲ့ ဆရာကောင်းတွေဖြစ်စေဖို့လည်း ဆရာမကြီးတို့ မျှော်လင့်ပါတယ်"ဟု ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်က ပြောကြားသည်။

မြတ်စန္ဒီသင်းဇော်

မော်ကျွန်းမူကြိုကျောင်း၌ စုပေါင်းကဗျာရွတ်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၃

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းတွင် စုပေါင်းကဗျာရွတ်ဆိုပွဲနှင့် (၃၈)ဖြာမင်္ဂလာ ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၁ နာရီက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပသည်။ ယင်းစုပေါင်းကဗျာရွတ်ဆိုပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူလေးများက ပြည်ထောင်စုသားသွေးချင်းများ၊ စုပေါင်းညီညာ အောင်ကြောင်းဖြာနှင့် စည်းလုံးခြင်းသည်အင်အား ကဗျာများကို စုပေါင်း သရုပ်ဖော်ရွတ်ဆိုကြကြောင်း သိရသည်။

မော်ကျွန်း-မြင့်အောင်

ဈေးများအတွင်း လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြ

သထုံ ဇန်နဝါရီ ၁၃

မွန်ပြည်နယ် သထုံမြို့ရှိ ဈေးများ၌ မီးဘေးအန္တရာယ်မရှိစေရေးအတွက် သထုံခရိုင်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးတာဝန်ရှိသူများ ပူးပေါင်းကာ ဇန်နဝါရီ ၁၁ ရက်က စတင်ကာ လက်တွေ့မီးငြိမ်းသတ် သရုပ်ပြသခဲ့ကြသည်။ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးအောင်ကြင်ထွန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယဦးစီးမှူး(ဈေး) ဒေါ်ခင်လေးကြိုင်၊ ဈေးတာဝန်ခံဦးစိုးနိုင်၊ ဈေးသာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့်အဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များသည် သထုံမြို့ စည်ပင်သာယာဈေးများဖြစ်သည့် သုဝဏ္ဏဈေးနှင့် မြို့မဈေးတို့တွင် ဒေါင်ဖန်းမီးငြိမ်းသတ်ယာဉ်နှစ်စီးဖြင့် ပူးပေါင်းသရုပ်ပြသခဲ့သည်။

သက်ဦး(သထုံ)

ယာဉ်ကြောပိတ်ဆို့မှု စုပေါင်းတပ်ဖွဲ့နှင့် ရှင်းလင်းမှုစနစ်စတင်

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာဖြေရှင်းနိုင်ရေး စုပေါင်းတပ်ဖွဲ့များဖြင့် ယာဉ်ကြောရှင်းသည့် စနစ်ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ယခင်က ယာဉ်ကြောရှင်းလင်းရာမှာ ယာဉ်ထိန်းတပ်ဖွဲ့ဝင် သုံးဦးလောက်နဲ့သာ ရှင်းလင်းရေးပြုလုပ်ခဲ့တာပါ။ လွန်ခဲ့တဲ့ သုံးရက်လောက်ကစပြီး ယာဉ်ကြောရှုပ်ထွေးတဲ့နေရာတွေမှာ စုပေါင်းတပ်ဖွဲ့နဲ့ ရှင်းလင်းတဲ့စနစ်ကို စတင်ဆောင်ရွက်နေပါပြီ။ လတ်တလော မင်္ဂလာဈေးနဲ့ ယုဇနပလာဇာဈေးရှေ့ ဗညားဒလလမ်းတစ်လျှောက် တာမွေငါးခွဆုံအထိ ယာဉ်ထိန်းတပ်ဖွဲ့ဝင် ၁၀၀ ကျော်နဲ့ စုပေါင်းယာဉ်ကြောရှင်းလင်းရေး ဆောင်ရွက်နေပါတယ်။ ခုလို ရန်ကုန်မြို့ရဲ့ ယာဉ်ကြောရှုပ်ထွေးမှုနေရာတွေမှာ စုပေါင်းတပ်ဖွဲ့နဲ့ ရှင်းလင်းရေးအစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ရဲမှူး ဦးသိန်းထွန်းက ပြောသည်။

"မြို့လယ်မှာသွားပြီး ယာဉ်ကြောပိတ်ဆို့ရတဲ့ အဓိကအကြောင်းအရင်းက ဒီမင်္ဂလာဈေးနဲ့ ယုဇနပလာဇာဈေးရှေ့တွေမှာ ယာဉ်ကြောပိတ်ဆို့မှုကြာမြင့်နေတဲ့အတွက် ဖြစ်ရတာပါ။ ဒါကြောင့် ဒီနေရာတွေကို ဦးစားပေးရှင်းလင်းရေး ပြုလုပ်နေတာပါ"ဟု အခြားယာဉ်ထိန်းတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

ယာဉ်ကြော ရှင်းလင်းရာတွင် အဓိကအားဖြင့် ဈေးကြီးများအနီး အငှားယာဉ်နှင့် ကိုယ်ပိုင်ယာဉ်များ ရပ်နားထားခြင်း မပြုရန်နှင့် ဘတ်စ်ကားကြီးများ လက်ယာကပ်မောင်းစနစ်ကို လိုက်နာအောင် ဆောင်ရွက်နေကြောင်း တွေ့ရသည်။ ဘတ်စ်ကားလမ်းကြောင်းအတွင်း အငှားယာဉ် တက္ကစီများက အချိန်ကြာမြင့်စွာ ခရီးသည် ရပ်ဆိုင်းစောင့်နေခြင်းကြောင့် ဘတ်စ်ကားကြီးများ မထွက်နိုင်ဘဲ ယာဉ်ကြောအတွင်း ပိတ်ဆို့လျက်ရှိသည်။

ထိုသို့ ယာဉ်ကြောရှင်းလင်းမှု ပြုလုပ်နေစဉ်အတွင်း အခြားသော ပုဂ္ဂလိကယာဉ်များကိုလည်း သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်ခြင်း ရှိ မရှိ၊ လိုင်စင် ရှိ မရှိကိုလည်း စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

မှတ်ပုံတင်ထားခြင်း မရှိသော ယာဉ်များ အများပြည်သူဆိုင်ရာ နေရာများတွင် မောင်းနှင်ခြင်း၊ နှစ်လမ်းမောင်းလမ်းတွင် ယာဉ်ကြောပြောင်းပြန်မောင်းခြင်း၊ အရက်သေစာ (သို့) မူးယစ်စေသော ဆေးဝါးသောက်စားမောင်းနှင်ခြင်း၊ ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်ခြင်း၊ မီးနီဖြတ်ခြင်းတို့ကို မော်တော်ယာဉ် ဥပဒေပုဒ်မ ၂၁ အရအမှုဖွင့်အရေးယူလျက်ရှိသည်။ ယင်းဥပဒေအရ မော်တော်ယာဉ်ကို ပုဒ်မ ၂၆(၃) နှင့်အညီ သိမ်းဆည်းနိုင်သည့်အပြင် ယာဉ်မောင်းကို ထောင်ဒဏ်တစ်နှစ်ဖြစ်စေ၊ ငွေဒဏ် ငွေကျပ် ၅၀၀ မှ ၁၅၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ခံရနိုင်သည်။ သို့ရာတွင် ဒဏ်ငွေ ကျပ် ၁၅၀၀ ကြောင့် ယာဉ်မောင်းများ စည်းကမ်းလိုက်နာမှုအားနည်းလျက်ရှိသည်။

သတင်း-မောင်နွေသစ်
ဓာတ်ပုံ-သက္က

အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်

တန့်ဆည် ဇန်နဝါရီ ၁၃

တန့်ဆည်မြို့နယ် ချောင်းဆုံ(မ)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအဆင့် ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က ကျောင်းရှေ့မျက်နှာစာ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟာစိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ခင်နှင့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးတင်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်နှင့် တန့်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်တို့က ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးမြင့်အောင်က ကျောင်းသမိုင်းနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ရုပ်မြင်သံကြားဖမ်းစက်၊ အားကစားပစ္စည်းများ၊ ဗလာစာအုပ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းတာဝန်ရှိသူများက လက်ခံယူကြသည်။

ချောင်းဆုံ(မ)ကျေးရွာ အလယ်တန်းကျောင်းတွင် ကျောင်းသားကျောင်းသူ ၅၆၀ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ညိုထွန်း(တန့်ဆည်)

ကျေးလက်ရေရရှိရေး ဆောင်ရွက်

နောင်ချို ဇန်နဝါရီ ၁၃

နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဦးစီးဌာနခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၉၁ ဒသမ ၄၉ သန်းဖြင့် နောင်ချိုမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၄ ရွာတွင် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း ၁၁ ခု၊ စက်ရေတွင်းတူးဖော်ခြင်း သုံးခုတို့ကို ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၁၄ ရွာရှိ လူဦးရေ ၁၃၅၄၇ ဦးကို ရေအခက်အခဲမရှိစေရေးနှင့် ရေဖူလုံမှုရှိစေရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝ၆၁)

ဖြူးဆရာတော်ကြီး၏တပည့်ကြီး ဖြူးမဟာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ၏ အထူးတရားပွဲ

ဖြူးမဟာစည် သာသနာ့ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာန နာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ နိုင်ငံတော် ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ပြည်တွင်းပြည်ပ မဟာစည်နာယက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ Ph.D၊ သာသနာပြု နယ်လှည့်ဓမ္မကထိကအရှင်သူမြတ်သည် *ရေဦးမြို့နယ်၊ ပုဏ္ဏားကားရွာ၊ * စစ်ကိုင်းမြို့၊ ရွာထောင်မီးရထားရပ်ကွက်၊ *ဖြူးမြို့နယ်၊ လယ်ပြင်ရွာ၊ -ရန်ကုန်မြို့၊ (ဃ)ရပ်ကွက်၊ ရွှေပြည်သာ၊ *ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ ပန်းလှိုင်အရဏ်တော်ဝတ်အသင်း၊ *ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇/၈)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ *ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ဖြူးမဟာစည်ရိပ်သာ၊ *ရွှေဘိုမြို့၊ (၄)ရပ်ကွက်၊ အနောက်လောကမာရဇိန်ဘုရားရင်ပြင်တော်ဓမ္မသဘင်၊ *ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂငယ်ရပ်ကွက် သဟပုညကာရီ ဆွမ်းလောင်းအသင်း၊ *မြောင်မြို့နယ်၊ ဥန္နဲဘုတ်ရွာ၊ *မင်းဘူးနာရေးကူညီမှုအသင်း၊ *အုတ်တွင်းမြို့၊ *ဖြူးမြို့ပရိယတ္တိမူလစာမေးပွဲ၊ *အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့၊ *မိတ္ထီလာမြို့၊ ရန်အောင်ဆွမ်းလောင်းအသင်း၊ *ကွက်သစ်ရပ်၊ အင်းစိန်၊ ရန်ကုန်မြို့၊ *ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ *မုံရွာမြို့၊ ဆုတောင်းပြည့်ဘုရားဝင်းအတွင်း ရဟန်းခံရှင်ပြုအလှူ၊ *ရန်ကုန်မြို့၊ သာကေတ၊ နွယ်အေးရပ်၊ *မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ကံကြီးကုန်းမြို့သစ်၊ *ရေဦးမြို့နယ်၊ ပင်စိမ်းကင်းရွာ၊ *ကန့်ဘလူမြို့နယ်၊ ဇီးကုန်းမြို့၊ ထန်းတပင်ရွာ၊ *ပဲခူးမြို့၊ ဓမ္မပုဏ္ဏားစုရပ်ကွက်၊ ဓမ္မသဟာယနှလုံးလှဓမ္မသဘင်၊ တွံတေးမြို့နယ်၊ ကျောက်စရစ်ကုန်းရွာ၊ *ရန်ကုန်မြို့၊ သာကေတ၊ သဒ္ဒါရုံလမ်း၊ *ရေဦးမြို့နယ်၊ မုံတိုင်ပင်ရွာ ရဟန်းခံရှင်ပြုအလှူ၊ *ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ *ရန်ကုန်မြို့၊ တောင်ဒဂုံ (၁၀၆)ရပ်ကွက်၊ *ဖြူးမြို့နယ်၊ ကျွန်းကုန်းရွာ၊ *ပဲခူးမြို့၊ (၇၇)တပ်မအနီး၊ မြို့ဦးကျောင်း၊ *ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ *ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါသည်။ ဆရာတော်၏တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂၊ ၀၉-၅၀၁၇၅၅၄၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၂၅၀၂၁၄၉၇၇၊ ၀၉-၂၅၃၆၉၉၆၇၉ သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာနိုင်ငံကလျာဏယုဝခရစ်ယာန်အသင်းများ၏ အမျိုးသားကောင်စီ "The National council of Young men's Christian Associations of Myanmar" ၏ အဖွဲ့ဝင်အသင်းများဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၏ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာ မှတ်ပုံတင်အမှတ် ၂၀၆၈(၁၅-၅-၂၀၁၃)အရ မြန်မာနိုင်ငံကလျာဏယုဝခရစ်ယာန် အသင်းများ၏ အမျိုးသားကောင်စီ "The National council of Young men's Christian Associations of Myanmar" ကို ဥပဒေနှင့်အညီ မှတ်ပုံတင်ခဲ့ပြီး၊ အသင်း၏ဌာနချုပ်နှင့် တည်နေရာသည် အမှတ် ၂၆၃၊ မဟာဗန္ဓုလလမ်း၊ (၉)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာပို့သင်္ကေတအမှတ် ၁၁၁၆၁၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်ပါသည်။

ဤအသင်း၏စည်းမျဉ်းစည်းကမ်းများ၊ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်တို့ကို ယုံကြည်လက်ခံ၍ လိုက်နာမည်ဟု သဘောတူဝန်ခံလက်မှတ်ရေးထိုးသောအဖွဲ့ဝင်များဖြစ်သည့် ဒေသန္တရ ကလျာဏယုဝခရစ်ယာန်အသင်းများမှာ (၁)ဟားခါးကလျာဏယုဝခရစ်ယာန်အသင်း၊ (၂)ဘားအံကလျာဏယုဝခရစ်ယာန်အသင်း၊ (၃)ကွတ်ခိုင်ကလျာဏယုဝခရစ်ယာန်အသင်း၊ (၄)လားရှိုးကလျာဏယုဝခရစ်ယာန်အသင်း၊ (၅)မအူပင်ကလျာဏယုဝခရစ်ယာန်အသင်း၊ (၆)မိုးကောင်းကလျာဏယုဝခရစ်ယာန်အသင်း၊ (၇)မုံရွာကလျာဏယုဝခရစ်ယာန်အသင်း၊ (၈) မြစ်ကြီးနားကလျာဏယုဝခရစ်ယာန်အသင်း၊ (၉) နေပြည်တော်ကလျာဏယုဝခရစ်ယာန်အသင်း၊ (၁၀)ပုသိမ်ကလျာဏယုဝခရစ်ယာန်အသင်း၊ (၁၁) ပြင်ဦးလွင်ကလျာဏယုဝခရစ်ယာန်အသင်း၊ (၁၂)တောင်ကြီးကလျာဏယုဝခရစ်ယာန်အသင်း၊ (၁၃)တောင်ငူကလျာဏယုဝခရစ်ယာန်အသင်း၊ (၁၄)ရန်ကုန်ကလျာဏယုဝခရစ်ယာန်အသင်းတို့ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံကလျာဏယုဝခရစ်ယာန်အသင်းများ၏ အမျိုးသားကောင်စီ
အမှတ် ၂၆၃၊ မဟာဗန္ဓုလလမ်း၊ (၉)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၉၆၄၃၄၊ ၀၁-၂၉၃၁၂၁၊ ၀၁-၃၈၀၈၅၆၊ ဖက်(စ်) ၀၁-၃၉၈၆၄၄
အီးမေးလ်- myanmarymca@gmail.com

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ခင်မေ (စဉ်-၃၈၆၀၄)
LL.B, H.G.P, B.Min, MDevS, PGDSW, PGDPM (Cambridge)
ရှေ့နေနှင့်ဥပဒေအတိုင်ပင်ခံ MAY and Associates
ရုံး ၂၃/၂၈၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၄၁၃၈၅၉၊ ၀၉-၃၁၉၅၀၃၄၉၊ Email:erhnokhin@gmail.com

ဦးခိုင်စိုးနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၃၊ မြေကွက်အမှတ် ၁၈၂၏ မြေကွက်ပေါ်တွင် ပိုင်ရှင် ဒေါ်မာမာမြင့် ၉/မထလ(နိုင်)၀၁၇၉၂၃၏ သဘောတူခွင့်ပြုချက်မရှိဘဲ ကျော်နင်းဝင်ရောက်ခြံစည်းရိုးကာခဲ့သူ ဦးခိုင်စိုး (မှတ်ပုံတင်မသိ) နှင့်တကွ ယခုဖော်ပြပါမြေနှင့်ပတ်သက်၍ မမှန်မကန်ဆောင်ရွက်သူများအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် ကျူးကျော်ဝင်ရောက်ကာရံထားသော ခြံစည်းရိုးများအား ၂၅-၁-၂၀၁၅ ရက် နောက်ဆုံးထား ပြန်လည်ဖျက်သိမ်းပါရန်နှင့် တောင်းဆိုသတ်မှတ်ထားသောနေ့အထိ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မာမာမြင့် ၉/မထလ(နိုင်)၀၁၇၉၂၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကြည်ဝင်းလှိုင် LL.B အထက်တန်းရှေ့နေ (စဉ်-၂၉၃၂၀)
အမှတ် ၁၅၂၊ ပိတောက်လမ်း၊ (၆)ရပ်ကွက်၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၃၁၂၇၆၉၇၀၊ ၀၉-၂၅၀၂၆၅၇၇

ဦးခင်မောင်တိုး ၁၂/ဆကခ(နိုင်)၀၁၁၀၀၃ သိစေရန်

ဦးခင်မောင်တိုးသည် ၄င်းပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဆိုသော အိမ်မြေကိုရောင်းချရန်အတွက် ၆-၁၀-၂၀၁၄ ရက်တွင် အိမ်မြေအရောင်းအဝယ် စရန်ပေးကတိစာချုပ်ချုပ်ဆို၍ ဦးစွမ်းရည်ဇော်ထံမှ ငွေကျပ် ၅၇၅၀၀၀၀/- ကျပ်စရန်ရယူထားပါသည်။ ဦးခင်မောင်တိုးအား အဆက်အသွယ်ပြု၍မရသဖြင့် ၂၆-၁-၂၀၁၃ ရက် နောက်ဆုံးထားကာ အရောင်းအဝယ်ကျန်ငွေကို လက်ခံ၍ အိမ်မြေကို လွှဲပြောင်းပေးအပ်ပါရန် (သို့မဟုတ်) စာချုပ်ပါစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။ ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးစွမ်းရည်ဇော်
၁/မကန(နိုင်)၁၄၈၀၉၂

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကေခိုင်ထွေး
အထက်တန်းရှေ့နေ (စဉ်-၄၀၇၄၆)
အမှတ် ၅၈၊ တတိယထပ်၊ အခန်း ၃၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဂရုပြုဖွယ်ရာ ခံတွင်းကင်ဆာ

ဒေါက်တာမျိုးမင်းသိန်း

ယမန်နေ့မှအဆက်

၅။ ခံတွင်းကင်ဆာရောဂါ စစ်ဆေးနိုင်သော နည်းလမ်းများ

ခံတွင်းရှိပုံမှန်မဟုတ်သော အဖု၊ အကျိတ်၊ အဖြူကွက်၊ အနီကွက်နှင့်အနာများမှ ရရှိလာသော ဆဲလ်များကို ကင်ဆာဆဲလ် ဟုတ်မဟုတ် စစ်ဆေးသောနည်း Exfoliative cytology ဖြင့်လည်းကောင်း၊ Toluidine blue staining test ခေါ် ကင်ဆာဆဲလ်များတွင် အရောင်ဆိုးပြီးခွဲခြားခြင်းဖြင့်လည်းကောင်း၊ အသားစယူကာ ကင်ဆာ ဟုတ် မဟုတ် စစ်ဆေးကြည့်နိုင်သော Incisional or Excisional biopsy နည်းများဖြင့်လည်းကောင်း စစ်ဆေးနိုင်ပါသည်။ ယခုနောက်ပိုင်းတွင် ခံတွင်းတွင် သံသယရှိသောအရာများကို ဆေးဆိုးပြီး အလင်းအားဖြင့် စစ်ဆေးကြည့်ရှုနိုင်သော Vizilite နှင့် VEL scope နည်းများဖြင့်လည်း စစ်ဆေးနိုင်ပါသည်။ တံတွေးဂလင်းများမှထွက်သော တံတွေးများတွင် ခံတွင်းကင်ဆာနှင့် ဆက်နွှယ်နေသော Tumour markers များကို ရှာဖွေစစ်ဆေးနိုင်ပြီဖြစ်ပါသည်။

၆။ ခံတွင်းကင်ဆာအဆင့်များခွဲခြားထားပုံ

ခံတွင်းကင်ဆာအကျိတ် သို့မဟုတ် ကင်ဆာအနာ၏အရွယ်အစား၊ ကင်ဆာဆဲလ်များ ပျံ့နှံ့သောကြောင့် ထွက်ပေါ်လာသောအကျိတ်များနှင့် အခြားခန္ဓာကိုယ်အစိတ်အပိုင်းများသို့ ပျံ့နှံ့မှုအပေါ်မူတည်ပြီး ခံတွင်းကင်ဆာကို ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထအဆင့်ဟူ၍ အဆင့်လေးဆင့်ခွဲခြားသတ်မှတ်ထားပါသည်။ ခံတွင်းတွင်စမ်းသပ်တွေ့ရှိရသော ကင်ဆာကျိတ်နှင့် မေးရိုး၊ လည်ပင်းမှပျံ့ရည်ကျိတ်များ၊ ဓာတ်မှန်နှင့် ကင်ဆာကျိတ်ပျံ့နှံ့မှုကို စစ်ဆေးကြည့်ရှုနိုင်သော ပုံရိပ်ဖော်နည်းပညာများဖြစ်သည့် CT Scan၊ MRI နှင့် PET Scan များတွင် တွေ့ရှိရသော အချက်အလက်များအပေါ်မူတည်ပြီး ခံတွင်းကင်ဆာအဆင့်များကို သတ်မှတ်ထားပါသည်။ ခံတွင်းကင်ဆာကုသမှုခံယူရန်အတွက် ခံတွင်းကင်ဆာအဆင့်ကို ခွဲခြားသိရှိရန်လည်း အရေးကြီးပါသည်။

၇။ ခံတွင်းကင်ဆာရောဂါကို ကုသနိုင်သော နည်းလမ်းများ

ကင်ဆာရောဂါအဆင့်နှင့် လူနာရှင်၏ကျန်းမာရေးအခြေအနေပေါ်မူတည်ပြီး ခွဲစိတ်ကုသခြင်း၊ ကင်ဆာဆေးသွင်းကုသခြင်း၊ ဓာတ်ရောင်ခြည်ပေးကုသခြင်း၊ ဟော်မုန်းဆေးသွင်းကုသခြင်းနှင့် ဇီဝနည်းပညာ ကုထုံးများဖြင့် ကုသရပါသည်။ လူနာနှင့် ရောဂါအခြေအနေပေါ်မူတည်ပြီး ကုထုံးတစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပိုသော ကုထုံးများကို အစဉ်လိုက်သော်လည်းကောင်း၊ ပေါင်းစပ်၍သော်လည်းကောင်း ကုသကြပါသည်။ ခံတွင်းကင်ဆာရောဂါအတွက် မေးရိုးနှင့် ခံတွင်း ရောဂါဗေဒဆရာဝန်များ၊ မျက်နှာ၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုဆရာဝန်များ၊ အသားအစားထိုးခွဲစိတ်ပြုပြင်သောဆရာဝန်များ၊ ဓာတ်ရောင်ခြည်ကု ကင်ဆာဆရာဝန်များ၊ ကင်ဆာဆေးသွင်းကုသသော ဆရာဝန်များ ပူးပေါင်းကာ ကုသကြရပါသည်။

၈။ မြန်မာနိုင်ငံရှိ ခံတွင်းကင်ဆာရောဂါ ကုသမှုခံယူနိုင်သော စင်တာများ

မြန်မာနိုင်ငံ၏ အဓိကမြို့ကြီးများဖြစ်သော နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များတွင် ခံတွင်းရောဂါအတွက် ဆေးကုသမှုခံယူနိုင်ပါသည်။ ခွဲစိတ်ကုသမှုများအတွက် နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန်နှင့် မန္တလေးတို့ရှိ မျက်နှာ၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုဌာနများတွင် ကုသပေးလျက်ရှိပါသည်။ ကင်ဆာဆေးသွင်းကုသခြင်းနှင့် ဓာတ်ရောင်ခြည်ကုသခြင်းများကို နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် တောင်ကြီးမြို့ရှိ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးများရှိ ကင်ဆာရောဂါကုသမှုဌာနများတွင် ကုသပေးလျက်ရှိပါသည်။ JCC Joint Cancer Clinic ခေါ် ကင်ဆာရောဂါကုသရာတွင် သက်ဆိုင်ရာဆရာဝန်ကြီးများ ပူးပေါင်းလုပ်ဆောင်ကြသော ကင်ဆာအထူးကုဌာနများကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ ပြည်သူ့ဆေးရုံကြီးများတွင် ဖွင့်လှစ်ထားရှိပြီး ခံတွင်းကင်ဆာနှင့် ပတ်သက်သော ဆေးကုသမှုများကို ဝန်ဆောင်မှုပေးလျက်ရှိသည်။ ယခုအခါ သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများရှိသော ပုဂ္ဂလိကဆေးရုံကြီးများတွင်လည်း ခံတွင်းကင်ဆာရောဂါအတွက် ဆေးကုသမှုခံယူနိုင်ပြီဖြစ်ပါသည်။

၉။ ခံတွင်းကင်ဆာနှင့် ဝန်ထုပ်ဝန်ပိုးများ

ခံတွင်းကင်ဆာသည်လည်း အခြားသောကင်ဆာရောဂါများနည်းတူ ရောဂါဖြစ်ပွားပါက လူနာအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ အရည်အသွေးများနှင့် လူမှုစီးပွားအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေပါသည်။ ရောဂါအခြေအနေ ဆိုးရွားလာမှုနှင့်အတူ ကင်ဆာဆဲလ်များ၏ ပျံ့နှံ့မှုပေါ်မူတည်ပြီး အခြားခန္ဓာကိုယ်အစိတ်အပိုင်းများပါ ထိခိုက်လာနိုင်သဖြင့် ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးများ ကျဆင်းလာမည်ဖြစ်ပြီး အလွန်ဆိုးရွားသော အခါ အသက်သေဆုံးသည်အထိ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ခံတွင်းသည် ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ်များကို အဓိကဖြည့်တင်းပေးနေသော အစိတ်အပိုင်းဖြစ်ပြီး ခံတွင်းကင်ဆာကြောင့် ခံတွင်းအစိတ်အပိုင်းများ ထိခိုက်ပျက်စီးသွားပါက ခံတွင်းပုံမှန်လုပ်ငန်းစဉ်များဖြစ်သည့် အစားအသောက်များစားသောက်ရာတွင် အနှောင့်အယှက်ပေးနိုင်သဖြင့် အာဟာရချို့တဲ့မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့အပြင် ရောဂါပြင်းထန်လာသည်နှင့်အမျှ စိတ်ဓာတ်ပိုင်းဆိုင်ရာ အရည်အသွေးများလည်း ကျဆင်းလာမည်ဖြစ်ပါသည်။ ဆေးကုသမှုခံယူရာတွင်လည်း ကင်ဆာဆေးများ၏ ဘေးထွက်ဆိုးကျိုးများ၊ ဓာတ်ရောင်ခြည်ပေးကုသမှုကြောင့် ရရှိလာသော ဘေးထွက်ဆိုးကျိုးများနှင့် ကင်ဆာအဆင့်ပေါ်မူတည်ပြီး ခွဲစိတ်ကုသမှုခံယူရာတွင် လိုအပ်ပါက မေးရိုးများ ဖြတ်တောက်ရသည်အထိ ရှိနိုင်သဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာများ ကျဆင်းလာနိုင်ပါသည်။

ထို့အပြင် ကင်ဆာရောဂါကုသရာတွင် ကုန်ကျမည့် ဆေးကုသမှု ကုန်ကျစရိတ်များမှာ အလွန်များပြား သဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဝင်ငွေနည်းသော လူနာမိသားစုဝင်များအတွက် ကြီးမားသော အခက်အခဲတစ်ရပ်ဖြစ်စေပါသည်။ ထိုအခါ လူနာအပါအဝင် အခြားမိသားစုဝင်များအတွက်ပါ ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ရောဂါရှာဖွေသောအဆင့်မှ စတင်ကာ ရောဂါအတွက် ဆေးကုသပြီးသည့်အချိန်အထိ အဆင့်တိုင်းတွင် ငွေကြေးကုန်ကျမှုများ ရှိနေမည်ဖြစ်ပြီး ဆေးကုသမှုကုန်ကျစရိတ်များမှာ လူနာအပါအဝင် လူနာမိသားစု၏ဝင်ငွေထက် ပိုမိုများပြားနေပါက လူနာနှင့် လူနာမိသားစုဝင်အတွက်ပါ လူမှုစီးပွားအပေါ် အကျိုးသက်ရောက်မှုရှိစေပြီး ဝန်ထုပ်ဝန်ပိုးများ ဖြစ်ပေါ်စေပါသည်။ ဤအချက်သည် ဝင်ငွေနည်းသော မိသားစုများအတွက် ကင်ဆာရောဂါဆေးကုသမှုခံယူရာတွင် ကြီးမားသော အခက်အခဲတစ်ရပ်ပင်ဖြစ်ပါသည်။ ဆေးကုသမှုခံယူနိုင်ရန်အတွက် စုဆောင်းထားသော ဥစ္စာပစ္စည်းများနှင့်အိမ်ခြံမြေ လယ်ယာများကို ထုခွဲရောင်းချရသည်အထိ ဖြစ်ပေါ်လာနိုင်ပါသည်။

၁၀။ ခံတွင်းကင်ဆာနှင့် ဂရုပြုရမည့်အချက်များ

မျိုးရိုးဗီဇဖောက်ပြန်ခြင်း၊ ဟော်မုန်းဓာတ်များ၊ ကိုယ်ခံအားစနစ်များ ဖောက်ပြန်သောကြောင့်ဖြစ်သော ခံတွင်းကင်ဆာများမှလွဲ၍ အများစုဖြစ်ပွားနေသော ခံတွင်းကင်ဆာများမှာ ကာကွယ်၍ရသော ရောဂါဖြစ်ပါသည်။ ခံတွင်းကင်ဆာဖြစ်ပွားမှု အားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်မှာ ဆေးရွက်ကြီးနှင့် ဆက်စပ်ထုတ်ကုန်များသုံးစွဲခြင်းကြောင့် အဓိကဖြစ်ပွားနေခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံအနေဖြင့်လည်း ဆေးရွက်ကြီးနှင့် ဆက်စပ်ထုတ်ကုန်များဖြစ်သော ကွမ်းဝါးခြင်း၊ ဆေးလိပ်သောက်သုံးခြင်းနှင့် အသင့်စားကွမ်းယာထုပ်များ စားသုံးသူအရေအတွက် သိသိသာသာ များပြားလာသဖြင့် ခံတွင်းကင်ဆာဖြစ်ပွားမှုနှုန်း ပိုမိုမြင့်တက်လာနိုင်ခြေရှိနေပါသည်။ ရှေးယခင်က ယူဆထားသော ခံတွင်းကင်ဆာသည် အမျိုးသားများနှင့် အသက်အရွယ်ကြီးသော သူများတွင်သာ ဖြစ်သည်ဆိုသည်မှာလည်းမမှန်ပေ။ အန္တရာယ်ရှိသော မကောင်းသောအလေ့အထများဖြစ်သည့် ဆေးလိပ်သောက်ခြင်း၊ ကွမ်းဝါးခြင်း၊ အရက်သောက်ခြင်းနှင့် အသင့်စားကွမ်းယာထုပ်များ စားသုံးခြင်းစသော အလေ့အကျင့်များရှိသူ အမျိုးသား၊ အမျိုးသမီး၊ လူငယ်လူကြီးနှင့် လူတန်းစားမရွေး ဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် ထိုမကောင်းသော အလေ့အကျင့်များကို ရှောင်ကြဉ်ရန် လိုအပ်ပါသည်။

ခံတွင်းကင်ဆာသည် အခြားသော ခန္ဓာကိုယ်တွင်း ဖြစ်ပွားသောကင်ဆာရောဂါများထက် ရောဂါဖြစ်ပွားမှုကို ဆောလျင်စွာ သိရှိနိုင်ရန် အားသာချက်များစွာရှိပါသည်။ ခံတွင်းတွင် ပုံမှန်မဟုတ်သော သံသယရှိသောအရာများကို မျက်စိဖြင့် တိုက်ရိုက်တွေ့မြင်နိုင်သဖြင့် မိမိကိုယ်တိုင်လည်း ခံတွင်းကို အမြဲစစ်ဆေးပေးရန် လိုအပ်သကဲ့သို့ ခံတွင်းကျန်းမာရေးစစ်ဆေးမှုကိုလည်း သက်ဆိုင်ရာသွားနှင့်ခံတွင်း ဆရာဝန်များနှင့် မကြာမကြာ စစ်ဆေးပေးရန် လိုအပ်ပါသည်။ သံသယရှိသော မည်သည့် အဖုအကျိတ် အနာများကိုမဆို ရရာဆေးမြီးတိုများဖြင့် ကုသမနေဘဲ သက်ဆိုင်ရာ ကျန်းမာရေးပညာရှင်များနှင့် အမြန်ဆုံးပြသကြရန် လိုအပ်ပါမည်။ ကနဦးအဆင့် ကင်ဆာရောဂါ ဆောလျင်စွာဆေးကုသမှုခံယူနိုင်ပါက ရလဒ်ကောင်းများ ရရှိမည်ဖြစ်ပါသည်။

အချုပ်အားဖြင့် ခံတွင်းကင်ဆာဖြစ်ပွားစေသော အကြောင်းအရင်းအများစုသည် မကောင်းသော အလေ့အထများဖြစ်သဖြင့် ယင်းတို့ကို ရှောင်ကြဉ်နိုင်မည်ဆိုပါက ခံတွင်းကင်ဆာဖြစ်ပွားမှုမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ အခြားကာကွယ်၍မရသော အကြောင်းတရားအနည်းငယ်ကြောင့်ဖြစ်သော ခံတွင်းကင်ဆာများကိုလည်း ဆောလျင်စွာသိရှိကုသနိုင်ရန် ခံတွင်းကျန်းမာရေး ပုံမှန်စစ်ဆေးပေးခြင်း၊ မသင်္ကာဖွယ်ရာ တစ်စုံတစ်ရာရှိခဲ့ပါက အမြန်ဆုံး ပြသကုသမှုခံယူခြင်းဖြင့် ရောဂါနောက်ဆက်တွဲ ဆိုးကျိုးများနည်းနိုင်သမျှ နည်းစေရန် ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ခံတွင်းကင်ဆာအပါအဝင် အခြားမကူးစက်တတ်သော ရောဂါအများစုကို ဖြစ်ပွားစေနိုင်သော ဆေးရွက်ကြီးနှင့် ဆက်စပ်ထုတ်ကုန်များကို မြန်မာပြည်သူများလွယ်လင့်တကူ မသုံးစွဲစေနိုင်ရန်အတွက် ဗဟုသုတပညာပေးခြင်းနှင့် သက်ဆိုင်ရာ အာဏာပိုင်များအနေဖြင့်လည်း တင်းကျပ်သော ဥပဒေ၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းဆောင်ရွက်ပေးကြပါရန် ဆန္ဒပြုတင်ပြအပ်ပါသည်။

ကွမ်းဝါးခြင်း၊ ဆေးလိပ်သောက်သုံးခြင်းနှင့် အသင့်စားကွမ်းယာထုပ်များ စားသုံးသူအရေအတွက် သိသိသာသာများပြားလာသဖြင့် ခံတွင်းကင်ဆာဖြစ်ပွားမှုနှုန်း ပိုမိုမြင့်တက်လာနိုင်ခြေရှိ

မြန်မာနိုင်ငံဗိသုကာဘုတ်အဖွဲ့
ကြေညာချက် (၁/၂၀၁၅)

၁။ မြန်မာနိုင်ငံဗိသုကာဘုတ်အဖွဲ့(Board of Architects Myanmar) ကို ပြည်ထောင်စုအစိုးရ အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၁၃)၏ သဘောတူညီချက်အရ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၉ ရက်စွဲပါ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁၇၅/၂၀၁၃)ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဗိသုကာဘုတ်အဖွဲ့မှ အကြီးတန်းလိုင်စင် ဗိသုကာမှတ်ပုံတင်လက်မှတ်များ (Senior Licensed Architects)များကို ဒုတိယအသုတ်အနေဖြင့် ထုတ်ပေးမည်ဖြစ်ပါသဖြင့် အောက်ပါအချက်များနှင့်ကိုက်ညီသူများ မြန်မာနိုင်ငံဗိသုကာဘုတ်အဖွဲ့ရုံးခန်းတွင် လျှောက်လွှာများလာရောက်ထုတ်ယူ လျှောက်ထားနိုင်ရန် အသိပေးအပ်ပါသည်။
- (က) မြန်မာနိုင်ငံဗိသုကာဘုတ်အဖွဲ့အသိအမှတ်ပြု Licensed Architect (LA) ဖြစ်ပြီးသူ။
- (ခ) မြန်မာနိုင်ငံဗိသုကာအသင်းအသိအမှတ်ပြု Registered Architect (RA) ဖြစ်ပြီးသူ။
- (ဂ) ဘွဲ့ရပြီးနောက် ဗိသုကာလုပ်ငန်းအတွေ့အကြုံ(၁၀)နှစ် တစ်ဆက်တစ်စပ်တည်း ရှိပြီးသူ။
- (ဃ) မိမိတာဝန်ယူ ဒီဇိုင်းရေးဆွဲဆောက်လုပ်ခဲ့သော Public Buildings သုံးခု တင်ပြနိုင်သူ။
- (င) မြန်မာနိုင်ငံအတွင်း တစ်နှစ်အတွင်း ခြောက်လအခြေချနေထိုင်လျက်ရှိသူ။

၃။ လျှောက်လွှာများကို ၇-၁-၂၀၁၅ရက်မှ စတင်ထုတ်ယူနိုင်ပြီး ၃၁-၁-၂၀၁၅ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဗိသုကာဘုတ်အဖွဲ့ရုံးခန်းသို့ ပြန်လည်တင်ပြရန် ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံဗိသုကာဘုတ်အဖွဲ့ရုံး
၂၂၈-၂၃၄၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ တတိယထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၅၄၄၆၀

ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပ-ဒု) (ဘာသာဋီကာမူ)
ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပ) (မအူမူ)
ဦးမော်လူး စီစဉ်သည်။
ဖုန်း-၀၁-၅၅၂၈၉၈

ပြည်ထောင်စုကျောင်း အာစရိယပူဇော်ပွဲ

ပြည်ထောင်စုကျောင်း အမှတ်-၁၁၁၊ ရှစ်မိုင်၊ မရမ်းကုန်း၊ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဆရာကြီး ဦးတိုးအောင်နေအိမ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသားဟောင်းများအား ဖိတ်ကြားအပ်ပါသည်-

နေ့ရက် - ၁၂-၂-၂၀၁၅ ရက် (ကြာသပတေးနေ့)
အချိန် - ၀၉:၀၀ နာရီ
နေရာ - ဆရာကြီးဦးတိုးအောင်နေအိမ် အမှတ် ၂၄/D၊ ၁၀၆ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ပဒိုက်ခြောလစ်/လေဗီအား
Full Auto အုဘ်ချိတ်ခံ
(ဖတ်ရန်မရှင်းလင်း)
PH:09 731 99 410
09420035882, 73199257

တိုက်ခန်းငှားမည်

ရန်ကုန်မြို့၊ ဗိုလ်တထောင်လမ်းသွယ် (၂)လမ်း၊ ပထမထပ်၊ ဟောင်ကောင်နှစ်လွှာ၊ ပေ(၂၀×၅၀)၊ အသင့်ပြင်ဆင်ပြီး။
ဖုန်း-၀၉-၅၁၁၄၂၂၃၊ ၀၉-၅၀၂၁၂၃၅

တိုက်ခန်း(အသစ်)ရောင်းမည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဝဏ္ဏသိဒ္ဓိ ၃လမ်း၊ တတိယထပ်၊ အကျယ် ၁၂½ပေ×ပေ၄၀ တိုက်သစ်။
ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၁၂၂၄၆၅
ဗဟိုလမ်းနှင့်ကမာရွတ်ဘူတာရုံလမ်းအနီး
အကျိုးဆောင်ခပေးမည်

အဆင့်မြင့်ကွန်ဒိုအခန်းငှားမည်

Thanlyin Starcity ကြယ်စင်အိမ်ရာအတွင်း ပြင်ဆင်ပြီး(Fully Finished) အသင့်နေနိုင်သော အခန်းငှားမည်။
ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၀၄၆၄၉၄
အကျိုးဆောင်ခပေးမည်။

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/၂၊ မြေကွက်အမှတ် ၅၁၊ မြေကွက်တည်နေရာအမှတ် ၅၁၊၁၄လမ်း၊၁ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊(ဦးတင်အောင်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိဖြင့် အရောင်းအဝယ်စာချုပ် ၁၅-၁၀-၁၉၉၇ဖြင့် ဝယ်ယူပိုင်ဆိုင်လာရာ ဦးနိုင်နိုင်အောင် ၁၂/မရက(နိုင်)၀၀၇၄၆၅မှ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ ၁ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ကျမ်းကျိန်လွှာ အရပ်ကတိအရောင်းအဝယ်စာချုပ်တို့တင်ပြ၍ နှစ်၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ် ၈၅၇၊ မြေကွက်တည်နေရာအမှတ် ၈၅၇၊ ၃၇ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးတင်အေး CE-၀၄၆၅၆၈) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်အေးအား တရားမကြီးမှုအမှတ် -၁၅၂/၁၄နှင့် တရားမဇာရီမှုအမှတ် ၁၂၃/၁၄(ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်တရားရုံး)တို့ဖြင့် ဦးမိုးကျော်အောင်မှ အနိုင်ဒီကရီရရှိခဲ့ပြီး ယခုတရားရုံးကိုယ်စား ဘီလစ် ဒေါ်လှဲ့လှဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉မှ အနိုင်ဒီကရီနှင့် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းစာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဤဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းဝန်းမား (ဘ)ဦးစိုင်းလုံ ၁၃/တခလ(နိုင်)၀၃၇၄၃၁၏ Passport (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၈၄-၂၃၇၆၄**

ကျေးရွာချင်းဆက်လမ်းကြောင့် ရန်ကုန်၊ မော်လမြိုင်မြို့ကြီးများသို့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာနိုင်

သထုံ ဇန်နဝါရီ ၁၃

မွန်ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော မွန်ပြည်နယ် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) လမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်း(သထုံအပိုင်း)ကို ယခုဘဏ္ဍာနှစ်အတွင်း ငွေကျပ် ၁၉၁ ဒသမ ၇၅၅ သန်း အကုန်အကျခံ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ယင်းလမ်းမှာ ဝီယော်-ချောင်းစောင့်ကျေးရွာချင်းဆက် လမ်းပိုင်းဖြစ်ပြီး ကတ္တရာလမ်းအရှည် ၂ မိုင် ၁ ဖာလုံရှိကာ ကျေးရွာချင်းဆက်လမ်းဖြစ်သော်လည်း ဒေသအတွင်းအရေးပါသည့် လမ်းမတစ်ခုဖြစ်သည်။

အဆိုပါကျေးရွာချင်းဆက်လမ်းကို အဆင့်မြှင့်တင်၍ကတ္တရာလမ်းခင်းပေးခြင်းကြောင့် ဤဒေသရှိ ပြည်သူများသည် ချောင်းစောင့်-ဝီယော်-ဝင်းပ-သိမ်ဆိပ်လမ်းမှတစ်ဆင့် ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့များသို့ မိမိတို့ဒေသထွက်ကုန်များ ရာသီမရွေး ရောင်းချတင်ပို့နိုင်တော့မည်ဖြစ်ရာ စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးအခွင့်အလမ်းများ တိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

ယခုတည်ဆောက်နေသော မွန်ပြည်နယ် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) လမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်း(သထုံ)အပိုင်းသည် ဝီယော်-ချောင်းစောင့်လမ်းမှ ဘီးလင်းမြို့နယ်အတွင်းသို့ ဆက်သွယ်ဖောက်လုပ်နေခြင်း ဖြစ်သည်။

ခွန်(ဝင်းပ)

ဗိုလ်ချုပ်ရာပြည့်ပွဲကျင်းပနိုင်ရေး မြေနေရာများ သတ်မှတ်ရှင်းလင်း

မြန်အောင် ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နှစ် (၁၀၀)ပြည့်ပွဲတော်ကျင်းပနိုင်ရေး ဦးစီးကော်မတီကို ဖွဲ့စည်းကာ လုပ်ငန်းများစတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

မြန်အောင်မြို့ အမှတ်(၄) ရပ်ကွက် ဇေယျသာရီကွင်းအတွင်း ကျင်းပနိုင်ရန် စီစဉ်လျက်ရှိပြီး ကွင်းရှင်းလင်းခြင်း၊ ဗီနိုင်းများထောင်ခြင်း၊ ဆိုင်ခန်းတည်ဆောက်ခြင်းများ စတင်နေပြီဖြစ်ကြောင်း ပွဲတော်ကျင်းပရေး ဦးစီးကော်မတီထံမှ သိရသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀)ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်ရုပ်တု ထုလုပ်ခြင်း၊ ဟာသအဖွဲ့များက အကြိုလှို့ဆော်ခြင်း၊ စာပေဟောပြောပွဲများနှင့် စာပေပြိုင်ပွဲများကျင်းပခြင်း၊ ဂီတဖျော်ဖြေပွဲများ ကျင်းပခြင်းတို့ကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်ရာပြည့်ပွဲတော်ကျင်းပရေးဦးစီးကော်မတီကို မြို့နယ်အဆင့်တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများနှင့် စိတ်ပါဝင်စားသူများဖြင့် ဖွဲ့စည်းထားကြောင်း သိရှိရသည်။

နေဝင်းဇော်(မြန်အောင်)

လမ်းမတော်မြို့နယ်အတွင်း ရေမြောင်းများ သန့်ရှင်းရေးပြုလုပ်

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းဘေး ရေမြောင်းများရှိ အမှိုက်နှင့် စွန့်ပစ်ပစ္စည်းများ ဆယ်ယူသိမ်းဆည်းခြင်းနှင့် ခြင်ဆေးပက်ဖျန်းခြင်းများကို မြို့နယ်စည်ပင်သာယာဝန်ထမ်းများ ဇန်နဝါရီ ၁၂ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေမြောင်းများမှ ထွက်သော အမှိုက်နှင့် အညစ်အကြေးများကို အမှိုက်သယ်ယာဉ်များဖြင့် သယ်ဆောင်ပြီး လမ်းမတော်မြို့နယ် နောက်ဖေးလမ်းကြားများတွင် စည်းကမ်းရှိစေရေးနှင့် အမှိုက်များစနစ်တကျထားရှိရေးအတွက် ရပ်ကွက်နှင့် မြို့နယ်တာဝန်ရှိသူများက သတိပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ဆိုင်

သတင်းတို

ကျေးရွာလျှပ်စစ်မီးလင်းရေးပံ့ပိုးချေးငွေများပေးအပ်

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြို့နယ်သမဝါယမအသင်းစုရုံး၌ ကျေးရွာလျှပ်စစ်မီးလင်းရေး ပံ့ပိုးချေးငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၁ ရက်က ကျင်းပရာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းအောင်က ကျောက်ရန်ကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီသို့ အိမ်ထောင်စု ၆၀ အတွက် ပံ့ပိုးချေးငွေကျပ် သိန်း ၉၀ ကိုလည်းကောင်း၊ တောင်ရှေ့ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီသို့ အိမ်ထောင်စု ၁၃၂ အတွက် ပံ့ပိုးချေးငွေကျပ် သိန်း ၁၉၈ ကိုလည်းကောင်းပေးအပ်ခဲ့ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့က လျှပ်စစ်မီးကို သက်ဆိုင်ရာဌာန၏ညွှန်ကြားချက်နှင့်အညီ သုံးစွဲကြရန်နှင့် ပံ့ပိုးချေးငွေများကို မီတာတပ်ဆင်ရေးတွင်သာ အသုံးပြုရန် ရှင်းလင်းပြောကြားခဲ့သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၂)ရှိ အလျား(၅၀)ပေ× အနံ (၈၀)ပေခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်ခံ(မီတာပါ)နေအိမ်တစ်လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ကွယ်လွန်သူမိဘများဖြစ်ကြသည့် ဦးဂျိကေဆင်း ISN-၄၁၃၃၆၃ နှင့် ဒေါ်ချစ်မေ ၁၂/အစန(နိုင်)၀၀၆၄၁၄ တို့မှ ကျန်ရစ်ခဲ့သည့်ပစ္စည်းဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သားအရင်း၊ သမီးအရင်းများဖြစ်ကြသည့်
၁။ ဦးလှသောင်း၊ ၂။ ဦးထွေးမောင်၊ ၃။ ဒေါ်စန်းစန်းမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြည်စိုး LL.B
(တရားလွှတ်တော်ရှေ့နေ)
ရုံး- ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး (အပေါ်ထပ်)၊ အင်းစိန်မြို့နယ်
ဖုန်း-၀၉-၂၅၄၈၅၅၉၂၄

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ မြေကွက်အမှတ် (၉၄၉) နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်ပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးလှဝင်း ၁၂/စခန(နိုင်)၀၀၇၃၉၁ ထံမှ ကျွန်မ ဒေါ်ခင်ဆန်းယုက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေ၊ အိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားစုံလင်စွာဖြင့် ကျွန်မထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ဆန်းယု
၁၂/လမတ(နိုင်)၀၂၉၁၂၀
အမှတ်(၁၂၅)၊ (၁၈)လမ်း၊ လသာမြို့နယ်

တံတားမြို့ အ.ထ.က အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့ (အ.ထ.က) ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအတွက် ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၇-၃-၂၀၁၅ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် နှိုးဆော်တိုက်တွန်း ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုပါက

ဦးထွန်းလှိုင် - ၀၉ ၇၉၅၉၃၀၁၄၄၊ ဒေါ်ဝင်းမြင့် - ၀၉၅၁၃၂၆၁၃၊ ဦးဆန်းနိုင် - ၀၉၄၃၀၉၂၃၉၅၊ ဦးဖေသန်းမောင် - ၀၉ ၄၂၁၀၃၄၃၅၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ၁၃ လမ်း၊ အမှတ် ၅၈/B ရှစ်လွှာ၊ ၁၂ ½ ပေ× ပေ ၅၀ ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူ ဦးယုလွင် ၁၂/လသန(နိုင်)၀၁၈၃၂၆၊ အမှတ် ၈၅၊ သုံးလွှာ၊ အခန်း ၈၊လမ်း ၃၀၊ (၆)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်နေသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းရောင်းချမှုကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောမူရင်းစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ဇင်မာမြင့် LL.B
အထက်တန်းရှေ့နေ (စဉ်-၂၃၉၈၉)
ညောင်ဝိုင်းကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၁၁၂၃၉၇၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၇ လမ်း၊ တိုက်အမှတ် ၆၆၆/ဘီ၊ မြေညီထပ်ကို လက်ဝယ်ပိုင်ဆိုင်သည့် ဦးမြင့်ဝင်း ၁၂/လမန(နိုင်)၁၁၂၇၈၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်ခင်ဦးနှင့် ဒေါ်ဝေဝေမြင့်တို့က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သဲစုထွေး LL.B, D.B.L, D.M.L, D.I.L	**ဦးမြတ်ထွန်း B.Sc, R.L**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
စဉ်-၂၇၁၂၈	**စဉ်-၃၆၉၀**

အမှတ် ၅၅၊ ၁၄ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း-၀၉-၇၃၀၇၂၂၂၁၊ ၀၉-၇၃၁၄၄၀၅၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးရေးဇုန်(၂)၊ M-1 လမ်းမ ကြီး၊ C-9 နှင့် C-10 ကြား လမ်းပေါ်ရှိ အကွက်အမှတ် ၅၁၈ နှင့် ၄၅၂ ဟုခေါ်တွင်သော (၂)ယူနစ်မြေကွက်အား ပိုင်ရှင်ဦးကျော်မြင့် ၁၃/နခန(နိုင်)၀၃၃၁၈၇ မှ လုပ်ကိုင်ခွင့်ကတ်ပြား ထုတ်ယူထားခြင်းမရှိသေးပါသဖြင့် ယခုလုပ်ကိုင်ခွင့်ကတ်ပြားလျှောက်ထားရန် သက်ဆိုင်ရာအဆင့်ဆင့်သို့ တင်ပြလျှောက်ထားမည်ဖြစ်ပါသည်။ ထို့ကြောင့် လုပ်ကိုင်ခွင့်ကတ်ပြားထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားမူရင်းအပြည့်အစုံနှင့်တကွ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်မြင့်
၁၃/နခန(နိုင်)၀၃၃၁၈၇
အမှတ် ၁၁၂၆၊ ဇောတိကလမ်းသွယ်(၁)လမ်း၊ (၁၆/၄)ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၆၀၂၄၅၅၁

မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ တိုက်ခန်းပိုင်ဆိုင်မှုစာအုပ်နှင့် တိုက်ခန်းသော့ပေးအပ်ပွဲကျင်းပ

မန္တလေး ဇန်နဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ရောင်းချပေးလျက်ရှိသော မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ ဝယ်ယူသူများအား တိုက်ခန်းပိုင်ဆိုင်မှုစာအုပ်နှင့် တိုက်ခန်းသော့များပေးအပ်ပွဲကို ချမ်းမြသာစည်မြို့နယ်ရှိ မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာစီမံကိန်း ရှင်းလင်းဆောင်၌ ဇန်နဝါရီ ၁၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရောင်းချပေးလျက်ရှိသည့် တိုက်ခန်းပေါင်း ၁၃၄၄ ခန်းပါ မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာများကို ရောင်းမှားဝယ်မှားဖြစ်သည့် ပြည်သူများအား စနစ်တကျမဲနှိုက်၍ လက်ငင်းငွေချေစနစ်ဖြင့်လည်းကောင်း၊ ဘဏ်များနှင့် ချိတ်ဆက်၍လည်းကောင်း ရောင်းချပေးလျက်ရှိရာ ယခု ရောင်းချပေးမှုသည် လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူခွင့်ရရှိသည့် ၃၇ ဦးအား တိုက်ခန်းပိုင်ဆိုင်မှုစာအုပ်နှင့် တိုက်ခန်းသော့ပေးအပ်ခြင်းဖြစ်သည်။

မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ ရောင်းချပေးမည့် အစီအစဉ်များကို ရောင်းမှားဝယ်မှားဖြစ်သူများ သိရှိနိုင်စေရန်အတွက် ၂၀၁၃ ခုနှစ်မှစကာ မြေပြင်တွင် စနစ်တကျ စာရင်းများကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ အများစုက ကျေနပ်မှုရှိသည့်အတွက် ရောင်းချပေးမည့် အစီအစဉ်များကို သတင်းမီဒီယာများအား ခေါ်ယူ၍ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခြင်း၊ နေ့စဉ်ထုတ်သတင်းစာများတွင် အချိန်တစ်လခန့်ပေး၍ အဆက်မပြတ်ကြော်ငြာပေးခြင်း၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြော်ငြာပေးခြင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက အကြိမ်ကြိမ်ခေါ်ယူတွေ့ဆုံခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုအခါ မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ တိုက်ခန်းများသည် သတ်မှတ်ချိန်အတွင်း မျက်ဝါးထင်ထင် ပြီးစီးလာသဖြင့် တိုက်ခန်းဝယ်ယူလိုသူ များပြားလျက်ရှိသည်။ တိုက်ခန်းများစတင်ရောင်းချချိန်တွင် အချို့သောပုဂ္ဂိုလ်များအနေဖြင့် စာရင်းကောက်ယူမှု ကျန်ရစ်ကြောင်း တင်ပြလာမှုများရှိလာခဲ့ကြောင်းနှင့် ထိုတင်ပြချက်များအပေါ် စိစစ်ချက်များအရ အချက်အလက်မှန်ကန်မှုမရှိခြင်း၊ တရားမဝင်စာရွက်စာတမ်းများဖြစ်နေခြင်းများ တွေ့ရှိရသောကြောင့် တိုက်ခန်းနေရာချထားပေးရန် အစီအစဉ်မရှိကြောင်း သိရသည်။

တန်ဖိုးနည်းအိမ်ရာတိုက်ခန်းများရောင်းချရာသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးရဲမြင့်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး မြို့တော်ဝန် ဦးအောင်မောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ တန်ဖိုးနည်းအိမ်ရာ လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူခွင့်ရရှိသူများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တန်ဖိုးနည်းအိမ်ရာ စနစ်တကျရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၆)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ လေးခန်းတွဲလေးထပ် ခြောက်လုံးတည်ဆောက်ရေးလုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

အင်းတော်မြို့နယ် ရိုးပြတ်လယ်ကွင်းများတွင် ဂေါ်ဖီထုပ်စိုက်ခင်းများ အောင်မြင်လျက်ရှိ

အင်းတော် ဇန်နဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် လယ်ပြင်ကျေးရွာအုပ်စု နန်းကင်ကျေးရွာ၌ စပါးရိတ်သိမ်းပြီး ရိုးပြတ်လယ်ကွင်းများတွင် ဆောင်းသီးနှံဖြစ်သည့် ဂေါ်ဖီထုပ်များ စိုက်ပျိုးလုပ်ကိုင်နေကြသည့်တောင်သူများ အောင်မြင်ဖြစ်ထွန်းအဆင်ပြေလျက် ရှိနေကြကြောင်း သိရသည်။

"ကျွန်တော်တို့ စိုက်ပျိုးထားတဲ့ ရိုးပြတ်လယ်ကွင်းတွေမှာ ဂေါ်ဖီထုပ်တွေကို တစ်ကွက်ပြီးတစ်ကွက် ရောင်းနိုင်အောင် ကျွန်တော်တို့ စိုက်ပျိုးနေကြတာပါ။ ဟိုအကွက် ခုတ်ရောင်းပြီးတာနဲ့ ဒီအကွက်ကိုခုတ်ပြီး ရောင်းနိုင်အောင် စီစဉ်ထားလို့ ကျွန်တော်တို့အတွက် နေ့စဉ်ဝင်ငွေကလည်း ရှိနေတယ်။ ကျွန်တော်ဆိုရင် အခုရိုးပြတ်လယ်မြေ နှစ်ဧကအကွက်ကို စိုက်ပျိုးထားတာ အကုန်လုံး ဖြစ်ထွန်းအောင်မြင်တယ်။ ဂေါ်ဖီထုပ်တစ်ထုပ်ကို အင်းတော်မြို့ဈေးမှာ တစ်ထုပ်ကို ငွေကျပ် ၅၀၀ မှ ၃၀၀ ကြားမှာ ရောင်းရပါတယ်။ ဒါဟာ ကျွန်တော်တို့ ဖောက်သည်သွင်းရတဲ့ဈေးပါ"ဟု နန်းကင်ကျေးရွာမှ တောင်သူဦးအောင်မင်းကျော်က ပြောသည်။

အင်းတော်မြို့နယ် နန်းကင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျလုပ်ကိုင်ကာ သီးထပ်ဂေါ်ဖီထုပ် စိုက်ပျိုးခြင်းကြောင့် နေ့စဉ် ဝင်ငွေတိုးတက်လျက်ရှိကြောင်း သိရသည်။

သန်းမောင်လေး(ကချင်မြေ)

သတင်းတို

ကျေးရွာများ၏လိုအပ်ချက်များကွင်းဆင်းဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်းရှိ စကားကုန်းကျေးရွာ၊ သပြေပင်ကျေးရွာနှင့် ကျောက်ထုံးကြီးကျေးရွာများမှ ဒေသခံပြည်သူများအား တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဇန်နဝါရီ ၁၀ ရက်တွင် နယ်လှည့်ကွင်းဆင်းတွေ့ဆုံခဲ့ပြီး စာသင်ကျောင်းနှင့် ဆေးရုံများတည်ဆောက်နေမှု၊ သောက်သုံးရေလိုအပ်ချက်ဖြည့်ဆည်းရေးစသည်တို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။ **ရဲကို**

မြတ်ဆုမွန်တောင်း ဂုဏ်ပြုအပ်ပါသည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅)ဖြင့် သိရီသုဓမ္မမဏိဇောတဓရ (လူမှုထူးချွန်ဒုတိယဆင့်) ဦးကိုကိုအေး (အုပ်ချုပ်မှုဒါရိုက်တာ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်) ဗဟိုအလုပ်အမှုဆောင် မြန်မာ-ဂျပန်အသင်းအား ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အချိန်အခါသမယတွင် အဂ္ဂမဟာသိရီသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း မြတ်ဆုမွန်တောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဥက္ကဋ္ဌဦးစောလှမင်းနှင့်
ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ
မြန်မာ-ဂျပန်အသင်း

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MSESF)

ယခင်(Myan-SEA) ယခု မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်(MSESF)သင်တန်းခန်းမ၌ အောက်ပါသင်တန်းများ အပတ်စဉ် စဉ်ဆက်မပျက် ဖွင့်လှစ်သင်ကြားပေးပါသည်။

1. DSD (Officer)
2. DSD (Crew)
3. SSA

ဆက်သွယ်ရန်လိပ်စာ-အမှတ် ၄၃၊ မြေညီထပ်(ဝဲ)၊ သင်္ဘောကျင်းလမ်း၊ ဒေါပုံသင်္ဘောကျင်း၊ ဆက်သွယ်ရန် ဖုန်း-၀၁-၉၁၉၀၄၈၉၊ ၀၉-၇၃၀၉၈၉၄၂၊ ၀၉-၇၃၂၁၀၁၈၃၊ ၀၉-၄၂၀၂၈၇၄၀၄

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မြေ+၂ထပ်အိမ် ပေ(၂၀×၆၀) (အမည်ပေါက်) သာကေတ၊ (၅)ရပ်ကွက်၊ သုမနလမ်း၊ သိန်း၁၇၀၀။

တိုက်ခန်း(ပထမထပ်) (၁၃×၅၅)ပေ (တိုက်သစ်) သာကေတ၊ (၅)ရပ်ကွက်၊ သင်္ဂီလမ်း၊ သိန်း၄၂၀။

တိုက်ခန်း(ပထမထပ်) (၁၄×၅၄)ပေ (ကြိုပွိုင့်) သာကေတ၊ (၅)ရပ်ကွက်၊ သုမနလမ်း၊ သိန်း၃၅၀။

တိုက်ခန်း(ဒုတိယထပ်) (၁၄×၅၄)ပေ (ကြိုပွိုင့်) သာကေတ၊ (၅)ရပ်ကွက်၊ သုမနလမ်း၊ သိန်း၃၃၀။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၉၉၂၄၉၊ ၀၁-၅၅၃၁၇၈

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ စပါယ်ခြံအုတ်လမ်း၊ အမှတ် ၆၇ နေ ဒေါ်စိန်စိန် ၁၂/ဗဟန(နိုင်)၀၁၈၈၉၅ က ဦးခင်မောင်လှိုင် ၁၂/မရက(နိုင်)၀၆၁၀၉၅၊ ၂၅၊ ယိုးဒယားလမ်းသွယ်၊ ၉မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းနေသူအား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၅-၁၁-၂၀၀၈ ရက်စွဲပါ ကိုယ်စားလှယ်စာနံပါတ် ၁၂၂၆၃ ဖြင့် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ရုပ်သိမ်းလိုက်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စိန်စိန် ၁၂/ဗဟန(နိုင်)၀၁၈၈၉၅
အမှတ် ၆၇၊ စပါယ်ခြံအုတ်လမ်း၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ကြော်ငြာ

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

နိုင်ငံတော်နှင့်နိုင်ငံသားတို့၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ရန် အသက်ကိုပဓာနမထားဘဲ ရှုပ်ရှပ်ချွံချွံတာဝန်ထမ်းဆောင်ခဲ့သည့်အတွက် ၂၀၁၅ ခုနှစ်(၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှတပ်မတော်ဆိုင်ရာစွမ်းရည်ဘွဲ့တံဆိပ်ဖြစ်သော **သူရဘွဲ့ချီးမြှင့်ခံခဲ့ရသည့်** တပ်မတော်(လေ)မှပြန်တမ်းဝင်အမှတ် လေ-၂၂၇၅ **ဒုတိယဗိုလ်မှူးကြီးအောင်အောင်**(စစ်တက္ကသိုလ်အမှတ်စဉ်-၃၇)အတွက် အပတ်စဉ်တူသူငယ်ချင်းများက အထူးပင်ဂုဏ်ယူဝမ်းမြောက်လေးစားမိပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ်(၃၇)မှသူငယ်ချင်းများ

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀၊ ၇၃×၇၄လမ်း၊ ရွှေဝသုန်ခြံနေ ဦးကျော်ကျော်ဇင်၏ဇနီး **ဒေါ်ခင်ခင်ချောလွင်**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၅ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅)ဖြင့် **သုဓမ္မသီဂိဘွဲ့**တံဆိပ် အပ်နှင်းချီးမြှင့်ခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ သာသနာတော်အကျိုး၊ ကောင်းကျိုးအဖြာဖြာတို့ကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Diamond Palace ရတနာရောင်းဝယ်ရေးမိသားစု

ဦးသိန်းဇော်-ဒေါ်သူလဆီ

သမီး-မစံပယ်

သား-ကိုဇေတိုး-မမွန်မွန်ဝင်း

သမီး-မရူဗီ(Ruby)

၃၂×၃၃ လမ်းကြား၊ ၇၃×၇၄ လမ်းကြား၊ မောရဂီဝါရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး

ဟိုးဟိုးကျော်

ဒေါ်ဆန်းရွှေ

လတ်ဆတ်သည်

စားကောင်းသည်

ရနံ့မွှေးကြိုင်သည်

အိမ်အရောက်ပို့သည်

ဈေးနှုန်းအထူးသက်သာသည်

"စမ်းသပ်စားသုံးဖို့တော့လိုပါလိမ့်မည်"

Ph: 687155, 687659, 09 5173737, 684965 (Ext; 1143)

ရောင်းမည်/ငှားမည်

၁။ သံလွင်လမ်းRC(2) ထပ်(40'×100')အိပ်ခန်း(၄)ခန်း A/C(6)လုံး ကြိုးဖုန်း ရေပူရေအေး CCTV ရောင်း/ငှား

၂။ စမ်းချောင်းRC 2½ ထပ်(100'×100')အိပ်ခန်း(၄)ခန်း A/C(12)လုံး ကြိုးဖုန်းရေပူရေအေးCCTV ငှား

၃။ လမ်းမတော်(၃)လွှာ(12½x50)Hall AC(1) ကျွန်းပါကေး ရေပူရေအေး ပြင်ဆင်ပြီး ရောင်း

၄။ လမ်းမတော်(ပ)လွှာ Hall(25'x50)ရေပိုးစုံ ငှား

၅။ ဒဂုံဆိပ်ကမ်း(45'×60') မြေတပ်ပါမစ်မြေ ရောင်း

ဖုန်း – ၀၉ ၅၁၀၈၄၅၂ ၊ ၀၉ ၇၃၂၀၁၉၉၉

မဇ္ဈိမဒေသ၊ သာဝတ္ထိမြို့ မဟာသံဃိကဒါန ကျောင်းအလှူ နိုးဆော်ခြင်း

အိန္ဒိယနိုင်ငံ၊ သာဝတ္ထိမြို့ရှိမြတ်စွာဘုရားရှင် (၂၅)ဝါ သီတင်းသုံးတော်မူခဲ့သည့် မူလဂန္ဓကုဋိ (အဝိဇဟိတဌာန) နှင့် တာဝတိံသာနတ်ပြည်သို့ကြွလှမ်းတော်မူခဲ့သည့် သရက်ဖြူကုန်းအနီးတွင် မြန်မာနိုင်ငံမှ ပြည်ပသာသနာပြု ဆရာတော်ဘဒ္ဒန္တ ဒေါက်တာနရိန္ဒာဓိပတိ (မွှာစရိယ) သည် မြေတစ်ဧက ဝယ်ယူပြီးစီး၍ မဟာဇေယျာသုခ သုံးထပ်ကျောင်းတိုက်ကြီးအား ဆောက်လုပ်လျက်ရှိရာ (၈၀%) ပြီးစီး၍ အချောသတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ "ဝိဟာရဒါနံ သံဃဿအဂ္ဂံဗုဒ္ဓေနဝဏ္ဏိတံ" (ဝိဟာရဟူ ကျောင်းအလှူကို ဆုရှုဗုဒ္ဓ ချီးမွမ်းကြ၏)ဟူသော ဒေသနာတော်မြတ်နှင့်အညီ ဘုရားရှင်တိုင်းချီးမွမ်းအပ်သော မဟာသံဃိကဒါန ကျောင်းအလှူ ကုသိုလ်ထူးကြီးကို တစ်စတုရန်းပေလျှင်(၂၀,၀၀၀)ကျပ်နှုန်းဖြင့်ရုံးရိုန်အတွင်းအောက်ပါအတိုင်းဆက်သွယ်၍ရက်ရောကြည်ဖြူစွာကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါပြီ -

၁။ ဆရာတော်ဘဒ္ဒန္တဒေါက်တာနရိန္ဒာဓိပတိ၊ မဟာဇေယျာသုခကျောင်း၊ သာဝတ္ထိမြို့၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ။
ဖုန်း - ၀၀၉၁ - ၈၄၀၀ ၃၈၀ ၁၃၂၊ ၈၈၉၆ ၇၅၂၉၇၇၊ unarinda08@gmail.com

ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့များ

၂။	ဒေါ်တင်တင်ကြည်၊ ခင်နန္ဒာ၊ မရမ်းကုန်း။	၀၁ - ၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၃၇၇၆၁၅၊ ၆၅၇၇၉၄
၃။	ဒေါ်သီတာ၊ မဇ္ဈိမဂုဏ်၊ မင်္ဂလာတောင်ညွန့်။	၀၁ - ၂၉၆၄၄၆၊ ၀၉ - ၅၀၁၃၅၂၂
၄။	ဒေါ်မေသူမောင်၊ မေသူမောင်၊ ကမာရွတ်။	၀၉ - ၅၁၉၂၄၄၈၊ ၀၉ - ၇၃၂၄၁၆၈၇၊ ၀၉ - ၅၀၁၂၄၇၀
၅။	ဒေါ်ကြည်ကြည်မြင့်၊ ရွှေမဟာ၊ စမ်းချောင်း။	၀၁ - ၅၃၂၀၈၆၊ ၀၉ - ၅၁၁၃၄၀၄၄၊ ၀၉ - ၅၁၈၈၃၇၆
၆။	ဒေါ်နီနီဝင်း၊ ရွှေမို၊ တာမွေ။	၀၁ - ၅၄၆၈၂၀၊ ၀၉ - ၅၀၂၁၁၉၂
၇။	တိုးတိုးရတနာ၊ စမ်းချောင်း။	၀၁ - ၅၀၃၉၂၅၊ ၀၁ - ၅၂၇၅၃၉
၈။	ဒေါ်တင်မိုးအေး၊ ကျော်ကျော်ကားပစ္စည်းဆိုင်၊ ခင်နန္ဒာရုံးခွဲ(၁)၊ မန္တလေး။	၀၂ - ၅၁၅၄၀၅၀၊ ၀၉ - ၅၁၁၆၈၀၄

ရောင်းမည်

(25'x45') အကျယ်ရှိမြေပေါ် အပြည့်ဆောက်ထား ၊ လုံးချင်းအိမ်(ဒေါင့်ကွက်)၊ အောက်ကအုတ်စံ၊ အပေါ်ကပျဉ်ထောင်၊ အပေါ်ထပ် MBR-1, AIR-2 လုံး၊ ပန်ကာ - ၁လုံး၊ ဧည့်ခန်း၊ မီးဖိုခန်း၊ စတီးဝရန်တာကျယ်၊ အောက်ထပ် - ပန်ကာ(၆)လုံးတပ်ဆင်ပြီး၊ Hall ၊ ရေချိုးခန်း၊ သန့်စင်ခန်းပါ၊ 2' ပတ်လည်၊ ကြွေပြားခင်း၊ ကိုယ်ပိုင် မီတာ၊ ကိုယ်ပိုင်ရေစက်၊ မီးအားမြှင့်စက်မလို၊ ရုံးခန်း၊ ကုန်မျိုးစုံဆိုင်၊ စားသောက်ဆိုင်၊ လွှက်ရည်ဆိုင်၊ အလှပြင်ဆိုင် ဖွင့်ရန်ကောင်း၊ လှိုင်ဈေးကြီးရှေ့ တည့်တည့်ဖြစ်၍လူစည်ကား။ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ အကျိုးဆောင်များ မည်သူမဆို 2% ပေးမည်။

ဆက်သွယ်ရန်ဖုန်း - ၀၉ ၉၇၂၅၂၇၀၃၄

ဘွဲ့ရ အမျိုးသမီးဗိုလ်လောင်း
ဝင်ခွင့်သင်တန်း

ရာသက်ပန်မှတ်တိုင်အနီး၊ ၂/က၊ စံပြရပ်ကွက်၊ မင်္ဂလာဒုံ၊

Ph-09-254376272

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ဒေါ်လှလှဝေ(၁၂/ဥကမ(နိုင်)၁၅၄၁၄၆)က လက်ဝယ်ထားရှိ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော(၁၀)လမ်း၊ အမှတ် (၉၉)၊ အကျယ် အဝန်း (၁၀ပေ × ၆၀ပေ)ရှိမြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီတာအေး (LL.B, D.B.L, D.M.L) အထက်တန်းရှေ့နေ (စဉ်-၂၇၉၅၂)

အမှတ်(၈၃)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း – ၀၉ ၇၃၁၈၂၉၈၅

သက်ဆိုင်သူများနှင့်အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ်(၁၃၂)၊ ၄-လွှာ(ခေါင်းရင်း)နေ ဦးစိုးမြင့် (၁၂/စခန(နိုင်)၀၀၆၈၀၅)၏လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

မိသားစုစီမံမှုအရ ဒေါ်လှတင်နှင့်သားသမီးများဖြစ်သော ဦးစိုးမြင့်၊ ဒေါ်အေးအေးသန်း၊ ဦးတင်လှိုင်တို့ (၃)ဦးသည် အမှတ်(၁၃၂)၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်ဟုခေါ်တွင်သော (၈)ထပ်တိုက်၏ အခန်း(၈)ခန်းအား တစ်ဦးလျှင် (၂)ခန်းစီသဘောတူခွဲဝေထားပြီးဖြစ်ကြောင်း၊ ဆွေမျိုးရင်းချာအကြီးအကဲများအားလုံးနှင့် အသိသက်သေများသိရှိပြီးဖြစ်ပါသည်။ အဆိုပါအခွင့်အရေးအသီးသီးကိုဆန့်ကျင်၍ ဆောင်ရွက်စီမံမှုအရပ်ရပ်သည် တရားမဝင်ကြောင်းနှင့် မိခင်ဒေါ်လှတင်မှာ အသက်(၁၀၃)နှစ်ရှိ၍ ကျန်းမာရေးချို့ယွင်းလျက် ကောင်းမွန်စွာသတိရှိသူမဟုတ်သဖြင့် ဆောင်ရွက်စီမံမှုအရပ်ရပ်ကို ပြုလုပ်နိုင်သူမဟုတ်ကြောင်း အများသိရှိသည့်အပြင် အကြောင်းကြားစာပေးပို့ထားဖြစ်ထားပြီးလည်းဖြစ်ပါသည်။ ထို့ကြောင့် တရားမဝင်ဆောင်ရွက်စီမံမှုများအား မပြုလုပ်ရန်နှင့် ဆက်လက်ပြုလုပ်ပါက ဥပဒေနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်မိန်ဝင်း (စဉ်-၅၁၂၂)၊ ဒေါ်သိန်းသိန်း (စဉ်-၈၁၉၉)

တရားလွှတ်တော်ရှေ့နေများ

အမှတ်(၃၀)၊ ၅လွှာ၊ သာမုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ကြိုတင်မှာပါ

မှာသူများလို့ ရက်ချင်းမရောက်ရင်စိတ်မဆိုးကြပါနဲ့

095 095 095, ☎ 01-682944

ပေါ်ဆန်းမွှေးနှစ်အိတ်ဝယ်ရင် ကလေးTရှပ်တစ်ထည်ယူပါ။

စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

SKKL CAHMPTOM

ကြော်ငြာ

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက-၁၃/၀၉/၀၁၀

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)

သမိုင်းတံခွန် ဦးထွန်းနွယ်

ဦးစီးတည်ထောင်သော

ပညာနန်းတော်

အ.ထ.က

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ

နွေ နေ့ကျောင်းကြီး

မူလတန်း၊ အလယ်တန်း၊ အထက်တန်း

နွေအထူးကျောင်းချိန်-နံနက် ၈း၃၀ မှ ၁၁း၄၅ နာရီ

ကျောင်းဖွင့်ရက် တနင်္လာမှ သောကြာ - မတ် ၅ ရက်မှ မေ၃၁ အထိ (၃လအထူး)

ဖွံ့ဖြိုးရေး ကွန်ပျူတာ၊ ပန်းချီ၊ ကရာတေးဗို (စနေ၊ တနင်္ဂနွေ)

ပညာရည်ချွန်ဆု ကျောင်းအသီးသီးတွင် နဝမတန်းနှစ်ဝက်စာမေးပွဲ၌ အဆင့် ၁ မှ ၅ အထိ ရရှိခဲ့သူများအား အခမဲ့ ပညာသင်ကြားခွင့်ဆု ချီးမြှင့်ပါမည်။

ပုံမှန် နေ့ကျောင်းကြီးကို ဇွန် (၁)ရက်တွင် ဖွင့်ပါမည်။

အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

အကျင့်စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေးသည် ပထမ - ယနေ့ခေတ်လူငယ်များအတွက် အဓိကစိန်ခေါ်ချက် ဖြစ်သည်။ စာရိတ္တကောင်းမှ ပညာရေးကောင်းမည်။ တည်ထောင်သူ ဆရာကြီးများသည် မိမိတို့ကိုယ်တိုင်လည်း အကျင့်စာရိတ္တ မြင့်မားတည်ကြည်မှုကို တန်ဖိုးထားပြီး၊ တပည့်များကိုလည်း ကောင်းစွာ ဆုံးမလမ်းညွှန် လေ့ကျင့်ပေးပါသည်။

ပညာရည်ထူးချွန်ထက်မြက်ရေးသည် အဓိက - ပါမောက္ခကြီးများ၊ ရန်ကုန်မြို့တော်၏ နံပါတ်တစ် ကျူရှင်ဆရာကြီးများဖြင့် အခိုင်အမာဖွဲ့စည်းထားသည့် အကောင်းဆုံးပညာရေး အင်အားစုကြီးဖြစ်သည်။ နေ့ကျောင်းကြီးနှင့်တကွ ကျူရှင်ချိန်များတွင်ပါ ဤဆရာကြီးများသာ သင်ကြားကြသည်။ နေ့စဉ် သင်ကြားရေး၊ လေ့ကျင့်ရေးနှင့် စစ်ဆေးရေး တို့ကို စည်းကမ်းတကျ စီမံချက်ချ၍ဆောင်ရွက်သည်။ ထို့ကြောင့် နှစ်စဉ် အောင်ချက်ရာနှုန်းပြည့်နှင့် All-D များ၊ TOP TEN များ၊ ဂုဏ်ထူးရှင်များစွာ ထွက်ရှိခဲ့ပါသည်။

